ကလေးတို့အတွက်

ယဉ်ကျေးလိမ္မာ သုတဖြာဖြာ

# အိပ်ရာဝင်ပုံပြင်များ

နန္ဒာမိုးကြယ်



## ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်** - ၂၀၁၄ ခုနှစ်၊ မတ်လ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၃၀၀ ကျပ်

**အဖုံးနှင့်အတွင်းဒီဇိုင်း** - သန့်ဇော်သစ်

**အတွင်းဖလင်** - A-7Group ၅၅၊ ၃၈လမ်း(အောက်)

**စာအုပ်ချုပ်** - ပန်းဝေဝေ

**ထုတ်ဝေသူ** - ဦးခင်မောင်ဦး (မြ-၀၄၀၇၃
မြတ်ပန်းရဂုံစာပေ၊
၄၇၃(က)၊ နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်ကျော်ထူး
မြတ်ပန်းရဂုံပုံနှိပ်တိုက်
အမှတ် - ၁၇၊ ဂုန်ပြေ ၁၀လမ်း၊ ၃ရပ်ကွက်
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၇

နန္ဒာမိုးကြယ်
အိပ်ရာဝင်ပုံပြင်များ/ နန္ဒာမိုးကြယ်။ ရန်ကုန်၊
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၄။
၁၉၃ - စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။
(၁)အိပ်ရာဝင်ပုံပြင်များ

# အိပ်ရာဝင်ပုံပြင်များ

နန္ဒာမိုးကြယ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မောင်ခေတ်ထွန်း၏ အမှာစာ | |
| ၁။ | ချစ်သူငယ်ချင်း သူတော်ကောင်း | ၁ |
| ၂။ | တော်ဝင်တဲ့ ဗေဒင်ဆရာ | ၁၁ |
| ၃။ | အကြင်နှာ ရလဒ် | ၂၃ |
| ၄။ | ကိုယ်ကျွမ်းကျင်ရာ ကိုယ်လိမ္မာ | ၃၅ |
| ၅။ | ပညာမဲ့က အရှက်ရ | ၄၇ |
| ၆။ | ချစ်သမီးအလိမ္မာ မစန္ဒာ | ၅၉ |
| ၇။ | ပေးဝေသူနှင့် ဆက်ခံသူ | ၇၀ |
| ၈။ | သားလိမ္မာ ပညာရှိ | ၈၁ |
| ၉။ | ဇာတ်သိမ်းမလှတဲ့သူ | ၈၉ |
| ၁၀။ | အမှန်မြင်မှ အမြင်မှန်လိမ့်မည် | ၉၉ |
| ၁၁။ | ပန်းပဲဆရာလေး မောင်သံခဲ | ၁၀၉ |
| ၁၂။ | ဆရာကောင်းတို့ကျေးဇူး | ၁၁၉ |
| ၁၃။ | ပညာရှိ မင်းမဟော် | ၁၂၉ |
| ၁၄။ | ဖယ်ရှားအပ်သော မာနတရား | ၁၃၉ |
| ၁၅။ | ထိုက်ထိုက်တန်တန် ဖြတ်ထိုးဉာဏ် | ၁၅၁ |
| ၁၆။ | ဖုံးအုပ်မရသည့် အမှန်တရား | ၁၆၅ |
| ၁၇။ | နှလုံးမလှတဲ့ လူမိုက် | ၁၇၅ |
| ၁၈။ | ငနုံငအ | ၁၈၅ |

# မောင်ခေတ်ထွန်း၏ အမှာစာ

ဒဏ္ဍာရီပုံပြင်၊ သမိုင်းပုံပြင်၊ ရိုးရာပုံပြင်တွေဟာ လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ယဉ်ကျေးမှုအမွေအနှစ်များပဲဖြစ်ကြပါတယ်။ အဲဒီပုံပြင်တွေဟာ မျိုးနွယ်ဆက်လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တာ ကနေ့တိုင်ပါပဲ။

ပုံပြင်နဲ့ အကျွမ်းတဝင်အရှိဆုံးအရွယ်ဟာ ကလေးတွေပဲဖြစ်ကြပါတယ်။ ကလေးတွေဟာ ပုံပြင်ကို အလွန်နှစ်ခြိုက်သဘောကျကြပါတယ်။ ကလေးရဲ့စိတ်ပိုင်းဘာဝဖြူပြင်ရေးမှာ ပုံပြင်ဟာ အကောင်းဆုံးနည်းပါပဲ။ နိုင်ငံတကာပညာရေးနယ်ပယ်အသီးသီးမှာ ပုံပြင်တွေကို အဓိကထားကြပါတယ်။

မိဘတွေဟာ ကလေးတွေရဲ့အရင်းနှီးဆုံး၊ အထိတွေ့ဆုံးပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ မိဘရင်ခွင်မှရတဲ့အသိဉာဏ်နဲ့ အဆုံး

ကလေးစာပေကို ဝါယမစိုက် အားထုတ်ရေးသားနေကြသူတွေထဲမှာ ဆရာနန္ဒာမိုးကြယ်ဟာ ကလေးစာပေတွေကို စဉ်ဆက်မပြတ် ရေးအားကောင်းစွာနဲ့ ရေးသားနေသူတစ်ဦးလို့ ဆိုချင်ပါတယ်။ ကလေးများအတွက် ငါးရာ့ငါးဆယ်၊ ဗုဒ္ဓဝင် စတဲ့ ဘာသာရေးများကို ကလေးတို့နားလည်လွယ်တဲ့အရေးအသားနဲ့ တင်ဆက်နေသလို ကလေးတွေအတွက် ကဗျာ၊ သုတ၊ ရသများ အပြင် ပုံပြင်များကိုလည်း ကလေးစာစောင်၊ မဂ္ဂဇင်းတွေမှာ လစဉ်ရေးသားနေသူဖြစ်ပါတယ်။ စာစုံရေးနိုင်စွမ်းရှိသူလို့ ချီးကျူးခြင်းခံရသူဖြစ်ပါတယ်။

ယခု 'အိပ်ရာဝင်ပုံပြင်များ' စာအုပ်ဟာလည်း ကလေးစာပေ ထွန်းကားရေးအတွက် တစ်တပ်တစ်အား အားဖြည့်ပေးတဲ့ စာအုပ်ဆိုရင် မှားနိုင်မယ်မထင်ပါဘူး။ 'အိပ်ရာဝင်ပုံပြင်'တွေထဲမှာ စာရေးသူပေးချင်တဲ့ရည်ရွယ်ချက်တွေဖြစ်တဲ့ စိတ်ထားကောင်းဖို့၊ ဉာဏ်ကို သုံးတတ်ဖို့၊ ဖော်ရွေရည်မွန်ဖို့၊ သတ္တိစွမ်းရည်မွေးဖို့၊ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ဖို့၊ မေတ္တာတရားထားဖို့၊ အားနည်းသူကို ကူညီဖို့ စတာတွေပါရှိတာမို့ ကလေးတွေအတွက် ပုံပြင်စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း ကြေညာမောင်းခတ်လိုက်ရပါတယ်။

မောင်ခေတ်ထွန်း
(၁၅.၈.၂၀၁၃)

အမဟာ ကလေးတွေအတွက် အလွန်ပဲ အကျိုးသက်ရောက်မှု ရှိလှပါတယ်။ ပူကြီးမိဘတွေဟာ ကလေးတွေကို ပုံပြောပြပြီး မိမိတို့လိုရာကို တစ်စတစ်စပုံသွင်းနိုင်ပါတယ်။

ပုံပြင်တွေမှာ အများအားဖြင့် ဦးတည်ချက်ကောင်းမွန်တဲ့ လောကအမြင်များ ပါရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ပုံပြင်နားထောင်သူ၊ ဖတ်သူတွေကို အပျင်းပြေစေဖို့၊ ဗဟုသုတပွားများစေဖို့၊ သင်ခန်းစာရရှိစေဖို့၊ လိမ္မာယဉ်ကျေးစေဖို့၊ ကြည်နူးဖွယ်ဖြစ်စေဖို့ တစ်နည်းမဟုတ်တစ်နည်း ပါရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါ့အပြင် ပုံပြင်တွေမှာ အမျိုးသားဇာတိမာန်ထက်သန်စေပြီး အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစရိုက်လက္ခဏာတွေကိုလည်း တွေ့ရှိရပါတယ်။

ဒါကြောင့် ပုံပြင်တွေဟာ တော်ဖြောင့်တဲ့၊ ထက်မြက်စွမ်းရည်ရှိတဲ့၊ လောကကို အကျိုးပြုတဲ့ လူသားတွေဖြစ်ပေါ်ရေးကို အထောက်အကူပြုနေကြောင်း ထင်ရှားလှပါတယ်။

ကနေ့ကလေးစာပေမှာ ကလေးတွေအထူးစိတ်ဝင်စားဆုံးနှင့် အနှစ်သက်ဆုံးဖြစ်တဲ့ပုံပြင်တွေအများအပြားထွက်ရှိနေကြတာ ကလေးတွေအတွက် ကောင်းမြတ်တဲ့၊ အကျိုးရှိတဲ့ ကြိုဆိုရမယ့် လုပ်ငန်းပဲဖြစ်ပါတယ်။ ပုံပြင်တိုင်းဟာ ရည်ရွယ်ချက်တစ်ခုခု ရှိကြပြီး ကလေးတွေအတွက် ကောင်းမြတ်တဲ့စိတ်ထားတွေ မွေးမြူကြဖို့ ဆွဲဆောင်ရေးသားကြတာ တွေ့ရပါတယ်။

# ချစ်သူငယ်ချင်း သူတော်ကောင်း



# ချစ်သူငယ်ချင်း သူတော်ကောင်း

လက်ပံပင်တွေ အများအပြား စုစည်းပေါက်ရောက်လို့ 'လက်ပံစု' လို့ အမည်တွင်တဲ့ ရွာကလေးတစ်ရွာမှာ တစ်ဦးနဲ့တစ်ဦး အလွန်အမင်းချစ်ခင်ကြတဲ့ သူငယ်ချင်းနှစ်ယောက် ရှိပါတယ်။

သူတို့ရဲ့ နာမည်တွေက မောင်သီလနဲ့ မောင်စာဂတဲ့။ မောင်သီလဟာ နာမည်နဲ့လိုက်အောင် အကျင့်သီလဖြူစင်ပြီး သူတော်ကောင်းတရားကို အမြဲလိုမွေးမြူနေတဲ့သူပါ။ မောင်စာဂကတော့ သာမန်လူတစ်ယောက်ပါပဲ။ အကုသိုလ်အလုပ်တွေကြီးကြီးမားမားမလုပ်သလို ကုသိုလ်အလုပ်တွေကိုလည်း လုပ်ဖို့ရာ စိတ်ကူးမရှိပါဘူး။ အမူအကျင့်တွေက ဆန့်ကျင်ဘက်ဖြစ်နေ

ကြပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် မရှိအတူ ရှိအတူ ညီအစ်ကို ရင်းတမျှ သိပ်ချစ်ကြပါသတဲ့။

တစ်နေ့မှာတော့ သူတို့နှစ်ယောက်ဟာ ခရီးတစ်ခုထွက်ဖို့ရာ စီစဉ်ကြတယ်။ သွားရမယ့်ခရီးက ရေလမ်းခရီး။ ကုန်တင်လှေကြီးနဲ့ လိုက်သွားကြရမှာ။ လေဒဏ် လှိုင်းဒဏ် မုန်တိုင်းဒဏ်တွေ မကြာခဏကျရောက်လေ့ရှိတဲ့ ပင်လယ်ပြင်ထဲမှာပဲ တစ်ပတ်ကျော် ဆယ်ရက်လောက် ခရီးသွားရမှာ။

အဲသည်လို ခရီးလမ်းကြမ်းကို ဖြတ်သန်းရမယ်ဆိုတော့ မောင်စာဂရဲ့ မိဘတွေက စိုးရိမ်ပူပန်ကြတာပေါ့။ သည့်အတွက် မသွားဖို့ရာ တားမြစ်ကြပါတယ်။ မောင်စာဂကလည်း သူငယ်ချင်းကို သိပ်ချစ်တော့ ဘယ်လောက်တားတား လိုက်ကိုလိုက်မယ်လို့ ဆုံးဖြတ်ထားပြီးသားပါ။ သည်တော့ သူငယ်ချင်း မောင်သီလကို မိဘတွေအကူအညီပေးဖို့ အကူအညီတောင်းရတယ်။

"စိတ်ချပါဦးကြီးတို့ရယ်…မောင်စာဂအတွက် ကျွန်တော် အစစအရာရာတာဝန်ယူပါတယ်"

မောင်သီလကလည်း သူငယ်ချင်းအတွက် ဖေးမကူညီပြောဆိုတာကြောင့် မောင်စာဂရဲ့မိဘတွေလည်း ခွင့်ပြုလိုက်ရတော့တယ်။ ခွင့်မပြုလည်း မောင်စာဂက မဖြစ်ဖြစ်တဲ့နည်းနဲ့ လိုက်သွားမှာပဲ မဟုတ်လား။

"အင်း…မောင်သီလ တာဝန်ယူတယ်ဆိုလည်း ခေါ်သွားပေါ့ကွယ်။ လမ်းခရီးတစ်လျှောက်လုံး ကိစ္စအဝဝကို မောင်သီလပဲ တာဝန်ယူရမှာနော်"

"စိတ်ချပါဦးကြီးတို့ရယ်…ကျွန်တော့်သူငယ်ချင်းမောင်စာဂ မဲ့တစ်ပေါက်မှ မစွန်းစေရပါဘူးခင်ဗျာ"

သည်လိုနဲ့ပဲ ခရီးထွက်ကြတဲ့အခါ မောင်စာဂလည်း မောင်သီလနဲ့အတူ လိုက်ပါသွားခဲ့ပါတယ်။ လောကမှာ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရဲရင့်ပြတ်သားတဲ့သူဆိုတာ ကတိကစ်ခုကို အလွယ်တကူမပေးတတ်သလို ပေးပြီးသားကတိကိုလည်း လွယ်လွယ်ကလေးနဲ့ ဖျက်မပစ်တတ်ကြပါဘူး။

သူတို့သူငယ်ချင်းနှစ်ယောက်ဟာ ကုန်တင်လှေကြီးပေါ်မှာ ထိုင်ပြီး ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးကိုကြည့်လို့ ကြည်နူးပျော်ရွှင်နေကြတယ်။ ရာသီဥတုကလည်း သာတောင့်သာယာရှိလှတာမို့ တကယ်ကို ကြည်နူးစရာပါပဲ။ လေပြည်လေညင်းလေးတွေကလည်း တသွေးသွေးနဲ့။

တကယ်တော့ လေပြည်လေညင်းဆိုတာဟာ မုန်တိုင်းရဲ့ ရှေ့တော်ပြေးပါ။ ဒါကို ပင်လယ်အတွေ့အကြုံမရှိကြတဲ့ သူတို့နှစ်ဦးဟာ သတိမပြုမိခဲ့ကြဘူး။

တစ်နေ့ပြီး တစ်နေ့နဲ့ ခရီးထွက်လာခဲ့ကြတာ ငါးရက်ကျော်လို့ ခြောက်ရက်မြောက်တောင် ရောက်လာခဲ့ပါပြီ။ သူတို့သွားလိုတဲ့ဆီ ရောက်ဖို့တော့ လိုပါသေးတယ်။ အဲသည်လိုအချိန်မှာ ကြည်လင်နေတဲ့ ကောင်းကင်ဟာ မှိုင်းညို့ပြီး အရောင်ပြောင်း

လာခဲ့တယ်။ ကောင်းကင်မှာ လျှပ်မျှင်တွေ ရိုးခနဲ ရဲခနဲ လက်ရာကနေ မိုးကြိုးထစ်သံတွေ ပေါ်ထွက်လာခဲ့တယ်။ လေတွေ တဝူးဝူးတဝေါဝေါ တိုက်ခတ်လာပြီး လှိုင်းအိကလေးတွေကနေ ပြင်းထန်တဲ့ လှိုင်းရောကြီးတွေ ထလာပြီး ကုန်တင်လှေကြီးကို ဆွဲခါနေတော့တယ်။ မုန်တိုင်းဟာ အတောမသတ်တော့ပါဘူး။ ပြင်းထန်လွန်းမက ပြင်းထန်ပြီး မိုးသီးမိုးပေါက်တွေကလည်း တဖြောင်းဖြောင်းနဲ့ဆိုတော့ သိပ်မကြာပါဘူး။ မောင်သီလတို့ လိုက်ပါတဲ့ ကုန်တင်လှေကြီးဟာ ထက်ခြမ်းကွဲပြီး ပင်လယ်ထဲကို စုံးစုံးမြုပ်ပါတော့တယ်။

လှေကြီးပေါ်မှာပါလာတဲ့ လူတွေအားလုံးလည်း ပင်လယ်ထဲမှာ ကယ်ပါ ယူပါ တစာစာနဲ့ သွေးပျက်လုခမန်း ဖြစ်နေကြပါပြီ။

"ဟော့…မောင်စာဂ၊ အဲသည်ပျဉ်ပြားလေးကို ဖက်တွယ်ထား။ ဘယ်နည်းနဲ့မျှ မလွှတ်လိုက်နဲ့"

သူတို့နှစ်ယောက်ဟာ ကံကောင်းထောက်မစွာနဲ့ ပျဉ်တစ်ချပ်စီကို ဖက်တွယ်ရင်း ပင်လယ်ပြင်ထဲမှာ မျောနေကြတယ်။ တခြားသူတွေရဲ့ ကံကြမ္မာကတော့ တကယ့်ကို ဆိုးဆိုးရွားရွားပါပဲ။ ပင်လယ်ထဲ မြုပ်သွားကြတဲ့သူတွေ၊ ငါးမန်းစာမိသွားကြတဲ့သူတွေနဲ့ တကယ့်ကို ကမ္ဘာပျက်လုမတတ်ပါပဲ။

ကံအားလျော်စွာလို့ပဲ ပြောရမှာပါ။ မောင်သီလနဲ့မောင်စာဂဟာ ကျွန်းတစ်ကျွန်းဆီကို အသက်ခန္ဓာမြဲမြဲစွာနဲ့ ရောက်ရှိသွား

ခဲ့ကြပါတယ်။ အဲသည်ကျွန်းကလေးမှာတော့ သက်ရှိလူသားဆို လို့ သူတို့နှစ်ယောက်ပဲ ရှိကြပါတော့တယ်။

"မောင်သီလရေ…ဒီကျွန်းမှာ အသက်ဆက်ဖို့အတွက် အစားအစာလိုတယ်။ သည်တော့ ငှက်ပစ်တာတို့ ငါးဖမ်းတာတို့ လုပ်ပြီး မင်းကို ရှာကျွေးမယ်"

"မလုပ်ပါနဲ့ကွာ…ဒါတွေ ငါမစားချင်ပါဘူး။ အုန်းသီးစား၊ အုန်းရည်သောက် ရတဲ့သစ်သီးရှာပြီး အသက်ဆက်ပါ့မယ်"

"ဒါဆိုလည်း ပြီးရောကွာ။ ငါကတော့ အသားငါးမစားရရင် အာသာမပြေတတ်လို့ ငှက်တွေလိုက်ပစ်မှာပဲ။ ငါးတွေ လိုက်ထိုးမှာပဲ"

မောင်သီလလည်း ဘယ်လိုမှ မပြောသာလို့ ဥပေက္ခာပြု လိုက်ရတယ်။ သူကိုယ်တိုင်ကတော့ သူ့စကားနဲ့အညီ ရလာတဲ့ အသီးအနှံတွေနဲ့ ဝမ်းမီးကို ငြိမ်းစေခဲ့ပါတယ်။ ဒါဟာ သူတော်ကောင်းတို့ရဲ့ အကျင့်စရိုက်လက္ခဏာပါ။ ဘယ်လောက်ပဲ ဆင်းရဲဒုက္ခရောက်နေပါစေ အပြစ်မကင်းတဲ့အစားအသောက်ကို မစားပါဘူး။ အကုသိုလ်နွယ်တဲ့အလုပ်ကို မလုပ်ပါဘူး။ ပြီးတော့…

'ဟောဒီ လူသူမနေတဲ့ကျွန်းမှာ ရတနာသုံးပါးကလွဲလို့ တခြားအားကိုးစရာ ငါ့မှာ မရှိဘူး'

လို့ စဉ်းစားမိပြီး တရားတော်တွေကိုပဲ နှလုံးသွင်းနေပါတော့တယ်။ အဲသည်မှာ အဆိုးထဲက အကောင်းဆိုတာ ပေါ်လာခဲ့ပါပြီ။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ သီလဖြူစင်မှုအပေါ် ကျွန်း

ကို အစိုးရတဲ့နဂါးမင်းဟာ အကြည်ညိုကြီး ကြည်ညိုသွားပြီး မောင်သီလကို ကယ်တင်ရအောင် သူ့ကိုယ်သူ သင်္ဘောတစ်စီး အဖြစ် ဖန်ဆင်းလိုက်ပါသတဲ့။ ပင်လယ်ကို စောင့်ရတဲ့ နတ်မင်း ကလည်း သင်္ဘောသူကြီးအယောင်ဆောင်ပြီး သင်္ဘောပေါ်ကို ရွှေငွေရတနာတွေ အပြည့်တင်လို့ ကျွန်းအပါးကို ဆိုက်ကပ်လိုက် တယ်။ မောင်သီလနဲ့ မောင်စာဂလည်း အထူးအဆန်းဖြစ်လို့ပေါ့။ အဲသည်အချိန်မှာ သင်္ဘောသူကြီးက…



"ဇမ္ဗူဒိတ်ကို သွားချင်တဲ့သူတွေ ရှိပါသလား"

အဲသည်လိုအော်ဟစ်မေးမြန်းလိုက်တော့ မောင်သီလက··

"ကျွန်တော်တို့ လိုက်ခွင့်ရရင် လိုက်ချင်ပါတယ်"

လို့ ဖြေလိုက်တယ်။ သင်္ဘောသူကြီးက ခွင့်ပြုတော့ မောင်သီလက အရင်တက်ပြီး သူငယ်ချင်းမောင်စာဂကို ဆွဲခေါ်လိုက်တယ်။ အဲသည်အခါ သင်္ဘောသူကြီးက မောင်စာဂကို စေ့စေ့ကြည့်ပြီး···

"သည်သင်္ဘောဟာ အဲသည်လူနဲ့ မထိုက်တန်လို့ သူ့ကို သင်္ဘောပေါ်တက်ခွင့်မပြုနိုင်ဘူး"

လို့ တားမြစ်လိုက်တယ်။ သည်တော့ မောင်သီလက···

"ဘာဖြစ်လို့များ ကျွန်တော့်သူငယ်ချင်းကို လိုက်ပါခွင့်မပြုတာတဲ့လဲခင်ဗျာ"

"ဘာဖြစ်လို့လဲဆိုတော့ အဲသည်လူဟာ သီလဂုဏ်နဲ့ မထိုက်တန်ဘူး။ ကိုယ်ကျင့်တရားလည်း မကောင်းဘူး။ ဒါကြောင့် အကုသိုလ်များတဲ့သူ့အတွက် ငါ့သင်္ဘောမှာ လိုက်ပါခွင့် မရှိဘူး"

သင်္ဘောသူကြီးရဲ့ စကားကြောင့် မောင်စာဂခမျာ ပြုံးပျက်မယ့် မိုးအာကာပြင်အလား မျက်နှာပြင်တစ်ခွင်လုံး ညှိုးမည်းသွားတော့တယ်။ သည့်အတွက် မောင်သီလက···

"သင်္ဘောသူကြီးပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ပေးလှူထားတဲ့အလှူ၊ ကျွန်တော်စောင့်ထိန်းထားတဲ့ သီလ၊ ကျွန်တော်ပွားများထားတဲ့ ဘာဝနာတွေ

အတွက် ကျွန်တော့် သူငယ်ချင်းကို အမျှပေးဝေပါတယ်။
ကိုင်း…သူငယ်ချင်းရေ အမျှ…အမျှ…အမျှ"
"သာဓု…သာဓု…သာဓုပါ သူငယ်ချင်း"

မောင်စာဂက အားရဝမ်းသာသာဓုခေါ်လိုက်တယ်။ သည့်အတွက် မောင်စာဂခမျာ ကုသိုလ်အဖို့ဘာဂကို ရရှိသွားလို့ အဲဒီကုသိုလ်ကြောင့်မဲ့ သင်္ဘောသူကြီးလည်း မောင်စာဂကို မောင်သီလနဲ့အတူ သင်္ဘောပေါ်ကို လိုက်ပါခွင့်ပေးခဲ့ပါသတဲ့။

"မင်း သိပ်ကံကောင်းတယ်။ တကယ်လို့ မင်းရဲ့သူငယ်ချင်း သူတော်ကောင်းနဲ့ မပေါင်းဖော်မိခဲ့ရင် မင်းတော့ ဒီကျွန်းပေါ်မှာ တစ်သက်လုံး နေခဲ့ရမှာ သိရဲ့လား"

"ဟုတ်…ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ကျွန်တော် အသိတရားရပါပြီ။ သည်ကနေ့က စလို့ အကုသိုလ်မှန်သမျှ ရှောင်ရှားပါတော့မယ်"

မောင်စာဂရဲ့ တည်ကြည်တဲ့ ကတိပေးစကားကြောင့် သင်္ဘောသူကြီးဟာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး သူတို့နှစ်ဦးကို သူတို့ဒေသအနီးကို ပို့ပေးလိုက်ပါတယ်။

မောင်သီလနဲ့ မောင်စာဂတို့လည်း ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်ကြတဲ့အခါ ရရှိလိုက်တဲ့ရတနာဥစ္စာတွေကို အညီအမျှခွဲဝေယူကြပြီး အလှူအတန်းတွေ ပြုကြပါတယ်။ ကျောင်းကန်ဇရပ်တွေ ဆောက်လုပ်လို့ ကုသိုလ်တွေ ယူကြတယ်။

"သူငယ်ချင်း မောင်သီလရယ်...မင်းဟာ ငါ့ဘဝကို ပြုပြင်ပြောင်းလဲစေပြီး ကောင်းတဲ့လမ်းကြောင်းပေါ် တွန်းတင်ပေးခဲ့တဲ့ တကယ့်သူငယ်ချင်းကောင်းပါကွာ"

မောင်စာဂရဲ့ ရင်ထဲက လှိုက်လှိုက်လှဲလှဲထွက်ပေါ်လာတဲ့ စကားတွေကြောင့် မောင်သီလလည်း ကြည်နူးဝမ်းမြောက်သွားပါတယ်။ သည့်လိုနဲ့ပဲ သူငယ်ချင်းနှစ်ယောက်ဟာ အလှူရေစက်လက်နဲ့မကွာဆိုသလို ရပ်ရွာကောင်းကျိုးအတွက် သယ်ပိုးထမ်းဆောင်ရင်း အသက်ထက်ဆုံးပျော်ရွှင်စွာ နေထိုင်သွားကြပါသတဲ့ ကွယ်။

❈ ❖ ❈




တော်ဝင်ဗေဒင်ဆရာ

# တော်ဝင်တဲ့ ဗေဒင်ဆရာ

ဟိုး…တစ်ခါတုန်းက မြို့ကြီးတစ်မြို့မှာ ရုပ်တကာလှည့်ပြီး အိုးတွေထမ်းရောင်းတဲ့ ကိုဝေဒဆိုသူ ရှိလေရဲ့။ သူ့ရဲ့ဇနီးဟာ အင်မတန်ချော အင်မတန်လှတာနဲ့အမျှ ချမ်းသာသူတွေနဲ့တွေ့ရင် အင်မတန်မှ အားကျနေတတ်တယ်ဆိုပဲ။

တစ်နေ့တော့ ကိုဝေဒရဲ့ဇနီးသည် ခင်စောဟာ အဖော်ကောင်းတာနဲ့ နာမည်ကျော်ဗေဒင်ဆရာတစ်ဦးအိမ်ကို ရောက်သွားခဲ့ပါသတဲ့။ ဗေဒင်ဆရာဆိုပေမဲ့ သာမန်လို့တော့ လျှော့မတွက်လေနဲ့။ သူနေဖို့ဆောက်ထားတဲ့ အိမ်ဂေဟာဆိုတာ ကြီးကလည်းကြီး၊ ခိုင်ကလည်း ခိုင်၊ ခန့်ကလည်းခန့် အင်မတန့် အင်မတန်အိမ် ဂေဟာကြီးပေပဲ။ ဗေဒင်ဆရာဆိုသူကလည်း ကြော့လို့

မော့လို့။ အထူးသဖြင့် ဗေဒင်ဆရာဘေးမှာ လိုအပ်တဲ့ကိစ္စတွေမှာ အကူ အညီပေးဖို့ ထိုင်နေတဲ့ ဗေဒင်ဆရာကတော်ဆိုတာကတော့ ပြောမဆုံးပေါင် တော်သုံးထောင်ဆိုသလိုပဲပေါ့။ ဘာဖြစ်လို့လဲ ဆိုတာတော့ ဝတ်စားထားတဲ့ ကျောက်မျက်ရတနာ ရွှေထည် ပစ္စည်းဆိုတာ အိလို့။ သည်တော့ကာ ခင်စောရဲ့စိတ်ထဲ သူ့ ယောကျ်ား ကိုဝေဒကို ဗေဒင်ဆရာနဲ့ နှိုင်းပြီး မကျေမနပ်ဖြစ်လာ တယ်။ အိမ်ပြန်ရောက်တော့ စိတ်အလိုဆန္ဒတွေကို မဖုံးအုပ်နိုင် တော့ဘဲ..

"သည်မယ် ကိုဝေဒ...ရှင်ဟာ ဘာကြောင့်များ ဆင်းရဲ မွဲတေတဲ့ အိုးသည်ဖြစ်နေရတာလဲ"

လို့ ဆောင့်ကြီးအောင့်ကြီးနဲ့ ရန်တွေ့ပါတော့တယ်။ သည် တော့ ကိုဝေဒလည်း သူသိပ်ချစ်ရတဲ့ ဇနီးချောကို လေပြည်ထိုး ရှာပါသတဲ့။

"ဒါကတော့ ခင်စောရယ်...ကိုဝေဒမှ ဗေဒင်ပညာ မတတ်တဲ့ဥစ္စာ။ ဘယ်လိုလုပ်ပြီး ဗေဒင်ဆရာဖြစ်နိုင် မတဲ့တုံး။ ကိုဝေဒတတ်ကျွမ်းနားလည်တာက ဘယ်ဟာက အိုးကောင်း၊ ဘယ်ဟာက အိုးညံ့၊ ဘယ်အိုးဟာ ဘယ် လောက်ပဲတန်တယ်လို့ သိတာလေ"

"အို...မရဘူး။ ရှင် ဗေဒင်ဆရာ မဖြစ်ဖြစ်အောင် လုပ်ရ မယ်။ ကျွန်မအနေနဲ့ သေတစ်ပန်သက်တစ်ဆုံး အိုးသည် မယား အဖြစ်မခံနိုင်ဘူး။ ဒါဆို...ကျွန်မကို သဘော ပေါက်လိုက်ပါ ကိုဝေဒ"

"ဟူး…ခက်တော့တာပါပဲ"

ကိုဝေဒလည်း အတော်ကလေးကို စိတ်အိုက်သွားတာပေါ့။ ဘယ်လိုဆုံးဖြတ်ချက်ချရင် ကောင်းမလဲလို့ ဟိုတွေးသည်တွေး နဲ့ အတွေးတွေ ယောက်ယက်ခတ်ရင်း နောက်ဆုံးမတော့ ဇနီး ချောကလေး ခင်စောကို လက်လွှတ်မခံနိုင်တာနဲ့ အိုးရောင်းအိုး ဝယ်လုပ်ငန်းကို စွန့်လွှတ်လိုက်ပါတော့တယ်။ စွန့်လွှတ်ပြီးတဲ့ အခါ ခင်စောဝယ်ပေးတဲ့ ကျောက်သင်ပုန်း ကျောက်တံတို့နဲ့ လူစည်ကားရာ လမ်းမကြီးတစ်နေရာက သစ်ပင်ကြီးတစ်ပင် အောက်မှာ…

'စိတ်ကို စိတ်ဖြင့်ဟောမည်'

အကြားအမြင် ဆရာကြီးဝေဒ

ဆိုတဲ့ ဆိုင်းဘုတ်ထောင်ပြီး ဗေဒင်လာမေးမယ့်သူကို စောင့်ဆိုင်းနေပါတော့တယ်။

အဲသည်မှာ ကံအားသင့်လို့လား မပြောတတ်ဘူး။ မြို့စား ကြီးရဲ့ သမီးချော်လေးဟာ ရုံရွှေတော်တွေခြဲရုံပြီး ကိုဝေဒ ဗေဒင် ဟောမယ့်နေရာနဲ့ မနီးမဝေးမှာရှိတဲ့ 'မင်္ဂလာရေကန်တော်'ဆီကို ရေကစားဖို့အတွက် လာခဲ့ပါသတဲ့။ မြို့စားကြီးရဲ့ သမီးတော်ဟာ သူ့ခေါင်းမှာထိုးထားတဲ့ စိန်ဆံထိုးနဲ့ ရွှေဘယက်ကို သိမ်းဆည်း ထားဖို့ရာ ရုံရွှေတော်မတစ်ဦးကို အပ်နှံလိုက်ပါတယ်။ သည်တော့ ရုံရွှေတော်မလည်း ရတနာပစ္စည်းထုပ်ဖို့ရာ အဝတ်မပါတာနဲ့ သူခြုံ လာတဲ့ အနက်ရောင်အစတစ်စကို လာဘ်တစ်ထွာကျော်လောက်

ဖြဲဆုတ်ပြီး ထုပ်လိုက်တယ်။ ပြီးတော့ အုတ်နံရံရဲ့ အပေါက်တစ်ခုထဲကို ထည့်ထားလိုက်ပြီး သမီးတော်နဲ့ အတူ ရေကစားပါတော့တယ်။

သမီးတော်လည်း အတန်ကြာ ရေကစားပြီးတဲ့အခါ ကန်တော်ပေါ်ကို ပြန်တက်ခဲ့ပါတယ်။ သမီးတော်အဝတ်အစားလဲနေတုန်း ရံရွှေတော်မလည်း ရတနာပစ္စည်းတွေ ပြန်ပေးရမှာ သတိရလိုက်ပါတယ်။ ပြန်ပေးဖို့ရာ သတိရပေမဲ့ ရုတ်တရက် ဘယ်နေရာမှာ သိမ်းလိုက်တယ်ဆိုတာ မေ့နေလို့ ဦးခေါင်းတစ်ခုလုံး ပူထူသွားတော့သတဲ့။ အထိတ်တလန့်နဲ့ နေရာအနှံ့ရှာဖွေပေမဲ့လည်း ပစ္စည်းက ပြန်မတွေ့ဘူး။

"ငါဘာလုပ်ရမလဲ…ငါဘာလုပ်ရမလဲ။ ရတနာပစ္စည်းတွေ ပြန်မပေးလို့ကတော့ ငါ့ကို သူခိုးမဆိုပြီး ကြီးလေးတဲ့ အပြစ်ပေးမှာ သေချာတယ်။ အဲ··အဲ··လမ်းမှာ တွေ့ခဲ့တာ ဘာပါလိမ့်။ ဟုတ်ပြီ…ဟုတ်ပြီ··အကြားအမြင်ရ ဆရာကြီးကိုဝေဒတဲ့။ ငါ သူ့ဆီ သွားရမယ်"

ဒါနဲ့ပဲ ရံရွှေတော်မလည်း ကိုဝေဒရှိရာ အပြေးအလွှားသွားရောက်လို့ သူတွေ့ကြုံနေရတဲ့ အခက်အခဲကို ငိုယိုပြောဆို အကူအညီတောင်းပါတော့တယ်။

ကိုဝေဒလည်း အကျိုးအကြောင်းသိရတော့ တွေခနဲဖြစ်သွားတယ်။ တကယ်တော့ သူ့အဖြစ်က မိန်းမကို လက်လွှတ်မခံနိုင်လို့သာ သညီအလုပ်ကို လုပ်နေတာ။ ဘယ်လိုလုပ် အကြားအမြင်ရပြီး ဟောနိုင်မှာတဲ့လဲ။ သည်အချိန်မှာပဲ ရံရွှေတော်မ

ဟာ ပဝါကို ဖြန့်ပြီး မျက်ရည်တွေ သုတ်နေတယ်။ ဒါကိုကြည့်နေရင်းကနေ ကိုဝေဒဟာ စုတ်နေတဲ့ပဝါစကို သတိထားလိုက်မိတယ်။ ဒါနဲ့ပဲ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုတဲ့အတိုင်း…

"အဝတ်နက်စတစ်ခုထဲမှာ ရတနာပစ္စည်းတွေ ရှိနေမှာပေါ့"

လို့ ပြောလိုက်တော့ ရုံရွှေတော်မလည်း သတိရသွားပြီး သူဝှက်ထားတဲ့နံရံအပေါက်ဆီ ပြန်ပြေးရင်း…ရတနာပစ္စည်းထုပ်ကို ရယူနိုင်ခဲ့ပါတယ်။ သည့်နောက် သမီးတော်ကို အကျိုးအကြောင်းပြောဆို လျှောက်ထားပြီး ရတနာပစ္စည်းအစုံအလင်ပြန်ပေးတဲ့အခါ…

"သည်အကြားအမြင် ဗေဒင်ဆရာကို ဆုလာဘ်ကောင်းကောင်းပေးရမယ်"

ဆိုပြီး ကိုဝေဒကို အသပြာတွေ ချီးမြှင့်ပါသတဲ့။

သည်သတင်းက ခဏချင်းဆိုသလို မြို့တစ်မြို့လုံး ပျံ့နှံ့သွားတော့တယ်။ ငွေအသပြာတွေကို တွေ့မြင်လက်ခံလိုက်ရတဲ့ ခင်စောခမျာတော့ ဆွေ့ဆွေ့ခုန်လို့ပေါ့။

"ကိုင်း…ရှင့်ကို ကျွန်မ အစက မပြောဘူးလား။ ဘာမှ အဖြစ်မရှိတဲ့ အိုးသည်အလုပ်ကို လုပ်မနေပါနဲ့တော့လို့။ ခုဆို ဘယ်လောက်အဆင်ပြေလိုက်သလဲ။ မကြာခင် ကျွန်မတို့ အိမ်ကောင်းကောင်းနဲ့ နေရတော့မယ်။ ရွှေတွဲလဲ ငွေတွဲလဲဖြစ်တော့မယ်…ဟီဟိ…"



ဇနီးသည့် ပျော်မြူးတက်ကြွနေသလောက် သက်ပြင်းတွေ တဟင်းဟင်းချရင်း ရှေ့ဆက် ဘာတွေဖြစ်လာဦးမလဲလို့ အပူသောကရောက်နေရသူကတော့ ကိုဝေဒမှ ကိုဝေဒအစစ်ပါပဲ။

သိပ်မကြာပါဘူး။ ကိုဝေဒအတွက် စိုးရိမ်ထိတ်လန့်စရာ သတင်းတစ်ခု ပေါ်ထွက်လာပါတော့တယ်။ အဲဒီသတင်းကတော့ ဘုရင်ကြီးရဲ့ ဘဏ္ဍာတော်တိုက်က နန်းစဥ်ရတနာပျောက်ဆုံးသွားတဲ့အတွက်ပါပဲ။ သည့်အတွက် ဖင်းချင်းတို့လည်း မြို့ရွာအသီးသီးကို လှည့်ပြီး မောင်းကြေးနင်းခတ်ရတာပဲပေါ့။

"နန်းစဉ်ရတနာပြန်ရအောင် ဖော်ထုတ်ပေးနိုင်သူကို ထိုက်တန်ကြီးမားလှစွာသော ဆုလာဘ်တော်များ ချီးမြှင့်မည်"

ဒါကို မြို့စားကြီးကြားသိရတော့ ဘုရင်ကြီးထံမှောက် အရောက်သွားရင်း သူတို့မြို့မှာ အင်မတန်ပညာကြီးမားတဲ့ ဗေဒင်ဆရာ မောင်ဝေဒဆိုတာ ရှိတဲ့အကြောင်း၊ မင်းကြီးရဲ့ သမီးတော် ပျောက်ဆုံးတဲ့ရတနာတွေကို အကြားအမြင်ပညာနဲ့ ဖော်ထုတ်ပေးနိုင်ခဲ့တဲ့အကြောင်း ဖလျှောက်ထားလေတော့ ဘုရင်ကြီးလည်း မောင်ဝေဒကို ရှေ့တော်သွင်းစေသတဲ့။

"အရှင်မင်းကြီး…အရှင်မင်းကြီးရဲ့ နန်းစဉ်ရတနာပစ္စည်းတွေကို ပြန်လည်ဖော်ထုတ်ပေးနိုင်ဖို့ အချိန် ၁၀ ရက်ပေးတော်မူပါ"

လို့ လျှောက်ထားပြီး စိတ်လက်မချမ်းသာစွာနဲ့ အိမ်ကို ပြန်ခဲ့ပါသတဲ့။

"အစောရေ…ခုမှ တကယ့်ပြဿနာပဲ။ မင်းကြီးရဲ့ နန်းစဉ်ရတနာတွေပြန်ရအောင် ဖော်ထုတ်ပေးဖို့ရာအတွက် အချိန် ၁၀ ရက် ခွင့်ပန်ခဲ့တယ်။ ၁၀ ရက်ပြည့်လို့မှ မရရင် ငါတော့ ကြီးလေးတဲ့အပြစ်ဒဏ်ခံရဖို့ရှိတယ်။ သေဒဏ်တောင် အပေးခံရနိုင်ဖွယ်ရှိတယ်"

"ဒုက္ခပါပဲနော်။ ကျွန်မကြောင့် ရှင်တော့ ဒုက္ခဖြစ်တော့မယ်။ ကျွန်မ မဆင်မခြင်ဘဲ အလိုရမ္မက်ကြီးမိလို့ ဒီလိုဖြစ်ရတာ။ ကျွန်မလည်း စိတ်မကောင်းပါဘူး"

"ကဲကွယ်…ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့။ သည်တော့ကွာ ခုပဲ အိုးတစ်လုံးထဲကို ထန်းလျက် ၁၀ ခဲ ထည့်လိုက်ပါ။ ငါ့ကို တစ်နေ့တစ်လုံးပေး။ ဒါဆို တစ်လုံးစားပြီးတိုင်း ဘယ်လောက်ကျန်သေးတယ်ဆိုတာ တွက်လို့ရမယ်"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

အကြောင်းတိုက်ဆိုင်လို့လား မသိဘူး။ ဘုရင့်နန်းစဉ် ရတနာတွေကို ခိုးသူအရေအတွက်ဟာ စုစုပေါင်း ၁၀ ယောက် တိတိတဲ့။ အဲသည်မှာ ခေါင်းဆောင်လုပ်သူက သူကိုယ်တိုင့်အပါ အဝင် အရပ် ၁၀ မျက်နှာကို တစ်ယောက်စီ စေလွှတ်ပြီး ဗေဒင်ဆရာ ဘာတွေဟောသလဲဆိုတာကို စုံစမ်းခိုင်းသတဲ့။ သည်တော့ သူခိုးတစ်ယောက်လည်း ပထမနေ့ညဘက်မှာ သတင်း စုံစမ်းဖို့ အကြားအမြင်ပညာရှင် ကိုဝေဒအိမ်ကို ကပ်တော့တယ်။ ကိုဓေဒလည်း ညအမှောင်ပျိုးလို့ ထမင်းစားသောက်ပြီးတဲ့အခါ ဇနီးသည်ခင်စောက မှာထားတဲ့အတိုင်း ကိုဝေဒလက်ထဲကို ထန်း လျက်တစ်ခဲ ထည့်လိုက်တယ်။ သည်တော့ ကိုဝေဒက…

"ဒါဟာ (၁၀)ထဲက (၁) ဟေ့။ (၁) (၁)"

လို့ ရေရွတ်တော့ ပုန်းနေတဲ့သူခိုးလည်း သူ့ကိုရည်ညွှန်း ပြောဆိုတာလို့ ထင်မှတ်သွားပြီး ခေါင်းဆောင်ဆီရောက်တော့…

"ဆရာကြီး ဗေဒင်ဆရာကိုဝေဒဟာ တကယ်အကြား အမြင်ရထားတယ်ဆိုတာအမှန်ပဲ။ ကျွန်တော်တို့အဖွဲ့ (၁၀)

ယောက် ရှိနေတာကို သိနေတယ်။ ကျွန်တော်လာတာကို ရိပ်မိလို့ (၁၀)ထဲက (၁)လို့တောင် ပြောလိုက်သေး”

လို့ ပြောပြတယ်။ ခေါင်းဆောင်လည်း နောက်နေ့ရောက်တော့ သူ့လူနှစ်ယောက်ကို စေလွှတ်ပြန်တယ်။ သည်အခါ ကိုဝေဒလည်း ဖနီးသည်ပေးတဲ့ ထန်းလျက်တစ်ခဲကို လှမ်းယူရင်း…

“ဟော့…ခုတစ်ခါ (၁၀)ထဲက (၂)ဟော့…(၂) (၂)”

လို့ ရေရွတ်လိုက်တော့ အဲသည်နှစ်ယောက်လည်း ခေါင်းဆောင်ကို တကယ်မှန်တဲ့အကြောင်း ပြောပြတာပေါ့။ ခေါင်းဆောင်လည်း စဉ်းစားရပါပြီ။ သုံးယောက်၊ လေးယောက် စသဖြင့် လွှတ်လိုက်တာ ကိုးယောက်တိတိဖြစ်တဲ့အထိ အမှန်ကြီး မှန်နေတဲ့အခါ…

“သည်ကနေ့ဟာ ဆယ်ယောက်မြည့်တဲ့နေ့ပဲ။ ငါကိုယ်တိုင်သွားမယ်”

လို့ ဆုံးဖြတ်ချက်ချပြီး သူကိုယ်တိုင်သွားရောက်စုံစမ်းပါတော့တယ်။ သူရောက်သွားပြီး မကြာခင်မှာပဲ ကိုဝေဒဟာ ဖနီးသည်ဆီက နောက်ဆုံးထန်းလျက်ခဲကို လှမ်းယူရင်း…

“မိန်းမရေ…ဒါနောက်ဆုံးပဲဟာ။ တစ်ဆယ်တိတိပြည့်ပြီ။ နောက်ထပ်မရှိတော့ဘူး”

လို့ ပြောဆိုလိုက်တယ်။ အဲသည်အခါ သူခိုးခေါင်းဆောင်လည်း မနေသာတော့ပါဘူး။ ကြောက်စိတ်တွေဝင်ပြီး အိမ်ထဲကို ပြေးဝင်လို့ ကိုဝေဒရဲ့ ခြေအစုံကို ဖက်ရင်း…

"ဆ…ဆရာကြီးခင်ဗျား…ကျွန်တော်နဲ့ တပည့်ကိုးယောက်ရဲ့ အသက်ကို ချမ်းသာပေးပါ။ ဘုရင်ကြီးရဲ့ နန်းစဉ်ရတနာကို ခုပဲအပ်ပါ့မယ်"

လို့တောင်းပန်တိုးလျှိုးပါသတဲ့။ ကိုဝေဒလည်း ဏှခြေဆည်ရင်း…

"ကောင်းပြီ။ ခုပဲ နန်းစဉ်ရတနာလာအပ်လှည့်။ မောင်ရင်တို့ရဲ့ အသက်ကို ချမ်းသာအောင် လျှောက်ထားပေးမယ်"

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်။ သည်လောကမှာ ဆရာကြီးရှိနေသရွေ့ ဘ ်ကိစ္စမှ မသင့်လျော်တာ မလုပ်ရဲတော့ပါဘူး"

လို့ပြန်လည်ပြောဆိုရင်း တပည့်တွေကို စေခိုင်းလို့ နန်းစဉ်ရတနာတွေကို အပ်လိုက်ပါတယ်။ ဒါနဲ့ ကိုဝေဒလည်း မြို့စားကြီးနဲ့အတူ ဘုရင်ကြီးထံမှောက်အရောက်သွားရင်း နန်းစဉ်ရတနာတွေ လက်ဝယ်အပ်လို့…

"အရှင်မင်းကြီး…ကျွန်တော်မျိုးဟာ ခိုးသူ (၁၀)ယောက်ပြည့်မြောက်ဖို့ရာအတွက် (၁၀)ရက်တိတိ စောင့်ဆိုင်းခဲ့ရပါတယ်။ သူတို့လည်း သူတို့အမှားကို သိတဲ့အတွက်တောင်းပန်ပြီး လာပေးခဲ့ပါတယ်။ သူတို့ရဲ့ အသက်ကို ချမ်းသာပေးတော်မူပါ"

လို့ လျှောက်ထားလိုက်တယ်။

"ကောင်းပေပြီ။ သူတို့ရဲ့ အသက်ကို ချမ်းသာပေးလိုက်မယ်။ မောင်မင်းကိုလည်း ဆုလာဘ်တော်တွေ ချလို့ 'တော်ဝင်ဗေဒင်ဆရာကြီး' ရာထူးကို ပေးလိုက်မယ်"

ဒါနဲ့ပဲ ကိုဝေဒလည်း ကြီးမားတဲ့ ရာထူးနဲ့တကွ ဆုလာဘ်တော်တွေ ရရှိခဲ့တယ်။ ရွာရောက်တော့ လင်မယားနှစ်ယောက် တိုင်ပင်ပြီး နောင်ရေးစိတ်အေးရလေအောင် တခြားတိုင်းပြည် တစ်ပြည်ကို တိတ်တဆိတ်ထွက်ခွာလို့ သိုသိုသိပ်သိပ်နဲ့ နေထိုင်သွားပါတော့သတဲ့ကွယ်။

❊ ❖ ❊



# အကြွင်နာရလေဒ်



# အကြင်နာရလဒ်

ဟိုး…ရှေးရှေးတုန်းကပေါ့ကွယ်။

'နေဥယျ'အမည်ရှိတဲ့ တိုင်းပြည်ကြီးကို 'ဉာဏဥသျှောင်' ဆိုတဲ့ ဘုရင်ကြီးဟာ မင်းကျင့်တရားနဲ့အညီ စိုးစံအုပ်ချုပ်ပါသတဲ့။ ဉာဏဥသျှောင်ဘုရင်ကြီးဟာ ဉာဏ်ပညာနဲ့ ပြည့်စုံကြွယ်ဝတဲ့သူမှန်သမျှကို တမြတ်တနိုးနဲ့ ချီးမြှင့်မြှောက်စားတတ်ပါသတဲ့။ ပညာရှိမှူးမတ်တွေအများအပြားရဲ့ ခစားမှုကို ခံယူပြီး ပတ်ဝန်းကျင် တိုင်းနိုင်ငံအနှံ့ ဘုရင်ကြီးရဲ့ ကောင်းသတင်းတွေဟာ ကျော်စောထင်ရှားလို့ပဲပေါ့။

ဉာဏဥသျှောင်ဘုရင်ကြီးမှာ နန်းမွေနန်းလျာဆက်ခံဖို့ရာ သားတော်နှစ်ပါးရှိပါတယ်။ သားတော်ကြီးရဲ့ အမည်ဟာ 'သီဟ

ဗလ' ဖြစ်ပြီး စိတ်ထားကောင်းသူမဟုတ်ပါဘူး။ ဒါ့အပြင် မာန်မာနကလည်း ခက်ထန်လိုက်ပါသေး။

"ငါဟာ ဘုရင့်ရဲ့ သားတော်အကြီးဆုံး။ သည်တော့ ဘယ်သူ့ကိုမှ အရေးစိုက်စရာမလိုဘူး။ တစ်နေ့မှာ ဘုရင်ဖြစ်လာမယ့် ငါ့ကိုသာ အရေးစိုက်ရမှာ"

အဲသလိုမျိုး ခံယူချက်သဘောထားရှိပြီး ပညာရှိမှူးမတ်တွေကိုသာမက တိုင်းသူပြည်သားတွေကိုပါ မထီမဲ့မြင်ဆက်ဆံလေ့ရှိတယ်။ အဲဒါကြောင့် မှူးမတ်ပြည်သူအပေါင်းဟာ သားတော်ကြီး သီဟဗလကို နှစ်သက်မှုမရှိကြဘူးပေါ့။

အဲ…သားတော်ငယ် 'စန္ဒသောမ' ကျတော့ သူ့နောင်တော်သီဟဗလနဲ့ ဆန့်ကျင်ဘက်လို့ ဆိုရလိမ့်မယ်။ စိတ်သဘောထားနူးညံ့သိမ်မွေ့ပြီး မာန်မာနဆိုလို့ လုံးဝဆို လုံးဝမရှိပါဘူး။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားလို့ မိမိကိုယ်ကို မိမိနှိမ့်ချပြီး ပညာရှိမှူးမတ်ပြည်သူတွေကို ဆက်ဆံပါသတဲ့။ ဒါကြောင့်ပဲ မှူးမတ်ပြည်သူအပေါင်းက စန္ဒသောမမင်းသားလေးကိုသာ နှစ်သက်ကြလေသတဲ့ကွယ်။

တစ်နေ့တော့ အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတွေ စုပေါင်းတွေ့ဆုံကြတဲ့ မင်းပွဲသဘင် အခမ်းအနားတစ်ခုကို တက်ရောက်ဖို့ရာ အကြောင်းကိစ္စပေါ်လာခဲ့တယ်။

သည်တော့ နောင်တော်သီဟဗလဟာ ဝတ်ကောင်းစားလှတွေ သားနားစွာ ဝတ်ဆင်ပြီး မင်္ဂလာမြင်းတော်ကို စီးလို့ မင်းပွဲသဘင် တက်ရောက်ဖို့ရာ ဦးမော့ ရင်ကော့လို့ ထွက်လာခဲ့တယ်။

လမ်းခုလတ်တစ်နေရာကို ရောက်တော့ သူ့ရှေ့မှာ တုန်တုန်ချည့်ချည့်သွားနေတဲ့ ဆင်းရဲသားအဘိုးအိုကို ဘွားခနဲတွေ့လိုက်ရတယ်။ အဘိုးအိုဟာ နားသိပ်မကြားတာမို့ သူ့နောက်က မြင်းလာနေတာကို သိပုံမရပါဘူး။ လွယ်အိတ်အဟောင်းကြီးကို လွယ်၊ တောင်ဝှေးကို ထောက်ရင်း ရှေ့ဆက်လှမ်းနေတာပဲပေါ့။

သည်တော့ သီဟဗလဟာ သူ့လိုဘုရင့်သားတော် လာနေတဲ့ လမ်းကို ဘေးရှောင်မပေးရကောင်းလားဆိုပြီး...

"တောက်...ကျက်သရေမင်္ဂလာမရှိတဲ့ အဘိုးကြီး၊ မြန်မြန်သေရင် အေးမယ်"

လို့ ကြိမ်းမောင်းဆဲရေးရင်း မြင်းနဲ့ တိုက်ချသွားလိုက်တာ ဘာပြောကောင်းမှာလဲ အဘိုးအိုခမျာ လမ်းဘေးကို ခွေခေါက် လဲကျသွားတော့တာပေါ့။

အဲသည်မြင်ကွင်းကို အနောက်ကနေ မြင်းစီးပြီး လိုက်လာတဲ့ စန္ဒသောမဟာ အလုံးစုံမြင်တွေ့လိုက်တာပေါ့။ သည်တော့ စိတ်မကောင်းခြင်းကြီးစွာနဲ့ အဘိုးအိုလဲကျနေတဲ့ နေရာရောက်တော့ မြင်းပေါ်က ခုန်ဆင်းလိုက်တယ်။ အဘိုးအိုကိုလည်း ထူမတ်ပေးလိုက်တယ်။

"အဘိုး...တော်တော်လေး နာသွားမှာပဲနော်"

"မှန်ပါတယ်...အရှင့်သား။ ခြေထောက်ခေါက်သွားတယ် ထင်ပါရဲ့"

"အို…ဖြစ်မှ ဖြစ်ရလေတယ် အဘိုးရယ်။ ကိုင်း…ကိုင်း အဘိုးအနေနဲ့ ခရီးဆက်ရဦးမှာဖြစ်လို့ ကျွန်တော်ရဲ့ မြင်းကို စီးသွားပါ။ အဘိုးကို အပိုင်ပေးပါတယ်"

"အရှင့်သား…အရှင့်သားဟာ ဝတ်ကောင်းစားလှတွေ ဝတ်လို့ မင်းပွဲသဘင်သွားရမှာ မဟုတ်လား။ မြင်းမပါဘဲ သွားဖို့ရာ မသင့်တော်ပါဘူး အရှင့်သား"

"ကိစ္စမရှိပါဘူး အဘိုးရယ်…ကျွန်တော်က လူငယ် လူရွယ်။ ပြီးတော့ သန်သန်မာမာ မဟုတ်လား။ ခြေကျင် လျှောက်သွားလို့ ရပါတယ်။ သွားရမယ့်နေရာက ဝေးမှ မဝေးတော့တဲ့ဟာ"

အဲသည်လိုပြောဆိုပြီး အဘိုးအိုကို မြင်းကျောပေါ် အသာ အယာတင်ပေးလိုက်ပါတယ်။

"ကိုင်း…အဘိုးရေ…သွားပေတော့"

"ခဏနေပါဦး အရှင့်သား။ အရှင့်သားရဲ့ အကြင်နာတရား ကို ကျေးဇူးတုံ့ပြန်ပါရစေ။ ဟောဒီမှာ ပေစာထုပ်၊ အဲသည် ပေစာဟာ 'သုတကျမ်းဂန်' ပါပဲ။ အရှင့်သားအနေနဲ့ အပြန်ပြန်အလှန်လှန် လေ့လာဖတ်ရှုမယ်ဆိုရင် ဉာဏ်၊ ပညာ၊ ဗဟုသုတတွေနဲ့ ပြည့်စုံမယ့် ပညာရှိတစ်ဆူဖြစ်ပါ လိမ့်မယ်။ လက်ခံပါ အရှင့်သား"

လို့ဆိုပြီး စန္ဒသောမရဲ့ လက်ထဲကို လွယ်အိတ်ထဲက ပေ စာထုပ်ကို ပေးလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်…အဘိုး"

စန္ဒသောမလည်း ကျေးဇူးတင်စကားပြောဆိုပြီး ခရီးရှေ့ဆက်ခဲ့သလို အဘိုးအိုလည်း မြင်းကိုစီးရင်း သူ့ခရီးကို သူဆက်နေပါတော့တယ်။

မင်းပွဲသဘင်ကို ရောက်တဲ့အခါ မင်းညီမင်းသားတိုင်းလိုလို မြင်းစီးလို့တစ်မျိုး၊ ရထားစီးလို့ တစ်ဖုံ ခံ့ထည်နေကြပေမဲ့ စန္ဒသောမကတော့ ခြေကျင်လျှောက်လှမ်းပြီး ကျို့ကျို့ရို့ရို့ကလေး လှမ်းဝင်လာတာမို့ မင်းမှူးမတ်တွေအားလုံး တအံ့တသြဖြစ်သွားကြတော့တာပဲပေါ့ကွယ်။

အဲသလို ရက်ကာလတွေကြာလာတဲ့တစ်နေ့မှာ အိမ်နီးချင်းတိုင်းပြည်တစ်ပြည်က သံတမန်အဖွဲ့တစ်ဖွဲ့ဟာ ဓနဥ္စယတိုင်းပြည်ကို ရောက်လာခဲ့ကြသတဲ့။ သံတမန်အဖွဲ့ဟာ ဉာဏဥဒ္ဒျောင် ဘုရင်ကြီးကို ဖူးတွေ့ခစားပြီး…

"အရှင်မင်းကြီး…အရှင်မင်းကြီးရဲ့ တိုင်းပြည်မှာ ပညာရှိတွေများတယ်လို့ ကြားပါတယ်။ ဒါကြောင့် အကျွန်ုပ်တို့ရဲ့ ဘုရင်က အရှင်မင်းကြီးတို့ကို ပညာစမ်းဖို့ရာ ရောက်ရှိလာရခြင်းဖြစ်ပါတယ်"

လို့ လျှောက်တင်ကြပါတယ်။

"ကောင်းပေပြီ…သံတမန်တို့ သင်တို့ဘယ်လိုမျိုးပညာစမ်းမှာပါလိမ့်"

"အရှင်မင်းကြီး…ဟောသည်ရွှေပေပေါ်မှာ မေးခွန်းသုံးသွယ်ကို ရေးထိုးထားပါတယ်။ ဖတ်ကြည့်ပြီးတဲ့နောက် ဖြေကြားပေးတော်မူပါ"



လို့ လျှောက်တင်ပြီးတဲ့နောက် ရွှေပေကို ဆက်သလိုက်ပါတယ်။ အဲသည်အခါ ဉာဏဥဿျောင်ဘုရင်ကြီးလည်း ပညာရှိအမတ်တွေနဲ့အတူ ရွှေပေပေါ်က ဉာဏ်စမ်းလွှာကို ဖတ်ကြည့်တော်မူတာပေါ့။ မေးခွန်းက သုံးခု ရှိပါတယ်။

(၁) အရိုးသာလျှင် အတောင်အမြီးဖြစ်တဲ့ငှက်ဟာ ဘာငှက်လဲ။

(၂) အသားသာလျှင် အတောင်အမြီးဖြစ်တဲ့ငှက်ဟာ ဘာငှက်လဲ။

(၃) အမွေးသာလျှင် အတောင်အမြီးဖြစ်တဲ့ငှက်ဟာ ဘာငှက်လဲ။

အဲသည်မေးခွန်းသုံးခုကို ဘုရင်ကြီးနဲ့တကွ မှူးမတ်တွေဟာ အဖြေမှန်ပေးနိုင်ဖို့ရာအတွက် အမျိုးမျိုးတွေးတော ကြံဆကြပါတယ်။ ဒါပေမဲ့ အဖြေမှန်က ပေါ်ထွက်မလာပါဘူး။ အဲဒါကြောင့်ပဲ...

"သံတမန်တို့...သုံးရက်မြောက်တဲ့နေ့ကျရင် အဖြေမှန်ကို ပေးပါ့မယ်"

လို့ ချိန်းဆိုလိုက်ကြတော့ သံတမန်တွေလည်း သူတို့တည်းခိုတဲ့နေရာကို ပြန်သွားကြပါတော့တယ်။

သံတမန်တွေ မရှိတဲ့အခါ ဘုရင်ကြီးနဲ့တကွ မှူးမတ်တွေဟာ အတော်ကလေးအခက်တွေ့နေခဲ့ပါပြီ။ အဖြေမှန်ကိုလည်း ဘယ်သူမှ မဖော်ထုတ်နိုင်ဖြစ်နေကြလေရဲ့။

"မင်းချင်းတို့...အဲဒါမှ ပြဿနာပဲ။ အဲသည်အမေးကို မဖြေဆိုနိုင်ရင် သူတစ်ပါးနိုင်ငံရဲ့ ပြက်ရယ်ပြုမှု၊ အထင်သေးမှု ကို ခံကြရတော့မယ်။ အရှက်တကွဲ အကျိုးနည်းဖြစ်ကြရတော့မယ်။ ကိုင်း...ဘယ်လိုလုပ်ကြမလဲ"

လို့ မင်းကြီးက အမေးရှိတဲ့အခါ မာန်မာနထောင်လွှားတဲ့ သားတော်ကြီးသီဟဗလက...

"ခမည်းတော်ဘုရား...သည့်အတွက် မပူပါနဲ့။ သားတော် ကြံဆောင်ပါ့မယ်"

လို့ လျှောက်တင်တယ်။

"ဘယ်လိုများ ကြံဆောင်မှာလဲ သားတော်ကြီး"

"ခမည်းတော်ဘုရား...သည်လိုမျိုးခက်ခဲတဲ့မေးခွန်းတွေ လာမေးတဲ့ သံတမန်တွေကို တစ်ယောက်မကျန် သားတော် ခုပဲ သွားရောက်ဖမ်းဆီး သတ်ဖြတ်ပစ်မယ်ဘုရား"

သည်လိုပြောဆိုပြီး စိတ်လိုက်မာန်ပါနဲ့ ထထွက်သွားမယ် လုပ်တော့ ဘုရင်ကြီးဟာ နောင်အရှည်ကို မျှော်တွေးပြီး အမျိုးမျိုး တားမြစ်တော်မူပါတယ်။ ဘယ်လိုမှတားမရတဲ့အဆုံး အာဏာစက်နဲ့ သီဟဗလကို တိုင်းပြည်က နှင်ထုတ်လိုက်ရတော့တယ်။

အဲသည်အချိန်မှာ သားငယ်စန္ဒသောမဟာ ခမည်းတော်ထံ ချဉ်းကပ်လို့ လျှောက်ထားတော်မူပါတယ်။

"ခမည်းတော်ဘုရား...အဲသည်မေးခွန်းသုံးခုအတွက် စိုးရိမ်တော်မမူပါနဲ့။ သားတော်ဟာ သူဆင်းရဲအဘိုးအိုဆီက

'သုတကျမ်းဂန်' ကို မွေ့နှောက်လေ့လာထားလို့ အတိအကျ ဖြေဆိုနိုင်ပါတယ်''

လို့ဆိုရင်း သူဆင်းရဲအဘိုးအိုနဲ့ ဆုံစည်းခဲ့ရပုံအလုံးစုံကို တင်လျှောက်ပါတယ်။ ဘုရင်ကြီးနဲ့ မှူးမတ်တွေအားလုံးလည်း အတိုင်းမသိ ပျော်ရွှင်သွားခဲ့ကြတာပေါ့။

သည်လိုနဲ့ပဲ ချိန်းဆိုထားတဲ့နေ့ကို ရောက်လာပါတော့တယ်။

ညီလာခံခန်းမဆောင်မှာတော့ ပရိသတ်တွေဟာ ဖွေးဖွေးလှုပ်လို့ပေါ့။ အမေးပုစ္ဆာဖြေဆိုပွဲကြီးကို အားလုံးဟာ စိတ်ဝင်တစားဖြစ်နေကြတယ်။ မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးမတ်၊ ဗိုလ်ပါအစုံအလင်တက်ရောက်လာကြတယ်။ သံအဖွဲ့ဝင်တွေလည်း တစ်ယောက်မကျန်ပါဘဲ။ အဲဒီအချိန်မှာပဲ ပညာရဲရင့်ပွဲလယ်တင့်ဆိုတဲ့စကားရပ်နဲ့အညီ စန္ဒသောမမင်းသားလေးဟာ ပရိသတ်ဗိုလ်ပါအလယ်မှာ ရဲရဲရင့်ရင့်နဲ့ အမေးတစ်ခုချင်းစီကို အောင်မြင်ဝင့်ကြွားစွာ အဖြေပေးလိုက်ပါတော့တယ်။

''သံတမန်တို့…

(၁) အရိုးသာ အတောင်အမြီးဖြစ်တဲ့ ငှက်ဆိုတာ 'ပိတုန်း' ပါပဲ''

''မှန်ပါပေတယ်…အရှင့်သား''

အဲသည်အခါမှာတော့ ညီလာခံခန်းမဆောင်တစ်ခုလုံး အုံးသြရှီးမွမ်းသံတွေ လျှံထွက်လာပါတော့တယ်။

''သံတမန်တို့...

(၂) အသားသာ အတောင်အမြီးဖြစ်တဲ့ငှက်ဆိုတာ 'ရှူးပျံ' ပဲပေါ့''

''ဒါလည်း မှန်ပါပေတယ်...အရှင့်သား''

သည်အခါမှာလည်း သြဘာသံတွေ အလျှံအပယ်ပါပဲ။

''သံတမန်တို့...

(၃) အမွေးသာ အတောင်အမြီးဖြစ်တဲ့ငှက်ဆိုတာ 'ဥဒေါင်း'ပါပဲ''

''မှန်ပါပေတယ်...အရှင့်သား။ အရှင့်သားဟာ ဉာဏ်ပညာ ရင့်ကျက်ကြီးမားလှပါပေတယ်။ အရှင့်သားတို့ရဲ့ ဇမ္ဗူဒီပတိုင်းပြည်ကြီးဟာ တကယ့်ပညာရှိတွေ အလျှံပယ်ပြည့်စုံတယ်ဆိုတာ အကျွန်ုပ်တို့ မျက်ဝါးထင်ထင်သိမြင်လိုက်ပါပြီ။ အကျွန်ုပ်တို့ဘုရင်မင်းမြတ်လည်း သည်အကြောင်းကို ကြားသိရရင် လွန်စွာမှ ကျေနပ်မဆုံးဖြစ်ရမှာပါ''

သံတမန်အဖွဲ့လည်း အားရဝမ်းသာစွာနဲ့ ချီးကျူးထောမနာပြုလို့ စန္ဒသောမမင်းသားလေးကို လက်ဆောင်ပဏ္ဏာတွေကို ဆုလာဘ်အဖြစ် ချီးမြှင့်ပြီး သူတို့တိုင်းပြည်ရှိရာ ပြန်သွားကြပါတယ်။

ဘုရင်ကြီးနဲ့တကွ မှူးမတ်တွေ၊ နန်းတွင်းသူ၊ နန်းတွင်းသားတွေ၊ ပရိသတ်တွေဆိုတာ ဝမ်းမြောက်မဆုံး ဂုဏ်ယူမဆုံး တပြုံးပြုံးနဲ့ပေါ့။

အဲသည်နေ့မှာပဲ ဘုရင်ကြီးဟာ ပညာရှိမှူးမတ်တွေနဲ့ တိုင်ပင်ပြီး ပညာရှိ သားတော်လေး စန္ဒသောမကို အဆောင် အယောင်တွေနဲ့တကွ အိမ်ရှေ့အရာကိုအပ်နှင်းလိုက်ပါတော့တယ်။

တကယ်တော့ လောကမှာ လူကို လူလိုမြင်တတ်ဖို့၊ လူသားအချင်းချင်း အကြင်နာတရားတွေထားပြီး စိတ်ဓာတ်မြင့်မြတ်ဖို့၊ အကြင်နာတရားကြောင့် အကျိုးကျေးဇူးခံစားရတယ်ဆိုတာ သင်ခန်းစာယူနိုင်ကြပါစေကွယ်။

❋ ❖ ❋



# ကိုယ်ကျွမ်းကျင်ရာ ကိုယ်လိမ္မာ



# ကိုယ်ကျွမ်းကျင်ရာ ကိုယ်လိမ္မာ

ဟိုး…ရှေးအခါတုန်းက တောင်ပေါ်ဒေသတစ်ခုမှာ ရှိတဲ့ ရွာကလေးတစ်ရွာမှာ မုဆိုးကျော်ကြီးတစ်ယောက် ရှိပါတယ်။ နာမည်က "ဦးဂျာဘောက်"တဲ့။

ဦးဂျာဘောက်ဟာ အမဲလိုက်တာ သိပ်တော်တဲ့ မုဆိုးကြီးပါ။

သူ အမဲလိုက်ပြီဆိုရင်ဖြင့် သားကောင်မပါ ဗလာချည်း သက်သက် ပြန်လာရတယ်ဆိုတာမျိုး ဘယ်အခါမှ မရှိခဲ့ဘူးတဲ့။ ဦးဂျာဘောက်ဟာ ထွားကျိုင်းသန်မာပြီး ခွန်အားဗလနဲ့ ပြည့်စုံတယ်။ အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် ဇွဲစပ်သေချာမှ ရှိမှ လုပ်တယ်။ ဓွဲလုံ့လ၊ ဝီရိယကြီးတာနဲ့အမျှ သတ္တိကလည်း

ကောင်းမှုကောင်း။ ဒါပေမဲ့ သူဟာ သားကောင်တွေကို သတ်ဖြတ်ပစ်ခတ်တဲ့ မုဆိုးကြီးဖြစ်လင့်ကစား စိတ်သဘောထားကခက်ထန်မှုမရှိဘူး။ လူကြီးလူငယ်မရွေး သူ့ကို ချစ်ခင်ကြတယ်။ ရလာတဲ့ အသားကောင်းတွေကိုလည်း ပေးသင့်ပေးထိုက်တဲ့သူတွေကို ပေးတာကြောင့် သက်ကြီးရွယ်အိုတွေဆိုရင်လည်း သူ့ကို ချစ်ခင်ကြတာပါပဲ။ သည်တော့ သူ့သတင်းဟာ သူ့ရွာတစ်ရွာထဲတင် မဟုတ်တော့ဘဲ ရွာနီးချုပ်စပ်တစ်ခွင်လုံး မွှေးနေတော့တာပဲပေါ့။

တကယ်တော့ မုဆိုးဆိုတာ သားကောင်တွေကို ချောင်းမြောင်းပစ်ခတ်ရတဲ့ သားသတ်သမားပဲမဟုတ်လား။ ဒါပေမဲ့ … ဦးဂျာဘောက်ကတော့ တစ်မျိုး။

ဘယ်လောက်ပဲ ပစ်ခတ်ရလွယ်ကူ လွယ်ကူ၊ ဗိုက်ရှိနေတဲ့ သားကောင် (ရင်သွေးကို လွယ်ထားရတဲ့ သားကောင်) ဆိုရင် ဘယ်တော့မှ မပစ်ဘူး။ အသာကလေး ရှောင်ထွက်သွားတော့တာပဲတဲ့။

"သားကောင်တစ်ကောင်ကို ပစ်ပြီဆိုကတည်းက ငရဲကကြီးနေပြီ။ အဲ…ဗိုက်ရှိတဲ့သားကောင်ကို ပစ်လို့များကတော့ ငရဲနှစ်ထပ်ကွမ်း ကြီးပြီးသာ မှတ်ပေတော့။ စည်းကမ်းမရှိဘဲ ပစ်ခတ်နေရင် သိပ်မကြာဘူး။ သားကောင်တွေမျိုးတုံးသွားလိမ့်မယ်။ အဲသည်အခါကျရင် ဒုက္ခိဂန္တရဆိုတဲ့ အငတ်ဘေးကြီး ဆိုက်လိမ့်မယ်"

လို့ဆိုပြီး မုဆိုးလက်သင်ကလေးတွေကို သတိပေးဆုံးမ လေ့ရှိတယ်ဆိုပဲ။ ပြီးတော့ သူ့မှာ ထူးခြားတာတစ်ခုလည်း ရှိပါသေးတယ်။

တစ်ခါတုန်းက တောထဲမှာ သားကောင်တစ်ကောင် နောက်ကို ခြေရာခံလိုက်ရင်း လမ်းခုလတ်တစ်နေရာမှာ သူ့လိုပဲ တောမုဆိုးနဲ့ သွားတွေ့တယ်။ တောမုဆိုးဆိုတာ တခြားမဟုတ်ပါဘူး။ ကျားကြီးကို ပြောတာပါ။ ကျားကြီးဟာလည်း ဦးဂျာဘောက်ခြေရာခံလိုက်နေတဲ့ သားကောင်ကို မြေကမူပေါ်ကနေ ချောင်းနေတာ။ အဲသည်အချိန်မှာ ဦးဂျာဘောက်အဖို့ အဆင်သင့်ဖြစ်နေတဲ့ အဆိပ်လူးမြှားနဲ့ ကျားကြီးကို ပစ်ထည့်လိုက်လို့ ရတယ်။ တကယ်တမ်းပစ်ထည့်လိုက်ရင်လည်း ကျားကြီးအဖို့ တုံးခနဲလဲကျလို့ အဆိပ်ဒဏ်ကို ခံစားရင်း ကိစ္စတုံးသွားမှာ အသေအချာပါ။ ဒါပေမဲ့ ဦးဂျာဘောက်က လေးမြှားကို မထုတ်ပါဘူး။

"ဟော့...ကျားကြီး။ မင်းလည်း မုဆိုး ငါလည်း မုဆိုး ဆိုတာ သိတယ်နော်။ ဇာတ်တူသားဆိုတာ မစားကောင်းဘူးကွ"

ကျားကြီးဟာ ဦးဂျာဘောက်ပြောတာကို နားလည်သလား မလည်သလား မပြောတတ်ဘူး။ ဦးဂျာဘောက်ရဲ့ စကားဆုံးတာနဲ့ ဇွေ့ခနဲဆိုသလို တောအုပ်ထဲကို လှစ်ခနဲဝင်ရောက်ပျောက်ကွယ်သွားတော့တယ်။

ဒါဖြင့်ရင် ဦးဂျာဘောက်ဟာ တောမုဆိုးဖြစ်တဲ့ကျားကို မပစ်ခတ်တော့ဘူးလားလို့ မေးစရာရှိလာမယ်။ သည်အခါကျရင် ဦးဂျာဘောက်အနေနဲ့ ဖြေပြပါလိမ့်မယ်။

"မုဆိုးမှာလည်း မုဆိုးစည်းဆိုတာရှိရတယ်။ တောမုဆိုးဖြစ်တဲ့ ကျားဟာ သူ့ကျင်လည်ကျက်စားတဲ့ တောထဲမှာ ဘယ်လိုပဲ သားကောင်ကို သတ်ဖြတ်၊ သတ်ဖြတ် ဒါ ကျုပ်အလုပ် မဟုတ်ဘူး။ အဲ…လူတွေနေတဲ့ရွာထဲကိုဝင်ပြီး ကျွဲတွေ၊ နွား တွေ၊ လူတွေကို ဒုက္ခပေးလာမယ်ဆိုရင် မုဆိုးစည်းဖောက်တာ ပဲ။ ဒါဆိုရင် ကျုပ်ဘယ်နည်းနဲ့မှ လက်ပိုက်မကြည့်နိုင်တော့ဘူး။ အဲသည် စည်းဖောက်တဲ့ မုဆိုးကို သားကောင်အဖြစ် သဘောထားပြီး ဇီဝိန်ခြွေရမှာပဲ"

အဲသည်လိုပဲ ကိုယ့်ရပ်ကွက်ကို ကျူးကျော်ဖျက်ဆီးလာတဲ့ တောမုဆိုးကျားတွေ၊ တောဝက်တွေဆိုတာ ဦးဂျာဘောက်လက်ချက်မိသွားကြတာပါပဲ။ ကိုယ့်ရပ်ကိုယ့်ရွာအတွက်သာမဟုတ်ဘူး။ တခြားရပ်ရွာတွေကလည်း အဲသည်လိုမျိုး တွေ့ကြုံနေရလို့ အကူအညီလာရောက်တောင်းခံရင် သွားရောက်ကူညီဖြေရှင်းပေးတတ်တာလည်း ဦးဂျာဘောက်ရဲ့ စိတ်ဓာတ်အရင်းခံပါပဲ။

အဲဒီကြောင့် ဦးဂျာဘောက်ကို ကိုယ့်ရပ်ကိုယ့်ရွာကတင် မဟုတ်ဘူး။ ရွာနီးချုပ်စပ်နေရာဒေသ တော်တော်များများကပါ ချစ်ခင်လေးစား အားကိုးအားထားပြုကြတယ်။

အဲသည်လိုမျိုး မုဆိုးကြီး ဦးဂျာဘောက်ရဲ့ ဂုဏ်သတင်းတွေဟာ လူ့သတင်းလူချင်းဆောင်တဲ့သဘောကြောင့် တစ်နယ်လုံးကို အုပ်ချုပ်နေရတဲ့ နယ်စားကြီးဆီကိုလည်း ရောက်ခဲ့တာပေါ့။

''ဟာ…ဒါဆို အတော်ပဲ။ မကြာခင် ကျင်းပမယ့်ငါ့သားရဲ့ မင်္ဂလာပွဲမှာ ကြွရောက်လာကြမယ့် ဂုဏ်သရေရှိပရိသတ်တွေကို ထူးထူးခြားခြားဧည့်ခံရအောင် တောကောင်သားတွေ စီမံရမယ်''

နယ်စားကြီးလည်း အဲသလိုအကြံရတာနဲ့ မုဆိုးကြီးဦးဂျာဘောက်ကို သူ့ဆီအရောက်လာဖို့ တပည့်တွေကို အခေါ်လွှတ်လိုက်တယ်။ မုဆိုးကြီးဦးဂျာဘောက် ရောက်လာတယ်ဆိုရင်ပဲ…

''ဟေ…ဂျာဘောက်၊ လာမယ့်အပတ်ထဲမှာ ငါ့သားရဲ့မင်္ဂလာဧည့်ခံပွဲအတွက် သမင်သုံးကောင်၊ ဆတ်သုံးကောင်၊ တောဝက် သုံးကောင်၊ ဒေါင်းသုံးကောင်ရအောင်ပစ်လာပေးပါ။ မင်းကို ဆုတော်ငွေ ကောင်းကောင်းချမယ်''

လို့ ပြောဆိုစေခိုင်းပါတော့တယ်။ သည်အခါ မုဆိုးကြီးဦးဂျာဘောက်လည်း တွေခနဲစဉ်းစားရင်းက ဖြည်းဖြည်းနဲ့ မှန်မှန်ပြောလိုက်တယ်။

''မဖြစ်နိုင်ပါဘူး ထင်ပါတယ်…နယ်စားကြီး''

"ဟ…မင်းက နာမည်ကျော်မုဆိုးကြီး။ ပြီးတော့ ကျား တွေတောင် ပစ်နိုင်ခဲ့တဲ့သူ။ ဘာကြောင့် မဖြစ်နိုင်ရမှာ တဲ့တုံး"

"နယ်စားကြီး…တောထဲမှာ ကျင်လည်သွားလာနေကြတဲ့ သားကောင်တွေဆိုတာဟာ ကျွန်တော် မွေးထားတာမှ မဟုတ်ဘဲ။ ဘယ်လိုလုပ်ပြီး အပိုင်တွက်လို့ ရနိုင်မှာတဲ့လဲ ခင်ဗျာ"

"အိုကွာ…မင်းက နာမည်တစ်လုံးနဲ့ ကျော်ကြားနေတဲ့ မုဆိုးပဲဟာ။ မဖြစ်ဖြစ်အောင် လုပ်ရင် ဖြစ်ရမှာပေါ့"

"လုပ်သလိုဖြစ်လာရင်တော့ အကောင်းသားပေါ့ နယ်စား ကြီးရယ်။ အခုဟာက သားကောင်ရဲ့ အမျိုးအမည်နဲ့ အရေ အတွက်ကလည်း အတိအကျဆိုတော့ လွယ်တဲ့ အလုပ် မဟုတ်ပါဘူး။ နောက်ပြီး သတ္တဝါမှန်သမျှဟာ သူ့ကံ ကြမ္မာနဲ့သူ ရှိနေတတ်ကြတာပါ။ ဘယ်လောက်ပဲ ကျား ရှေ့မှောက်လျက် လဲလဲ သေနေ့ရှိမှ သေတတ်ကြတာ မျိုးပါ"

"ဒါဖြင့် ငါခိုင်းစေတဲ့အတိုင်း မဖြစ်နိုင်ဘူးပေါ့ ဟုတ် လား"

"မှန်ပါတယ် နယ်စားကြီး။ ကျွန်တော့်ဘက်က ကံသေ ကံမ အာမမခံနိုင်လို့ပါ"

သည့်အဖြေစကားကြားရတော့ နယ်စားကြီးဟာ ထောင်း ခနဲဒေါသဖြစ်သွားတယ်။ ဒေါသစိတ်ဆိုတာ ထိန်းချုပ်နိုင်မှု မရှိ

ရင် မဖြစ်သင့်တာတွေ ဖြစ်လာတတ်တာပဲမဟုတ်လား။ အခု လည်း သူအုပ်ချုပ်ရတဲ့ နယ်မြေမှာ ဘုရင်တစ်ပါးနဲ့မခြား ဖြစ်နေတဲ့ နယ်စားကြီးဟာ သူလက်ညှိုးညွှန်ရာ ရေမဖြစ်ရကောင်းလားဆိုတဲ့သဘောနဲ့ အမှားအမှန် မဆင်ခြင်နိုင်တော့ဘဲ…

"ဟော့…ဂျာဘောက်၊ မင်းဟာ မုဆိုးဖြစ်လျက်နဲ့ အင်မတန် သွေးနည်းတဲ့ကောင်။ မင်းမဖြစ်နိုင်ဘူးထင်တာတွေ ငါ ဖြစ်အောင် လုပ်ပြမယ်။ အေး…အဲသလိုလုပ်ပြပြီးရင် မင်းရှေ့မှာ သားကောင်တွေကို ချပြမယ်။ ပြီးတော့ မင်းကို အတော်လျော့တဲ့ မုဆိုးရယ်လို့ ကမ္ပည်းနှိပ်ပြီး အရှက်ခွဲရမယ်။ ခုတော့ ငါ့အမိန့်ကို ဖီဆန်တဲ့အတွက် ထိတ်တုံးထဲမှာ နေလိုက်ဦး"

လို့ဆိုပြီး အချုပ်ခန်းထဲထည့်လို့ ထိတ်တုံးခတ်လိုက်ပါတော့တယ်။

"ဟော့…လောကမှာ တကယ်ဖြစ်ချင် တကယ်လုပ်…အဟုတ်ဖြစ်မယ်ကွ။ ဂျာဘောက်လည်း လူ၊ ငါလည်း လူပဲ။ လူလူချင်း မဖြစ်နိုင်တာ ဘာရှိရမှာလဲ"

နယ်စားကြီးက အဲသည်လို ကြုံးဝါးရင်းကနေ တပည့်တပန်းတွေကို ခေါ်ဆောင်လို့ တောဝက်တွေ ကျင်လည်ကျက်စားလေ့ရှိတဲ့ မျှစ်စို့တောထဲကို အလုံးအရင်းနဲ့ ဝင်သွားတော့တယ်။

"ဟော့…မင်းတို့က လျှိုမြောင်ဝကို သွားပိတ်။ ဒီဘက်က ကောင်တွေက တောခြောက်ဖို့လုပ်ကြ။ တောဝက်တွေ ထွက်လာတာနဲ့ ငါတို့က တစ်ခါတည်း [illegible]ုံးပစ်မယ်"

အဲသည်လို စီမံကွပ်ကဲပေမဲ့ ဘယ်တောဝက်မှ ထွက်မလာပါဘူး။ သားကောင်တွေမှန်သမျှဟာ သူတို့ မှီတင်းနေထိုင် သွားလာကျင်လည်တဲ့ တောရဲ့ အနေအထားကို ကျွမ်းပြီးသား။ ရန်သူအနံ့ကိုလည်း အမြဲတမ်းစွင့်နေပြီးသား။ အဲသည်လိုအနေအထားမှာမှ ငါလုပ်ရင် ဘာမဆိုဖြစ်တယ်ဆိုတဲ့ နယ်စားကြီးအဖို့ တောဝက်နဲ့ မဆုံရတာ မဆန်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နယ်စားကြီးနဲ့ သူ့တပည့်တပန်းတွေအားလုံးဟာ တစ်ခါဖူးမျှ မုဆိုးအလုပ်ကို လုပ်ဖူးကြတဲ့သူတွေမှ မဟုတ်ဘဲ။ တောင်အကြောင်းလည်းမသိ။ သားကောင်ရဲ့ဓလေ့သဘာဝ၊ ကျင်လည်ကျက်စား သွားလာမှု စရိုက်လက္ခဏာ ဘာဆိုတာ သိဖို့ရာ ဝေလာဝေး။ သည်တော့ တောဝက်လို အကောင်မျိုးကို ဘယ်လိုနည်းဗျူဟာသုံးပြီး ဖမ်းဆီးပစ်ခတ်ရမယ်ဆိုတာ မသိကြဘူးပေါ့။ ဒါနဲ့ပဲ တစ်နေရာကို ပြောင်းလိုက်ကြတယ်။

အဲသည်မှာ ကံဆိုးမိုးမှောင်ကျချင်လို့လား မပြောတတ်ဘူး။ ကြွေကျနေတဲ့ ရေသဖန်းသီးတွေ စားနေတဲ့ ဝက်တောင်းကြီးတစ်ကောင်ဟာ လူသံတွေကြားတာနဲ့ လှည့်အပြေး သူ့ပြေးလမ်းမှာ ရပ်နေတဲ့ နယ်စားကြီးကို ဝင်ပက်ထည့်သွားပါလေရော။

"ဟာ..ဟာ..ဝက်တောင်းကြီး။ ပြေးကြဟေ့...အဲဒါ အရေးမကြီးဘူး။ နယ်စားကြီးကို ကြည့်ပါဦး"

"အို...ဟုတ်ပါရဲ့။ နယ်စားကြီး...နယ်စားကြီး"

"ဟယ်...မိုက်ပွင့်ပြီး အူတွေ ပြတ်ထွက်နေပြီ"

"ဘုရား...ဘုရား"

နယ်စားကြီးရဲ့ ကံကြမ္မာဟာ အင်မတန်ဆိုးလှပါတယ်။ ဝက်ပက်တဲ့ဒဏ်နဲ့ မရှုမလှသေပွဲဝင်ခဲ့ရပါပြီ။ သည်တော့ တပည့်တပန်းတွေလည်း နယ်စားကြီးရဲ့ အလောင်းကို ဝမ်းနည်းပက်လက်နဲ့ သယ်လာရတော့တယ်။

တကယ်တော့ သည်ကနေ့ဟာဖြင့် နယ်စားကြီးရဲ့သားအဖို့ မင်္ဂလာပွဲ ကျင်းပရမယ့်နေ့ပါ။ ဒါပေမဲ့ မင်္ဂလာရက်ကို ရွှေ့လိုက်တယ်။ မရွှေ့လို့လည်း မဖြစ်ဘူးလေ။ သည်ကနေ့က ဖခင်နယ်စားကြီးရဲ့ ရက်လည်မဟုတ်ပါလား။

ရက်လည်ပြီးတဲ့အခါမှာတော့ အဲသည်ဒေသရဲ့ထုံးစံအရ သားဖြစ်တဲ့သူဟာ ဖခင်ရဲ့ အရိုက်အရာကို ဆက်ခံရပါတယ်။ သည်အခါ နယ်စားကလေးလည်း အချုပ်ခန်းထဲမှာရှိနေတဲ့ မုဆိုးကြီး ဦးဂျာဘောက်ကို ထိတ်တုံးက လွှတ်စေပြီး အပြင်ကို ခေါ်ထုတ်လိုက်ပါတယ်။ မုဆိုးကြီး အပြင်ကိုရောက်လာတဲ့အခါ သူသိချင်တာတွေကို မေးပါတော့တယ်။

"မုဆိုးကြီး…ကျွန်တော့်ဖခင်က ဘာအမှားတွေ ကျူးလွန်မိလို့ သေရတာပါလဲ"

"နယ်စားလေး…သင့်ဖခင်ဟာ ကိုယ့်နေရာ ကိုယ်မနေ၊ ကိုယ်ကျွမ်းတဲ့အလုပ် ကိုယ်မလုပ်၊ မထားသင့်တဲ့ မာန်မာန ထားမိလို့ သေရတာပါ"

"သေသေချာချာ ရှင်းပြပါလား…မုဆိုးကြီး"

"ဟုတ်ကဲ့ပါ…နယ်စားလေး"

မုဆိုးကြီးလည်း ပြောပြောဆိုဆိုနဲ့ သူ့ကိုယ်ပေါ်က အကျႌကိုချွတ်ပြီး ပုဆိုးကို ကတောင်းမြှောင်အောင် ကျိုက်လိုက်ပါတယ်။

"နယ်စားလေး...သေသေချာချာကြည့်ပါ။ ပေါသည်ပခုံးက ဒဏ်ရာကို တွေ့တယ်မဟုတ်လား။ အဲဒါ ကျားသစ် အကုတ်ခံထားရတဲ့ ဒဏ်ရာပေါ့။ ပေါသည်ပေါင်ကိုလည်း ကြည့်လိုက်ပါဦး"

"ဟင်...နည်းနည်းနောနော အမာရွတ်ကြီး မဟုတ်လား"

"မှန်ပါတယ်...နယ်စားလေး။ အဲသည်သေရာပါအမာရွတ် ဒဏ်ရာတွေဆိုတာ ကျွမ်းကျင်တဲ့ မုဆိုးတစ်ယောက်ဖြစ်လာစေဖို့အတွက် ပေးဆပ်ခဲ့ရတဲ့အရင်းအနှီးတွေပါပဲ။ ဘယ်အရာမဆို ပေးဆပ်ခြင်းမရှိဘဲနဲ့ ရယူနိုင်ခြင်း မရှိပါဘူး။ မုဆိုးနဲ့ သားကောင်ဆိုတာ သူတစ်ပြန်ကိုယ်တစ်ပြန် မုဆိုး၊ သားကောင်ဖြစ်တာချည်းပါ။ အတတ်ပညာ၊ ဉာဏ်ရည်၊ ကျွမ်းကျင်ဖျတ်လတ်မှုရှိတဲ့သူသာ မုဆိုးပါ။ မဟုတ်ရင်တော့ သားကောင်ဖြစ်ရစမြဲပါ။

နယ်စားလေး...သင့်ဖခင်ဟာ ဘာမဆို ငါလုပ်ရင် ဖြစ်ကိုဖြစ်ရမယ်လို့ တလွဲမာနထားခဲ့တယ်။ ကိုယ်မကျွမ်းတဲ့အရပ်၊ ကိုယ်မကျွမ်းတဲ့အလုပ်ကို လုပ်ခဲ့လို့ မုဆိုးမဖြစ်ဘဲ သားကောင် ဖြစ်သွားခဲ့ရတာပေါ့။ အသက်ကို မတန်တဆ ပေးခဲ့ရတာပေါ့"

"အို…မုဆိုးကြီး။ ကျွန်တော် နားလည်သဘောပေါက်သွားပါပြီ။ သွားလေသူဖခင်ကို ခွင့်လွှတ်ပါ။ ဖခင်ရဲ့ လုပ်ရပ်အတွက် တောင်းပန်ပါတယ်"

"ရပါတယ်…နယ်စားလေးရယ်။ ဒါမျိုးဆိုတာ ဖြစ်တတ်ပါတယ်"

"ကိုင်း…မုဆိုးကြီးရယ်။ ဟောဒါ ကျွန်တော့်ရဲ့ လက်ဆောင်ပါ။ မုဆိုးကြီးပြန်မယ်ဆို ပြန်နိုင်ပါပြီ။ ပြီးတော့… လာမယ့် အပတ်မှာ ကျင်းပမယ့် ကျွန်တော့်ရဲ့ မင်္ဂလာဧည့်ခံပွဲကို ကြွရောက်ဖို့ ဖိတ်ကြားပါတယ်။ ကြွခဲ့ပါနော်"

"ဟာ…လာရမှာပေါ့။ နယ်စားလေးနဲ့ ရင်းနှီးကျွမ်းဝင်သွားပြီပဲ ဥစ္စာ"

အဲသည်နောက် မုဆိုးကြီးဟာ သူ့အရပ်ကို ပြန်သွားခဲ့ပါတယ်။

သိပ်မကြာပါဘူး။ မင်္ဂလာပွဲကျင်းပဖို့ နှစ်ရက်အလိုမှာ မုဆိုးကြီးဦးဂျာဘောက် ပြန်ရောက်လာပါတယ်။ လာမယ့်လာတော့ လှည်းတစ်စီးနဲ့။ လှည်းပေါ်မှာတော့ မုဆိုးကြီးရဲ့ လက်ဖွဲ့အဖြစ် သမင်သုံးကောင်၊ ဆတ်သုံးကောင်၊ တောဝက်သုံးကောင်နဲ့ ဒေါင်းငါးကောင်လည်း ပါလာလေရဲ့…။

❀ ❖ ❀

# ပညာမဲ့က အရှက်ရ



# ပညာမဲ့က အရှက်ရ

ဟိုး…ရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်ကို ထရားနဲ့ အညီ စီမံအုပ်ချုပ်ပြီး ပညာဉာဏ်ရည် ပြည့်ဝတဲ့ ဘုရင်ကြီးတစ်ပါး ရှိသတဲ့။

အဲသည် ဘုရင်ကြီးရဲ့ အပါးမှာ အနီးကပ်ခစားရတဲ့ အမတ်ကြီးနှစ်ပါးရှိတယ်။ အဲသည်အမတ်ကြီးနှစ်ပါးဟာ မင်းလိုလိုက်၊ မင်းကြိုက်ဆောင်ပြီး အလိုက်သင့် မြှောက်ပင့် ခစားတတ်တာကလွဲလို့ စဉ်းစားတွေးခေါ်ဉာဏ် အင်မတန်ခေါင်းပါးကြတယ် ဆိုပဲ။ ဒါကို ဘုရင်ကြီးက ရိပ်စားမိတာနဲ့အမျှ ကောင်းကောင်းကြီး ပညာပေးနိုင်ဖို့ရာ စဉ်းစားအကြံထုတ်နေပါသတဲ့။

တစ်ညမှာတော့ ဘုရင်ကြီးလည်း အကြံရပြီး အမတ်ကြီး နှစ်ပါးကိုခေါ်လို့ ရွာငယ်ဇနပုဒ်တွေဘက် ခြေစကြာဆန့်ခဲ့ကြ တယ်။

※ ❖ ※

ညဉ့်အတော်ကလေးနက်လာတော့ ရွာသိမ်ရွာငယ်လေး တစ်ခုဆီကို ရောက်ရှိခဲ့ကြတယ်။ ညဉ့်နက်လာတာမို့ တစ်ရွာလုံး လိုလို၊ အမှောင်တွေလွှမ်းမိုးနေပေမဲ့ ရွာအစွန်အဖျားမှာရှိတဲ့ အိမ် ကလေးတစ်အိမ်ကတော့ဖြင့် မီးရောင်ကလေး တလက်လက်ရှိ နေတယ်။ ဒါနဲ့ အဲသည်အိမ်ကလေးရှိရာကို ချဉ်းကပ်မိကြတယ်။ ဖွင့်ထားတဲ့ ကဲလားကတစ်ဆင့် ကြည့်လိုက်တော့ အသက်လေး ဆယ်သောက်ရှိတဲ့ ခေါင်းဖြူဖြူနဲ့ ယောကျ်ားကြီးတစ်ယောက် ဟာ မီးရောင်ကလေးအောက်မှာ ပန်းပုရုပ်တစ်ရုပ်ကို ထုဆစ်နေ တယ်။ ဒါနဲ့ ဘုရင်ကြီးလည်း အပြင်ဘက်ကနေ အသံပြုလိုက် တယ်။

"အို…ပန်းပုဆရာ။ ညဉ့်နက်သန်းခေါင်ရောက်တဲ့တိုင် အောင် အများတကာတွေ ခြေပစ်လက်ပစ် အိပ်မောကျ နေပေမဲ့ အိပ်စက်ခြင်းမပြုဘဲ ဘာကြောင့် အလုပ်တွေ ကျုံးလုပ်နေရတာတုံး"

ဘုရင်ကြီးရဲ့ အသံကြားတာနဲ့ ပန်းပုဆရာလည်း အပြင် ကို ထွက်လိုက်တယ်။ အပြင်မှာတော့ ဆီးနှင်းဖြူတွေက တဖွဲဖွဲ

ကျဆင်းနေတယ်။ ပန်းပုဆရာဟာ ဘုရင်ကြီးမှန်းသိတဲ့အခါ ပျာပျာသလဲနဲ့ အရိုအသေပြုလိုက်တယ်။

"အိမ်ထဲကို ကြွတော်မူပါ အရှင်မင်းကြီး။ အပြင်မှာ နှင်းတွေ တဖွဲဖွဲကျနေလို့ အင်မတန်မှ အေးချမ်းလှပါတယ်"

"ကိစ္စမရှိပါဘူး ပန်းပုဆရာ။ ငါတို့မှာ အချမ်းဒဏ်ကို ကာကွယ်နိုင်ဖို့ရာ အဝတ်တန်ဆာတွေ ဝတ်ဆင်ထားခဲ့ပြီးသားပါ။ ကိစ္စမရှိပါဘူး။ ဒါ့ထက် ဘာကြောင့်များ မအိပ်စက်သေးတာတဲ့တုံး"

"မှန်လှပါမင်းကြီး။ ကျွန်တော်မျိုးအဖို့ ခုလိုမျိုး ညဥ့်နက်သန်းခေါင်ရောက်တဲ့အထိ မအိပ်စက်နိုင်တာဟာ ဆင်းရဲနွမ်းပါးလွန်း တဲ့အတွက် အလုပ်တွေ လုပ်နေရလို့ပါ အရှင်မင်းကြီး"

ဘုရင်ကြီးဟာ ပန်းပုဆရာကြီးကိုကြည့်ပြီး အတော်ကလေး ကရုဏာသက်သွားရှာတယ်။ အဲဒါကြောင့်ပဲ ကြင်ကြင်နာနာမေးမြန်းတော်မူပါတယ်။

"အို…ပန်းပုဆရာ။ သင် ဒီရပ်ရွာကို ရောက်လာတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ"

"အရှင်မင်းကြီး…ကျွန်တော်မျိုးကြီး ဒီရပ် ဒီရွာကို ရောက်လာခဲ့တာ နှစ်ပေါင်းလေးဆယ်ရှိခဲ့ပါပြီ"

ပန်းပုဆရာရဲ့စကားကို ကြားရတော့ ဘုရင်ကြီးဟာ ခေါင်းတဆတ်ဆတ်ညိတ်နေပေမဲ့ အပါးမှာရှိတဲ့အမတ်နှစ်ပါးကတော့

သူတို့အချင်းချင်း တစ်ပါးမျက်နှာတစ်ပါးကြည့်လို့ မသိမသာ ခေါင်းယမ်းနေမိကြတယ်။ ဘုရင်ကြီးဟာ အိမ်အပြင်ဘက်ကို တစ်ချက်မျှ ငဲ့ကြည့်လိုက်တယ်။ အပြင်ဘက်မှာတော့ နှင်းတွေက တဖြိုးဖြိုးတဖြောက်ဖြောက်ကျဆင်းလို့…။

"တောင်ထွတ်ပေါ်ကို နှင်းဖြူတွေကျခဲ့တာ ကာလဘယ်လောက်ရှိခဲ့ပြီလဲ ပန်းပုဆရာ"

"မှန်လှပါ အရှင်မင်းမြတ်။ တောင်ထွတ်ပေါ်ကို နှင်းဖြူတွေ ကျခဲ့တာ ကာလတွက်စစ်ရင် နှစ်နှစ်လောက်ရှိခဲ့ပါပြီ အရှင်မင်းမြတ်"

သည်တစ်ခါမှာလည်း ဘုရင်ကြီးဟာ ဦးခေါင်းတညိတ်ညိတ်။

အမတ်ကြီးနှစ်ပါးကတော့ တစ်ပါးမျက်နှာ တစ်ပါးကြည့်ရင်း မသိမသာဆိုသလို ခေါင်းတွေကို ခါယမ်းနေခဲ့ကြတယ်။

"အို…ပန်းပုဆရာ။ တစ်နှစ်မှာ ဆယ့်နှစ်လရှိတဲ့အနက် တစ်လလောက်တော့ဖြင့် ကိုယ်စိတ်အပန်းပြေအောင် အနားယူသင့်တယ်"

"မှန်လှပါ…အနားယူချင်ပေမဲ့ ဘဝပေးကုသိုလ်ကံက ဆင်းရဲနွံချာလွန်းလှတဲ့အတွက် ဘယ်လိုမှ အခွင့်မသာပါဘူး မင်းကြီး"

ပန်းပုဆရာက အဖြစ်မှန်အတိုင်း လျှောက်တင်လိုက်တော့ ဘုရင်ကြီးလည်း သူ့တိုင်းသူ့ပြည်သားတစ်ယောက်အတွက် စိတ်မကောင်းဖြစ်သွားရတယ်။ ပြီးတော့ သူ့ဘယ်လိုကူညီနိုင်မလဲဆို

တာကို စဉ်းစားကြည့်လိုက်တယ်။ သိပ်တော့ မစဉ်းစားလိုက်ရပါဘူး။ မူလခါတ်ခံကိုက ဉာဏ်ပညာရည်ပြည့်ဝနေသူဆိုတော့ ကျေညီနိုင်မယ့် လမ်းစတစ်ခုကို ဖျတ်ခနဲရလိုက်တယ်။

"ပန်းပုဆရာ…သင်ဟာ ဘဝပေးအခြေအနေအရ ဆင်းရဲပင် ဆင်းရဲသော်ငြား ပညာကင်းမဲ့သူတော့ မဟုတ်ပေဘူး။ သည့်အတွက် ဆင်းရဲခြင်းဝဋ်က လွတ်ကင်းရအောင်လို့ မကြာခင်မှာဘဲ သင့်ဆီကို နွားကြီးနှစ်ကောင်ပို့ပေးလိုက်ပါမယ်။ အဲသည်နွားကြီးနှစ်ကောင်ရဲ့ ဝမ်းတွင်းကလီစာတွေနဲ့ အသားတွေကို ဖျက်ယူလိုက်ပါ။ အဲ… အရိုးအရင်းတွေမှန်သမျှကိုတော့ ငါ့ဆီ ပြန်ပို့ပေးပါ"

"မှန်လှပါ။ အတိုင်းမသိ ကျေးဇူးတင်ပါတယ် အရှင်မင်းမြတ်"

အဲသည်နောက်မှာတော့ ဘုရင်ကြီးလည်း အမတ်ကြီးနှစ်ပါးနဲ့အတူ ပန်းပုဆရာနေထိုင်တဲ့ ဒုနုပဒ်ကလေးကနေ လှည့်ပြန်ခဲ့ကြတယ်။

❋ ❖ ❋

နန်းတော်ကိုရောက်တော့ ဘုရင်ကြီးဟာ အိပ်ဆောင်ကို မဝင်သေးပါဘူး။ အမတ်ကြီးနှစ်ပါးနဲ့ ထွေရာလေးပါးပြောကြားရင်း ပန်းပုဆရာဟာ အင်မတန်ပညာရှိပြီး ရိုးဖြောင့်လှတဲ့အကြောင်း မိန့်တော်မူပါသတဲ့။ အဲသည်နောက် အမတ်ကြီးတွေအနေနဲ့ ပန်းပုဆရာအပေါ် ဘယ်လိုထင်မြင်ယူဆပါသလဲလို့ မေး

တဲ့အခါ အမတ်ကြီးတွေကလည်း သွက်လက်စွာဖြေကြားပါတယ်။ ဒါပေမဲ့ 'မင်းလိုလိုက် မင်းကြိုက်မဆောင်ရဘူး။ စိတ်ထဲရှိတဲ့အတိုင်း ဖြေရမယ်' လို့ စကားခံထားတဲ့အတွက်…

"အရှင်မင်းကြီး…အဲသည်ပန်းပုဆရာဟာ လူလိမ်လူကောက်တစ်ဦးဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူအဲသည် ဇေပုဒ်ကို ရောက်ရှိလာတာဟာ သုံးလေးနှစ်လောက်သာ ရှိသေးလို့ပါပဲ။ ခုတော့ 'နှစ်ပေါင်းလေးဆယ်' ရှိပြီပြောတာက အမှန်ကို ဖုံးကွယ်ပြီး မုသားစကားဆိုလိုက်တာပါပဲ"

အမတ်ကြီးတစ်ပါးက အဲသည်လိုတင်လျှောက်လိုက်တဲ့အခါ ကျန်အမတ်ကြီးမှာလည်း မနေသာတော့ပါဘူး။

"မှန်လှပါမင်းကြီး…အဲသည်ပန်းပုဆရာဟာ လူလိမ်မှ လူလိမ်အစစ်ပါမင်းကြီး။ တောင်ထွတ်ပေါ်ကို နှင်းဖြူတွေကျ ခဲ့တာ နှစ်ကာလပေါင်း နည်းမှမနည်းတော့ဘဲ။ ဒါကိုသူက နှစ်နှစ်လောက်ရှိပါပြီဆိုတော့ မမှန်မကန်လိမ်ညာတင်လျှောက်တာပါပဲ"

အဲသည်လိုလျှောက်တင်စကားတွေ ကြားလိုက်ရတော့ ဘုရင်ကြီးဟာ မျက်မာန်တော်ရှပြီး ဒေါပွသွားတော့တယ်။

"သယ်…သင်တို့နှစ်ပါးဟာ ငါ့ထံပါးခစားနေကြတဲ့ သုခမိန်တွေဖြစ်ပါလျက်နဲ့ ဇေပုဒ်အရပ်က ပန်းပုဆရာ သူဆင်းရဲလောက်တောင် ပညာမရှိကြပါကလား။

ငါကိုယ်တော်မြတ်နဲ့ ပန်းပုဆရာတို့ လေးနက်တဲ့အဓိပ္ပာယ်

နဲ့ ပြောဆိုနေကြတာကို မရိပ်စားမိလောက်အောင် ဉာဏ်ပညာ နည်းပါးလှတာ အနယ်နယ်အရပ်ရပ် ကြားလို့မှ မလျော်လှပါတကား။

ဒီတော့ မနက်ဖြန်ညီလာခံကျရင် ငါကိုယ်တော်မြတ်နဲ့ ပန်းပုဆရာတို့ပြောဆိုကြတဲ့ စကားအဓိပ္ပာယ်အမှန်ကို တင်လျှောက်နိုင်ရင် တင်လျှောက်ကြ။ မတင်လျှောက်နိုင်ရင် ရာထူးရာနုတ်ပယ်ပြီး တိုင်းပြည်က နှင်ထုတ်ပစ်မယ်"

အဲသည်လို အမိန့်တော်ချမှတ်လိုက်တဲ့အခါ အမတ်ကြီးနှစ်ပါးလည်း စိုးရွံ့ထိတ်လန့်ပြီး မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားကြတော့တယ်။

❋ ❖ ❋

နန်းတော်ထဲက ထွက်လာကြပေမဲ့ ရင်ထဲမှာ ပူလောင်နေကြတာမို့ သူတို့ရဲ့ အိမ်တော်ကို မပြန်နိုင်ဘဲ နှစ်ဦးသား ပန်းပုဆရာရှိတဲ့ ရွာငယ်ဇနပုဒ်ကလေးရှိရာ ပြေးကြရပါပြီ။ သူတို့နှစ်ပါးစလုံးဟာ ထိုးထွင်းဉာဏ်၊ အသိပညာ ဗဟုသုတမှ မရှိကြတဲ့ဟာ ဘယ်လိုလုပ်အဖြေမှန်ပေးနိုင်မှာတဲ့လဲ။ သည်တော့ အဖြေမှန်ပေးနိုင်မယ့် ပန်းပုဆရာဆီပဲ သွားကြရတာပေါ့။ ပန်းပုဆရာဆီရောက်တော့ စကားအဓိပ္ပာယ်အမှန်ကို ဖြေကြားပေးဖို့ရာ တောင်းပန်ကြတော့တယ်။

"အမတ်ကြီးတို့ခင်ဗျာ…

အမတ်ကြီးတို့ဆိုတာက အရှင်မင်းမြတ်ထံပါးမှာ ခစားပြီး အကြံဉာဏ်ကောင်းတွေ ပေးရတဲ့ပညာရှိ သုခမိန်ကြီးတွေ ဖြစ်ကြပါတယ်။ ကျွန်တော်မျိုးကတော့ ပညာဉာဏ်နုံနဲ့လို့ ရှာငယ် ဈေးပုဒ်မှာ မှီခိုပြီး ဆင်းဆင်းရဲရဲနဲ့ ပန်းပုထုစားနေသူပါ။ အမတ်ကြီးတွေ မသိဘဲနေမှာ မဟုတ်ပါဘူး"

ပန်းပုဆရာက အဲသလိုပြောလိုက်တော့ အမတ်ကြီးနှစ်ပါးကလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြတော့တယ်။

"အို…အဲသည်လိုလည်း သဘောမထားပါနဲ့ ပန်းပုဆရာ။ သင်နဲ့ မင်းကြီးတို့ပြောဆိုနေကြတဲ့စကားအဓိပ္ပာယ်မှန်ကို တကယ်မသိလို့ နန်းတော်ကို ရောက်ခဲ့ပြီးမှ ပြန်လာမေးရတာပါ။ အသင် ဖြေပေးလို့လည်း အကျိုးမယုတ်စေရပါဘူး။ ငါတို့ သင့်ကို အသပြာတစ်ရာစီ ဉာဏ်ပူဇော်ခပေးမှာပါ"

သည်စကားကြားရတော့ ပန်းပုဆရာဟာ ခပ်ပြုံးပြုံးလေးနဲ့ ခေါင်းကို ညင်သာစွာ ခါယမ်းပြလိုက်တယ်။

"စဉ်းစဉ်းစားစား လုပ်ကြပါခင်ဗျာ။ အမတ်ကြီးတို့လို တိုင်းသိပြည်သိပုဂ္ဂိုလ်ကြီးတွေက ဉာဏ်ပူဇော်ခ တစ်ရာစီ ပေးတယ်ဆိုတာ လူကြားလို့မှ မသင့်တော်ပါဘူး"

"အို…ဒါဖြင့် နှစ်ရာစီပေးမယ်လေ"

"မသင့်တော်ပါဘူး ခင်ဗျာ"

"ဒီလိုဆို…ငါးရာစီ"

တစ်စထက်တစ်စ ငွေကြေးပမာဏမြင့်တက်လာတယ်။ နောက်ဆုံးမတော့ အပြတ်ဖြတ်မှ ဖြစ်တော့မည့်အနေအထား ရောက်လာတာမို့…

"အမတ်ကြီးတို့ခင်ဗျား…

အရှင်မင်းကြီးထံပါးမှာ ခစားနေကြတဲ့ပညာရှိသုခမိန်တွေ ဖြစ်တာတောင်မှ မဖြေနိုင်တဲ့ပုစ္ဆာကို ဖြေရမှာ ဖြစ်တဲ့ အတွက် အသပြာငါးရာစီ လုပ်မနေကြပါနဲ့တော့။ ဈေးဆစ်တယ်ဆိုတာ မကောင်းပါဘူး။ အဖြေမှန်စကားကို သိချင်ကြရင်ဖြင့် အသပြာ တစ်ထောင်စီပေးရင် ပြောပြပါမယ်။ ဒီလိုမှမဟုတ်ရင် မပြောနိုင်ပါဘူး။ ကျွန်တော်မျိုးလည်း အလုပ်ပျက်ပါတယ်။ အိပ်စက်ဖို့ရာလည်း ရှိပါသေးတယ်"

သည့်စကားကြောင့် အမတ်ကြီးနှစ်ပါးတို့ တုန်လှုပ်သွားကြတယ်။ တစ်ပါးမျက်နှာကိုတစ်ပါး ကြည့်မိကြတယ်။ အသပြာတစ်ထောင်စီဆိုတာက ပြန်ရှာလို့ ရတယ်။ ဒါကိုမပေးရင်တော့ အဖြေမရ ဖြစ်သွားတော့မှာပေါ့။ ဒါဆိုရင် ညီလာခံမှာ အရှက်တကွဲဖြစ်ပြီး ဘဝတွေပျက်ယွင်းရတော့မှာ အမှန်ပါ။

"ကိုင်း…ပေးပါ့မယ်။ ပေးပါ့မယ်။ ပြောပါတော့"

အသပြာတစ်ထောင်စီ လက်ဝယ်ရရှိအပြီးမှာတော့ ဆင်းရဲတွင်းမှ ကင်းလွတ်သွားပြီဖြစ်တဲ့အတွက် ဖန်းပုဆရာက သူနဲ့ဘုရင်ကြီးတို့ပြောဆိုကြတဲ့စကားအဓိပ္ပာယ်ကို ရှင်းလင်း ပြောပြလိုက်တော့တယ်။

"အမတ်ကြီးတို့...

အရှင်မင်းကြီးက 'သင်..ဒီရပ်ဒီရွာကို ရောက်လာတာ ဘယ်လောက်ကြာခဲ့ပြီလဲ' လို့ မေးတာဟာ တကယ်တော့ ကျွန်ုပ် လူ့ပြည်လူ့လောကကို ရောက်လာတာ ဘယ်လောက်ကြာပြီလဲလို့ ရည်ရွယ်မေးမြန်းခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်မျိုးက ကိုယ့်အသက်အရ 'အနှစ်လေးဆယ်' ရှိပြီလို့ တင်လျှောက်ရခြင်းဖြစ်ပါတယ် အမတ်ကြီး"

"အို...ဟုတ်လိုက်လေ။ နို့ 'တောင်ထွတ်ပေါ်ကို နှင်းဖြူတို့ ကျခဲ့တာ ကာလဘယ်လောက်ရှိခဲ့ပြီလဲ' ဆိုတာကရော..."

"မှန်လှပါ...တကယ့်ရင်းမြစ်အဓိပ္ပာယ်က သင့်ရဲ့ ဦးခေါင်းပေါ်ကို ဆံပင်ဖြူတွေ ပေါက်ခဲ့တာကာလ ဘယ်လောက် ရှိခဲ့ပြီလဲလို့ မေးမြန်းတာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်မျိုးကြီးက 'ဆံပင်ဖြူတွေ ပေါက်ခဲ့တာ နှစ်နှစ်ကျော်ပြီ' ဖြစ်တဲ့အကြောင်း ဖြေကြားခဲ့ခြင်းပါ"

"အို...ဟုတ်ပေသားပဲ။ ပညာရှိပါပေရဲ့ ပန်းပုဆရာရယ်။ ဒါထက် သင့်ဆီကို နွားကြီးနှစ်ကောင်ပို့ပေးလိုက်မယ် ဆိုတာကကော ဘယ်မှာတဲ့လဲ"

"မှန်လှပါ...အဲဒီနွားကြီးနှစ်ကောင်ဟာ ခုပဲ ရောက်လာပါပြီ"

"ဟယ်...မဟုတ်တာ။ ဘယ်မှာလဲ နွားကြီးနှစ်ကောင်"

"ဟုတ်ပါတယ်။ ကျွန်တော်မျိုးဆီရောက်လာလို့ ဝမ်းတွင်းကလီစာတွေနဲ့ အသားတွေကို ဖျက်ယူခဲ့ပြီးပါပြီ။ အရိုးပဲကျန်ပါတော့တယ်။ အဲဒီအရိုးဟာ သူ့အလိုလို မင်းကြီးထံပြန်ရောက်မှာပါ"

"မရှင်းဘူး။ အဲဒါ ဘာအဓိပ္ပာယ်လဲ ပန်းပုဆရာရဲ့"

"အဓိပ္ပာယ်က မင်းကြီးဟာ အမတ်ကြီးနှစ်ယောက်ကို ကျွန်တော်မျိုးထံပို့လိုက်ပါမယ်။ ကျွန်တော်မျိုးက အသပြာများများရအောင် ယူပြီး ပြန်ခိုင်းလိုက်ဖို့ ဆိုတဲ့သဘောပါ"

"အယ်...အကျိုးနည်းပါပေါ့လား"

ပန်းပုဆရာရဲ့ တိကျလေးနက်လှတဲ့စကားအဓိပ္ပာယ်တွေက ပညာရှိသုခမိန်လို့ အမည်ခံထားတဲ့ အမတ်ကြီးနှစ်ပါးကို အရှက်ရစေခဲ့ပါတယ်။

မတတ်နိုင်တော့ပါဘူး။ အသပြာတစ်ထောင်စီ အဆုံးရှုံးခံလို့ မနက်ဖြန်ညီလာခံမှာ ရာထူးမပြုတ်ရေး၊ နယ်နှင်မခံရရေးအတွက် အမတ်ကြီးနှစ်ပါးဟာ ဇနပုဒ်ကလေးကနေ သုတ်ခြေတင်သွားရပါတော့တယ်။

ကိုင်း...ပုံပြင်လေးကတော့ ဒါပါပဲ။

**လောကမှာ အသိပညာ၊ အတတ်ပညာချို့တဲ့၊ ကင်းမဲ့ရင် မျက်နှာငယ်ရ၊ အရှက်ရတတ်တာကို သတိပြုနိုင်ကြပါလိမ့်မယ်။**

❊ ❖ ❊

# ချစ်သမီးအလိမ္မာ မစန္ဒြာ



## ချစ်သမီးအလိမ္မာ မစန္ဒာ

ဟိုး…ရှေးရှေးအခါတုန်းက တိုင်းပြည်တစ်ပြည်မှာ ရှိကြတဲ့ ပုဏ္ဏားတွေအထဲမှာ ပုဏ္ဏားခုနစ်ယောက်ဟာ တစ်ဦးနဲ့ တစ်ဦး မိတ်ဆွေဖွဲ့ကြရင်း…

"အဆွေတို့… ငါတို့ခုနစ်ယောက်စလုံးဟာ ဗေဒင်လက္ခဏာတတ်ကျွမ်းကြတဲ့သူတွေဖြစ်တယ်။ အချင်းချင်းလည်း မိတ်ဆွေရင်းချာတွေ ဖြစ်နေကြပြီမို့ ငါတို့ ခုနစ်ယောက် ကောင်းတူဆိုးဖက် အမြို့မြို့အရွာရွာ လှည့်လည်ပြီး ဗေဒင်လက္ခဏာ ဟောကြမယ်။ ရလာတဲ့ အသပြာငွေကြေးတွေကို ဘုံအဖြစ် ထည့်ဝင်ကြပြီး အများကြီးရလာတဲ့အခါမှ အညီအမျှခွဲဝေကြရင် မကောင်းဘူးလား"

ရယ်လို့ တစ်ယောက်က သူ့အကြံအစည်ကို တင်ပြလိုက်တယ်။ သည်အခါ အားလုံးသဘောတူညီကြတာမို့ အတူတကွ အမြို့မြို့အရွာရွာ လှည့်လည်ရင်း ဗေဒင်လက္ခဏာဟောလို့ စီးပွားရှာကြတာ ကာလတစ်ခုမှာ အသပြာငါးရာတိတိ စုဆောင်းမိလာကြတယ်တဲ့။

အဲသည်အခါကျတော့ နှစ်ယောက်လောက်က ခွဲဝေယူလိုကြတယ်။ ကျန်တဲ့သူတွေက သဘောမတူကြဘူး။

"တို့က ခုနစ်ယောက်တောင်ရှိတာ။ ခုစုမိတာ ငါးရာဆိုတော့ ခွဲရတာ အဆင်မပြေဘူး။ အသပြာခုနစ်ရာတိတိ ပြည့်တဲ့အခါကျမှ အညီအမျှခွဲဝေယူကြတာပေါ့ မကောင်းဘူးလား"

တစ်ယောက်က တွေးတွေးဆဆနဲ့ ပြောတော့ အားလုံးလည်း…

"ဟုတ်တာပေါ့။ ဒါမှပဲ အညီအမျှဖြစ်တော့မပေါ့"

ဆိုပြီး သဘောတူသွားကြပါတယ်။ အဲသည်မှာ တစ်ခုရှိတာက ငွေအသပြာငါးရာကို ဘယ်သူထိန်းသိမ်းမလဲဆိုတဲ့ကိစ္စပါ။ ငွေကြေးကိစ္စဆိုတော့ တစ်ဦးကိုတစ်ဦးလည်း သိပ်မယုံကြည်ကြဘူး။ ဒါနဲ့ သူတို့အားလုံးနဲ့ သိကျွမ်းခင်မင်နေတဲ့ သူဆင်းရဲမတစ်ယောက်ဆီမှာ အပ်နှံလိုက်ကြတယ်။ သူဆင်းရဲမကိုလည်း…

"ဒီအသပြာငါးရာကို ကောင်းမွန်စွာသိမ်းထားပေးပါ။ ငါတို့ခုနစ်ယောက်စလုံး စုံစုံညီညီလာရောက်တောင်းခံတဲ့

အခါကျမှသာ ငါတို့ကိုထုတ်ပေးပါ။ သည်ကြားထဲ ဘယ်သူလာတောင်းတောင်း မပေးပါနဲ့"

ဆိုပြီး သေသေချာချာ မှာကြားခဲ့ပါတယ်။

အဲသည်နောက် သူဆင်းရဲမအိမ်ကနေပြီး ပုဏ္ဏားခုနစ်ယောက်လုံး ထွက်လာခဲ့ကြရင်းက မနီးမဝေး လှမ်းအော်လို့ရ၊ လှမ်းခေါ်လို့ရတဲ့နေရာရောက်တော့ ကြည်လင်အေးမြပြီး တသွင်သွင်စီးဆင်းနေတဲ့ ချောင်းကလေးကို တွေ့လိုက်ရပါတဲ့။ သည်တော့ ပုဏ္ဏားတို့ဘာသာဘာဝ ခေါင်းဆေးမင်္ဂလာပြုဖို့ရာ ပြင်ဆင်လိုက်ကြတော့တယ်။

"နေဦး…ငါတို့တစ်တွေ ခေါင်းဆေးမင်္ဂလာပြုတာကတော့ ဟုတ်ပါပြီ။ တရော်ကင်ပွန်းကော ဘယ်သူ့ဆီမှာပါကြသတုံး"

အဲသည်အခါ တရော်ကင်ပွန်းဟာ ဘယ်သူ့ဆီမှာမှ မပါဘူးဖြစ်နေလေရဲ့။ ဒါနဲ့ပဲ ပုဏ္ဏားခုနစ်ယောက်ထဲက အငယ်ဆုံးပုဏ္ဏားကိုပဲ တာဝန်ပေးရတော့တာပေါ့။

အဲသည် တာဝန်ပေးခြင်းခံရတဲ့ ပုဏ္ဏားငယ်ဟာ တော်တော်ကလေးကို ပျော်သွားတယ်။ ဘာကြောင့်ဆို သူ့မှာက အကြံအစည်ရှိနေတာကိုး။ ဒါနဲ့ သူဆင်းရဲမဆီရောက်တဲ့အခါ တရော်ကင်ပွန်းကိုသာမက အသပြာငါးရာကိုပါ ထုတ်ပေးဖို့ တောင်းခံလိုက်တယ်။ သူဆင်းရဲမက မပေးပါဘူး။

"အို…ပုဏ္ဏားငယ်၊ သင်တို့ခုနစ်ယောက်အစုံအညီရှိမှပေးပါလို့ စကားခံထားတယ် မဟုတ်လား။ ခု…သင် တစ်

ယောက်တည်းလာပြီး တောင်းတယ်ဆိုတာ သဘာဝ မကျဘူး”

“အို…အသင်။ သူတို့ခြောက်ယောက်လုံး ချောင်းရေထဲ ဆင်းနေလို့ အတူတကွလိုက်မလာနိုင်ကြတာပါ။ မယုံရင် ‘ပေးလိုက်ရမလား’ လို့အော်ပြီး မေးကြည့်စမ်းပါ”

သူဆင်းရဲမဟာ ဆင်းရဲပင်ဆင်းရဲသော်ငြား သဘောဖြောင့် သူဖြစ်ပါတယ်။ ဒါကြောင့် သိပ်မနီးမဝေး၊ လှမ်းမြင်နေရတဲ့ ပုဏ္ဏားခြောက်ယောက်ကို…

‘အသင်တို့ ယူခိုင်းတာပေးလိုက်ရမလား’ လို့ အသံမြှင့်ပြီး အော်ဟစ်မေးမြန်းလိုက်ပါတယ်။ ပုဏ္ဏားခြောက်ယောက်က တရော်ကင်ပွန်းထင်လို့…

‘ပေးလိုက်…ပေးလိုက်’ လို့ တညီတညွတ်တည်း အသံ ပြုကြပါတယ်။ သည်တော့လည်း သဘောရိုးဖြောင့်တဲ့ သူဆင်း ရဲမဟာ ပုဏ္ဏားကို ‘အသပြာငါးရာထုပ်နဲ့ တရော်ကင်ပွန်းတွေကို ပေးလိုက်ပါတော့တယ်။

ပုဏ္ဏားငယ်ဟာ ကောက်ကျစ်သူပီပီ ဘယ်သူမှ မမြင်နိုင် တဲ့ သစ်ခေါင်းတစ်ခေါင်းကို တွေ့တော့ အသပြာထုပ်ကို ဝှက်ခဲ့ ပြီး တရော်ကင်ပွန်းတွေကိုသာ ပုဏ္ဏားကြီးတွေကို ပေးပါတယ်။ ပုဏ္ဏားအပေါင်းလည်း ခေါင်းဆေးမင်္ဂလာပြုပြီးကြတဲ့နောက် ခရီး ရှေ့ဆက်ထွက်သွားကြတာပေါ့။

ရွာတစ်ရွာရောက်တော့ ဇရပ်တစ်ဆောင်မှာ ညအိပ်ကြပါ တယ်။ ပုဏ္ဏားခြောက်ယောက်တို့ အိပ်မောကျနေချိန်မှာ ပုဏ္ဏား

ငယ်လည်း ဇရပ်က ထွက်ပြေးလာခဲ့တယ်။ ဝှက်ထားတဲ့ဆီ ပြန်သွားလို့ အသပြာထုပ်ကိုယူပြီး ခြေရာဖျောက်သွားပါတော့တယ်။

မနက်မိုးလင်းတဲ့အခါ ပုဏ္ဏားငယ်ပျောက်နေတာမို့ အားလုံးဟာ သံသယဝင်မိကြတယ်။ ဒါနဲ့ အားလုံးပဲ သူဆင်းရဲမရှိရာပြန်လာပြီး အကျိုးအကြောင်းကို မေးမြန်းကြတယ်။ သူဆင်းရဲမလည်း အရှိုးခံအတိုင်း ပြန်ပြောပြတာပေါ့။ သည်တော့ ပုဏ္ဏားခြောက်ယောက်စလုံးဟာ မကျေမနပ်ဖြစ်ကြတယ်။

"အို…သူဆင်းရဲမ။ သင့်ကို ငါတို့ခုနစ်ယောက်လုံးစုံပြီး တောင်းတဲ့အခါကျမှ ပေးပါလို့ သေသေချာချာမှာထားခဲ့တယ် မဟုတ်လား။ ခု…သူတစ်ယောက်တည်း တောင်းတာကို ဘာဖြစ်လို့ ပေးလိုက်ရသလဲ"

"အရှင်ပုဏ္ဏားကြီးတို့…သူတစ်ယောက်တည်းလာပြီး တောင်းလို့ ကျွန်မလည်း မယုံသင်္ကာဖြစ်တာနဲ့ မပေးဘဲနေပါသေးတယ်။ ဒီအခါ…မယုံရင် ပုဏ္ဏားကြီးတို့ကို လှမ်းအော်မေးပါဆိုလို့ လှမ်းအော်မေးခဲ့တယ်မဟုတ်လား။ ဒီအခါ ပုဏ္ဏားကြီးတို့အားလုံးက ပေးလိုက်ပါဆိုလို့ ကျွန်မပေး လိုက်မိတာပါရှင်"

"အို…သင့်ကို ငါတို့အားလုံး မကျေနပ်ဘူး။ ဘာပဲဖြစ်ဖြစ် ခုလိုကိစ္စမှာ တာဝန်အရှိဆုံးဟာ သင်ပဲ။ သည်တော့ မင်းကြီးကို လျှောက်ထားပြီး တရားဆုံးဖြတ်ခိုင်းရမယ်"

အဲဒါနဲ့ပဲ သူဆင်းရဲမလည်း မင်းကြီးရဲ့ ရှေ့တော်မှောက်ကို ရောက်ခဲ့ရတာပေါ့။

"အို…သူဆင်းရဲမ သင့်ကို ပုဏ္ဏားခုနစ်ယောက် အပ်နှံထားတဲ့ဥစ္စာ သူတို့အားလုံး အစုံအညီတောင်းလာမှပေးပါလို့ ပုဏ္ဏားတို့ မှာခဲ့သလား"

"မှာခဲ့ပါတယ်…မင်းကြီး"

"အဲသည်လို မှာခဲ့ပါလျက်နဲ့ ပုဏ္ဏားတစ်ယောက်တည်းက လာပြီး တောင်းလာတာကို သင်ပေးလိုက်မိသလား"

"ပေးလိုက်မိပါတယ် အရှင်မင်းကြီး"

"ဒါဆိုရင် သင့်မှာ အပြစ်ရှိတယ်။ ဒါကြောင့် အဲသည်အသပြာငါးရာကို သင်အလျော်ပေးစေ"

"အရှင်မင်းကြီး…ကျွန်တော်မျိုးမဟာ သူဆင်းရဲဖြစ်တဲ့အပြင် မုဆိုးမလည်းဖြစ်ပါတယ်။ ပြီးတော့ လူမမည်သမီးငယ်လေးတစ်ဦးကိုလည်း ကျွေးမွေးစောင့်ရှောက်နေရပါတယ်။ ဆင်းရဲလှတဲ့အတွက် အသပြာငါးရာကို အလျော်ပေးစရာမရှိပါ အရှင်မင်းကြီး"

"ဒါဖြင့်ရင် သင်ကိုယ်တိုင် အဲသည်ပုဏ္ဏားကြီးတွေဆီမှာ တစ်လှည့်စီ ကျွန်ခံစေ"

မင်းကြီးရဲ့ စီရင်ချက်ကို သူဆင်းရဲမဟာ ဘယ်လိုမှ စောဒကမတက်ဝံ့ပါဘူး။ ဒါကြောင့်ပဲ ပုဏ္ဏားအကြီးဆုံးအိမ်ကစလို့ ခြောက်ယောက်မြောက် ပုဏ္ဏားကြီးအိမ်အထိ လခွဲစီ၊ လခွဲစီ ကျွန်ခံရပါတော့တယ်။

သည်လိုနဲ့ပဲ ကာလတွေကြာလာတာနဲ့အမျှ သူဆင်းရဲမရဲ့ သမီးကလေးဟာလည်း အရွယ်ရောက်ကြီးပြင်းလာခဲ့ပါတယ်။

သမီးကလေးဟာ ထူးထူးခြားခြား လိမ္မာလှသူကလေးပါ။ နာမည်က မစန္ဒာ...တဲ့။

မစန္ဒာဟာ ရွာကဘုန်းတော်ကြီးကျောင်းမှာ စာပေကျမ်းဂန်တွေကို သင်ယူပါတယ်။ လေ့လာမှတ်သားဖတ်ရှုပါတယ်။ ရဟန်းသံဃာ ဘုန်းတော်ကြီးတွေ၊ လူကြီးသူမ ပညာရှိတွေရဲ့ စကား၊ ဆုံးမဩဝါဒတွေကို အမြဲနာယူ မှတ်သားထားခဲ့တယ်။ အဲသည်တော့ မစန္ဒာလေးဟာ အကြားအမြင်၊ ဗဟုသုတတွေ ကြွယ်ဝသူဖြစ်လာတော့တာပေါ့။

တစ်နေ့မှာတော့ မစန္ဒာလေးဟာ ပုဏ္ဏားကြီးခြောက်ယောက်ဆီမှာ တစ်လှည့်စီကျွန်ခံနေရှာတဲ့ မိခင်ကြီးနဲ့မှဆုံတော့

"အမေရယ်...အမေဟာ ဘာကြောင့်များ ပုဏ္ဏားတွေဆီမှာ တစ်လှည့်စီ ကျွန်ခံနေရတာလဲဟင်။ တခြားသူတွေကျွန်ခံတယ်ဆိုတာဟာ အရှင်တစ်ယောက်တည်းဆီမှာပဲ ကျွန်ခံကြရတာပါ။ အမေ့ကျတော့ ခြောက်ယောက်တောင်မှ ဘယ်လိုကြောင့်များလဲ အမေရယ်..သမီးကို ပြောပြပါဦး"

လို့ မချိတင်ကဲနဲ့ မေးမြန်းရှာပါတယ်။ မိခင်သူဆင်းရဲမလည်း ဖြစ်ပျက်ပုံ အလုံးစုံကို မခြွင်းမချန်ရှင်းပြခဲ့ပါတယ်။

"အမေ...အဲသည်လိုဆိုရင် ပုဏ္ဏားတွေဆီမှာ ကျွန်သွားမခံနဲ့တော့။ ဘုရင်မင်းမြတ်ဆီ သမီးသွားပြီး သည်ကိစ္စကိုဖြေရှင်းမယ်။ အမေပါတစ်ပါတည်း သမီးနဲ့ လိုက်ခဲ့"

သည်လိုနဲ့ မင်းကြီးဆီရောက်တော့ မစန္ဒာလေးက ရှိသေစွာရှိခိုးရင်း…

"အရှင်မင်းကြီး…အရှင်မင်းကြီးရဲ့ တိုင်းပြည်မှာ အမှုလုပ်ကြတဲ့ ကျွန်တွေဆိုတာ အရှင်သခင်ဆိုလို့ တစ်ယောက်တည်းသာ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်မျိုးမရဲ့ မိခင်ကျတော့ အရှင်သခင်ဟာ ခြောက်ယောက်တောင်မှ အဲသည်ကိစ္စကို ကျွန်တော်မျိုးမ မကျေနပ်နိုင်ပါဘူး။ ဒါကြောင့် အရှင်မင်းကြီးရဲ့ ရှေ့တော်မှောက်မှာ ပုဏ္ဏားတွေနဲ့ တရားရင်ဆိုင်လိုပါတယ်။ ခွင့်ပြုတော်မူပါအရှင်မင်းကြီး"

လို့ လျှောက်ထားခွင့်ပန်ခဲ့ပါတယ်။ ဘုရင်မင်းကြီးဟာ မစန္ဒာရဲ့သွက်လက်ထက်မြက်မှုကို သဘောကျတော်မူတာနဲ့အမျှ ပညာစွမ်းရည်ကို အကဲခတ်လိုတာကြောင့် တရားပြန်လည်ဆိုင်ရအောင် ပုဏ္ဏားခြောက်ယောက်ကို ဆင့်ခေါ်စေလိုက်ပါတယ်။

ပုဏ္ဏားတွေ ရောက်လာကြတဲ့အခါ ဘုရင်မင်းမြတ်အပါအဝင် မှူးကြီးမတ်ရာ၊ ဗိုလ်ပါအစုံအလင်တို့ရှေ့မှောက်မှာ မစန္ဒာက…

"အရှင်မင်းကြီး…ကျွန်တော်မျိုးမကို အသပြာငါးရာ ခေတ္တချေးငှားတော်မူပါ"

လို့ ခွင့်ပန်တောင်းဆိုလိုက်ပါတယ်။ ဘုရင်မင်းမြတ်ကလည်း အလွယ်တကူပဲ အသပြာငါးရာကို ထုတ်ချေးလိုက်ပါတယ်။ သည်တော့ မစန္ဒာ အသပြာငါးရာထုပ်ကို ကိုင်ပြီး ပုဏ္ဏားတွေကို အရေးဆိုပါတော့တယ်။

"အရှင်ပုဏ္ဏားတို့…ကျွန်မရဲ့မိခင်က အသပြာငါးရာကို မပေးနိုင်တဲ့အတွက် အရှင်ပုဏ္ဏားတို့ထံမှာ ကျွန်ခံနေရပါတယ်။ တကယ်လို့ အသပြာငါးရာကို ပြန်လည်ပေးအပ်နိုင်မယ်ဆိုရင် ကျွန်အဖြစ်က လွတ်မလား"

"သူငယ်မ…ငါတို့ကို အသပြာငါးရာပြန်ပေးနိုင်ခဲ့ရင် သင့်မိခင်ကို ကျွန်အဖြစ်က လွတ်မှာပေါ့"

"ကောင်းပါပြီ…အရှင်ပုဏ္ဏားတို့။ ယခုကျွန်မငွေရပါပြီ။ အသပြာငါးရာကို ပြန်လည်ပေးဆပ်ပါတော့မယ်။ ဒါပေမဲ့ အရှင်ပုဏ္ဏားကြီးတို့ရဲ့ စကားအတိုင်း ပုဏ္ဏားခုနစ်ယောက် ပြည့်အောင် စုစည်းလိုက်ပါ"

အားလုံးဟာ မစန္ဒာကလေးရဲ့ လှုပ်ရှားပြုမူ ပြောဆိုဆောင်ရွက်နေပုံတွေကို စိတ်ဝင်တစားနဲ့ အကဲခတ်ကြည့်ရှုနေကြတယ်။

အဲသည်အချိန်မှာတော့ ပုဏ္ဏားခြောက်ယောက်ဟာ ခေါင်းကုတ်နေကြရပါပြီ။ နဖူးတွေမှာလည်း ချွေးစေးတွေတောင် ပြန်လာကြလေရဲ့။

သူတို့အဖို့ ငွေကိုလည်း လက်ခံလို့ကမဖြစ် ဘာကြောင့်ဆို သူတို့စကားအရ ခုနစ်ယောက်စုံမှ လက်ခံလို့ရမှာကိုး။ ငွေခိုးသွားတဲ့ ပုဏ္ဏားငယ်ဆိုတာကလည်း ဘယ်ကိုလိုက်ရှာရမှန်းမှ မသိတာကလား။ ဆိုတော့…ပုဏ္ဏားခြောက်ယောက်ခမျာ အခက်ကြီးကြုံ၊ ရတက်မီးပုံပွားနေရတော့တာပေါ့။

အဲသည်အခါမှာ ပညာရှိမှူးမတ်အပေါင်းက မစန္ဒာကလေးရဲ့ ဉာဏ်ပညာကို ချီးကျူးမဆုံးရှိကြတော့တယ်။

"အို…မစန္ဒာဆိုတဲ့ ကလေးမဟာ အကြားအမြင်၊ ဗဟုသုတတွေနဲ့ များပြားပြည့်စုံလှပါကလား။ တရားဆုံးဖြတ်ရာမှာလည်း အတော့်ကို လိမ္မာတတ်ကျွမ်းလှပါပေရဲ့။ ငါတို့ရဲ့ မင်းကြီး တရားစီရင်တာ အားနည်းချက်တွေရှိနေတယ်။ သည်မစန္ဒာဆိုတဲ့ ကလေးမနဲ့သာ တိုင်ပင်ပြီး ပြည်ထဲရေးကိစ္စ၊ တရားရေးကိစ္စတွေကို စီမံဆောင်ရွက်ရရင်ဖြင့် ငါတို့ရဲ့ တိုင်းပြည်ဟာ မမှန်မကန်မှုတွေ လျော့နည်းပပျောက်ပြီး အေးချမ်းသာယာဖွံ့ဖြိုးလာမှာ အမှန်ပဲ"

"ဟုတ်ပေတယ်…ဝန်မင်း။ ဟုတ်ပါပေတယ်"

ပညာရှိမှူးမတ်အပေါင်းကသာ မစန္ဒာကလေးကို ချီးကျူးကြတာမဟုတ်ပါဘူး။ တရားပြိုင်တွေဖြစ်တဲ့ ပုဏ္ဏားခြောက်ယောက်ကပါ မရှုနိုင်မကယ်နိုင်အဖြစ်ကြားကနေ မစန္ဒာလေးကို 'တော်ရှာပါပေ့…တော်ရှာပေ့' လို့ ချီးမွမ်းထောမနာပြုကြရပါတယ်။

သည်အခါမှာ ဘုရင်မင်းမြတ်လည်း မနေသာတော့ပါဘူး။ သူလက်လွှတ်စပယ် စီရင်ဆုံးဖြတ်ခဲ့တဲ့အတွက် သူဆင်းရဲမကြီးခမျာ အတော်ကလေးစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရှာပေမယ်လို့ တွေးပြီး…

"ငါစီရင်ခဲ့တဲ့ တရားဟာ အမှားကြီးမှားခဲ့ပါပေတယ်။ ဒါကြောင့် ဤယနေ့၊ ဤအချိန်မှစလို့ သူဆင်းရဲမအား ကျွန်အဖြစ်မှ လွှတ်စေ။ ပုဏ္ဏားတို့အမှု ရှုံးစေ။ ငါမှားယွင်းစွာ စီရင်ခဲ့တဲ့ ကိစ္စကြောင့် ငါ့ဆီက မစန္ဒာချေးငှားတဲ့

အသပြာငါးရာကို သူ ဆင်းရဲမအဖို့ လျော်ကြေးအဖြစ် အပြီးအပိုင်ယူစေ"

ရယ်လို့ ပြောင်းလဲစီရင်ချက်ချလိုက်ပါတော့တယ်။

အဲသည်နောက် ဘုရင်မင်းမြတ်လည်း မစန္ဒာကလေးရဲ့ အကြားအမြင်များမှု၊ ဉာဏ်ပညာရှိမှုတို့အပြင် မိခင်အပေါ် တာဝန်ကျေတဲ့သမီးလိမ္မာလေးဖြစ်မှုတို့အတွက် 'သမီးတော် အဖြစ်'မွေးစားပြီး ပြည်ထဲရေးကိစ္စ၊ တရားစီရင်ရေးကိစ္စတွေ ဆောင်ရွက်ဖို့ရာ တာဝန်ပေးလိုက်ပါသတဲ့ကွယ်။

ကိုင်း...ကလေးတို့လည်း သည်ပုံပြင်လေးကို အခြေပြု လို့ အကြားအမြင်များအောင်၊ ဉာဏ်ပညာရှိအောင် ကြိုးစားအား ထုတ်ရမယ့်အကြောင်း၊ ပညာရှိလူကြီးသူမတွေရဲ့ ဆုံးမဩဝါဒ ကို လိုက်နာသင့်ကြောင်း၊ အနန္တော အနန္တဂိုဏ်းဝင်မိဘတွေရဲ့ ကျေးဇူးတရားကို သိတတ်၊ နားလည်တတ်ဖို့လိုကြောင်း သင်ခန်း စာယူနိုင်ကြပါစေကွယ်။

❀ ❖ ❀

# ပေးဝေသူနှင့်ဆက်ခံသူ



## ပေးဝေသူနှင့် ဆက်ခံသူ

တစ်ခါတုန်းက တောရွာကလေးတစ်ရွာမှာ မောင်ကံနဲ့ မောင်ဉာဏ်ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိကြသတဲ့။

မောင်ကံနဲ့ မောင်ဉာဏ်တို့ အရွယ်ရောက်လာကြတဲ့အခါ သူတို့ရဲ့ မိဘတွေက သူတို့လို ပင်ပင်ပန်းပန်းအလုပ်တွေ မလုပ်ရဘဲ ပညာနဲ့ သက်သောင့်သက်သာလုပ်ကိုင်စားသောက်နိုင်ဖို့ အတွက် အတတ်ပညာတွေသင်ယူရအောင်ဆိုပြီး တက္ကသိုလ်ပြည်က ဆရာကြီးရှိရာကို အခကြေးငွေတွေနဲ့ စေလွှတ်လိုက်ကြတယ်။

မောင်ကံနဲ့ မောင်ဉာဏ်လည်း တက္ကသိုလ်ပြည်က ဆရာကြီးရှိရာ ရောက်တဲ့အခါ ပါလာတဲ့အခကြေးငွေတွေနဲ့ ပူဇော်ကန်တော့ပြီး ဆရာကြီးထံက အတတ်ပညာတွေကို သင်ယူကြ

တယ်ဆိုပဲ၊ သူတို့နှစ်ယောက်စလုံးက ဗေဒင်ပညာရပ်ကို ဝါသနာပါကြလေတော့ ဆရာကြီးလည်း ဗေဒင်သုံးပုံအလုံးစုံကို အခြေခံကစပြီး မခြွင်းမချန်သင်ကြားပေးပါသတဲ့။ သည်လိုနဲ့ သုံးနှစ်သုံးမိုးကြာတဲ့အခါ သင်ရိုးကုန်သွားတယ်ဆိုပါတော့။ ဒါကြောင့်ပဲ မောင်ကံနဲ့ မောင်ဉာဏ်ဟာ မိဘရပ်ထံပြန်ကြဖို့အတွက် ဆရာကြီးထံမှာ ခွင့်ယန်ကြတာပေါ့။

"အေး…မင်းတို့လည်း အတတ်ပညာတွေ တတ်မြောက်ပြီဆိုတော့ ပြန်ကြပေါ့ကွယ်။ ဘယ်အရာမဆို လျှော့တေးထစ် ပုံသေအစွဲမထားဘဲ အရာရာကို ဦးနှောက်နဲ့ယှဉ်ပြီး စဉ်းစားဆုံးဖြတ်တတ်ဖို့ လိုသကွယ်။ ကဲ…သွားကြ။ သွားကြ"

မောင်ကံနဲ့ မောင်ဉာဏ် ဆရာကြီးထံက ခွင့်ပြုချက်ရတာနဲ့ ရှိသေစွာရှိခိုးကန်တော့ကြပြီး တက္ကသိုလ်ပြည်ကြီးကနေ ပြန်လာခဲ့ကြတာပေါ့ကွယ်။

❋ ❖ ❋

တက္ကသိုလ်ပြည်ကနေ သူတို့ရပ်ရွာရှိရာကို ပြန်ရောက်ဖို့ရာ ခရီးက အတန်အသင့်ဝေးကွာတာမို့ လမ်းခရီးမှာ တောရွာကလေးတွေကို ဖြတ်သန်းရပါတယ်။

"မောင်ဉာဏ်ရေ…တို့များရပ်ကွက် ပြန်ရောက်ဖို့ တော်တော်လေး လိုသေးတယ်ကွ။ သည်တော့ ရှေ့မှာတွေ့ရတဲ့

ရွာကလေးမှာ တစ်အောင့်တနားနားကြရင် ကောင်းမယ် ထင်တယ်''

''ဟုတ်တယ်…မောင်ကံရေ။ ခြေသလုံးတွေလည်း တောင့်နေပြီ။ မင်းပြောသလို နားကြတာပဲ ကောင်းပါတယ်''

သည်လိုနဲ့ တောရွာလေးကို ဝင်မိတယ်ဆိုရင်ပဲ နှစ်ယောက်သား သူကြီးအိမ်ရှိရာကိုသွားပြီး အကျိုးအကြောင်းပြောဆိုခွင့်ပန်လို့ အနားယူကြပါတော့တယ်။ သူတို့အနားယူလို့ သိပ်မကြာခင်မှာ မိန်းမခပ်ရွယ်ရွယ်တစ်ယောက်ဟာ ငိုကြီးချက်မနဲ့ သူကြီးအိမ်ကို ရောက်လာခဲ့တယ်။

''သူကြီးရယ်…ကျွန်မယောကျ်ား တောတက်သွားတာ သည်ကနေ့ဆိုရင် လေးရက်မြောက်ရှိသွားပါပြီ။ ခါတိုင်းဆို နှစ်ရက်နဲ့ ပြန်ရောက်နေကျပါ။ ခု ပြန်မရောက်လာတော့ ကျွန်မစိတ်တွေ လေးနေတယ်။ အိပ်မက်တွေလည်း မကောင်းဘူး။ ကူညီပါဦး သူကြီးရယ်…''

အဲသည်လို ငိုကြီးချက်မဖြစ်နေတုန်း ဗေဒင်ပညာ တတ်ကျွမ်းတဲ့ မောင်ကံနဲ့ မောင်ဉာဏ်လည်း ကျောက်သင်ပုန်းကလေးတွေ ကိုယ်စီထုတ်လို့ ဗေဒင် တွက်ချက်ကြည့်သတဲ့။ ဦးစွာ မောင်ကံက…

''အစ်မကြီးရေ…ဟောရမှာတော့ စိတ်မကောင်းပါဘူး။ အစ်မကြီးရဲ့ယောကျ်ားဟာ တောထဲမှာ သားကောင်တစ်ကောင်ကြောင့် အသက်ဆုံးသွားပါပြီ''

လို့လည်း ဟောလိုက်ရော မိန်းမရွယ်ဟာ ရင်ဘတ်စည်တီး အော်ကြီးဟစ်ကျယ် ငိုပွဲဆင်တော့တာပေါ့။ သူကြီးလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေရင်းက မောင်ဉာဏ်ကို မေးငေါ့ပြရင်း…



"ကိုင်း…မောင်ရင်လေးလည်း ဟောပါဦးကွယ်"

လို့လည်း ပြောလိုက်တယ်။ သည်တော့ မောင်ဉာဏ်က "ဟုတ်တယ်သူကြီး။ ကျွန်တော့်သူငယ်ချင်းဟောတာ အမှန်ပဲ။ ဟောဒီက အစ်မကြီးရဲ့ယော်ကျ်ားဟာ ပြီးခဲ့တဲ့ နှစ်ရက်ကပဲ အင်ပင်တောထဲမှာ ကျားကိုက်ခံရလို့ မြောက်ဘက်အရပ်ကို ခေါင်းမူပြီး သေဆုံးသွားပါပြီ"

လို့ တိတိကျကျဟောလိုက်တယ်။ ဒါနဲ့ သူကြီးလည်း ရွာသူရွာသားတွေစုပြီး မောင်ဉာဏ်ညွှန်ပြတဲ့အရပ်ကို တောနင်း ရှာဖွေကြတဲ့ခါ အမှန်တကယ်ပါပဲ။ အင်ပင်တွေပေါက်နေတဲ့ တောအုပ်ထဲမှာ အလောင်းတစ်လောင်းဟာ ကျားကိုက်ခံရတဲ့ ဒဏ်ရာတွေ ဗရပွနဲ့ မြောက်ဘက်အရပ်ရှိရာကို ခေါင်းမူလို့ နေပါတယ်။ ယင်တွေတလောင်းလောင်းဖြစ်နေတာကို ကြည့်ရင် လွန်ခဲ့တဲ့နှစ်ရက်လောက်ကတည်းက သေဆုံးခဲ့တာအမှန်ပါပဲ။

ရွာသူရွာသားအပေါင်းတို့လည်း အလောင်းကို ပြန်သယ်လာကြပြီး ရွာအပြင်သုသာန်မှာပဲ ကောင်းမွန်စွာသင်္ဂြိုဟ်လိုက်ကြပါတယ်။

သူကြီးနဲ့တကွ ရွာသူရွာသားတွေဟာ ဗေဒင်ဆရာ မောင်ဉာဏ်ဟောတာ့ တိကျလိုက်လေခြင်းဆိုပြီး ဝိုင်းဝန်းချီးမွမ်း ထောမနာပြုကြတယ်။ သည်အခါမှာ မောင်ကံဟာ အတော်ကလေးကို မကျေမချမ်းဖြစ်ရတော့တာပေါ့။

"ဒါ မတရားဘူးကွာ။ ဘာ…ဆရာကြီးလဲ။ အခကြေးငွေပေးတာချင်းအတူတူ မင်းကိုကျ ပိုပြီးသင်ပေးတယ်။ မကျေနပ်ဘူးကွာ။ မကျေနပ်ဘူး။ လုံးဝမကျေနပ်ဘူး"

"မဟုတ်ပါဘူး မောင်ကံရယ်…ဆရာကြီးဟာ အဲလိုစိတ် ထား မရှိပါဘူး။ တပည့်ဖြစ်တဲ့ တို့နှစ်ယောက်စလုံးကို အညီအမျှ သင်ပေးလိုက်တာပဲဟာ"

"အို…ကွာ။ ဘာပဲပြောပြော မင်းကို ပိုသင်ပေးလိုက်တာ ပဲဖြစ်မယ်။ ငါဟောတာထက် မင်းဟောတာက ဘာဖြစ်လို့ ပြည့်စုံနေတာလဲ။ ငါတော့ မကျေနပ်ဘူး။ ခုပဲ ဆရာကြီးရှိရာ ပြန်သွားပြီး ပြောမယ်ကွာ။ မင်းလည်း လိုက်ခဲ့ရမယ်"

"ခက်တော့တာပဲ မောင်ကံရယ်။ အင်း…လေ။ ပြောမရ တော့လည်း လိုက်ရတာပေါ့ကွယ်"

ဒါနဲ့ပဲ မောင်ဉာဏ်လည်း မောင်ကံနဲ့အတူ ဆရာကြီးရှိရာ တက္ကသိုလ်ပြည်ကြီးကို ပြန်လိုက်သွားရပါတော့တယ်။

❋ ❖ ❋

ဆရာကြီးရှိရာရောက်တော့ မောင်ကံဟာ သူ့ရင်ထဲရှိတာတွေကို မကျေနပ်ခြင်းများစွာနဲ့ တဲ့တိုးပဲ ပြောချလိုက်တယ်။ ဆရာကြီးကတော့ ခေါင်းတညိတ်ညိတ်နဲ့ပေါ့။ အဖြေကို ချက်ချင်း မတုံ့ပြန်သေးဘဲ…

"ကိုင်း…ကိုင်း မင်းရဲ့ မကျေနပ်ချက်ကို နောက်ရက်ကျတဲ့အခါ ဆရာကြီး ဖြေရှင်းပေးပါ့မယ်။ ခုတော့ မင်းတို့လည်း လမ်းခရီးတစ်ဝက်ကနေ ပြန်လာရတော့ ပင်ပန်း

နေတာ အမှန်ပဲ။ အပြင်မှာလည်း နှင်းတွေကျနေတော့ အေးကလည်း အေးသကွယ်။ အခန်းထဲမှာ လုံလုံခြုံခြုံနဲ့ အနားယူအိပ်စက်ကြဦး''

ဆိုပြီး ပြောဆိုလိုက်သတဲ့။

အဲ…နောက်တစ်နေ့ နံနက်စောစောရောက်တဲ့အခါ ဆရာကြီးဟာ မောင်ကံနဲ့ မောင်ဉာဏ်ကို အိပ်ရာကနေ နှိုးလိုက်တယ်။

''ကိုင်း…တပည့်တို့။ မင်းတို့ကို ဆရာကြီးတစ်ခုခိုင်းချင်တယ်။ ဟောဟိုမှာ အိုးနှစ်လုံးကို တွေ့ကြတယ်မဟုတ်လား''

''တွေ့ပါတယ် ဆရာကြီး''

''အေး…အဲသည် အိုးနှစ်လုံးကို တစ်ယောက်တစ်လုံးစီယူပြီး အပြင်ထွက်ကြ။ အဲသည်အိုးထဲကို နှင်းတွေရသလောက် ထည့်ယူလာခဲ့ကြ။ ဆရာကြီး တစ်နာရီတိတိအချိန်ပေးမယ်''

မောင်ကံနဲ့ မောင်ဉာဏ်လည်း တစ်ယောက်ကို အိုးတစ်လုံးစီ ယူလို့ အပြင်ကို ထွက်ခဲ့ကြတယ်။ မောင်ကံဟာ နှင်းရည်တွေရဖို့အတွက် သစ်ရွက်ကလေးတွေမှာ တင်ကျန်နေတဲ့နှင်းရည်တွေကို အိုးထဲခါခါချတယ်။ တချို့အပင်တွေလှုပ်ပြီး ကျလာတဲ့ နှင်းရည်တွေကို အိုးနဲ့ လိုက်ခံတယ်။ နှင်းရည်တွေ ရသင့်သလောက်တော့ ရပါရဲ့။ ဒါပေမဲ့ အိုးထဲမှာ အနည်းအကျဉ်းပါပဲ။

မောင်ဉာဏ်ကျတော့ သူ့လိုမဟုတ်ဘူး။ ချုံတွေပေါ်မှာ နှင်းရည်တွေ တင်နေတာတွေ့တော့ သူ့ခေါင်းမှာပတ်ထားတဲ့ ပဝါကို ဖြုတ်ပြီး အပင်ပေါ်ကို လွှားတင်လိုက်တယ်။ အဲသည် အခါ သစ်ရွက်တွေမှာ စုနေတဲ့ နှင်းရည်တွေဟာ ပဝါစထဲကို စိမ့်ဝင်သွားကြတာပေါ့။ ဒါနဲ့ ပဝါကို ဆွဲယူပြီး အိုးထဲကို ညှစ် ချလိုက်တော့ နှင်းရည်တွေရတာမှ အများကြီးပါပဲ။ မကြာခင် မှာပဲ မောင်ဉာဏ်ရဲ့အိုးထဲမှာ နှင်းရည်တွေပြည့်သွားခဲ့တော့တယ်။

သတ်မှတ်ထားတဲ့အချိန်စေ့တဲ့အခါ သူတို့ဟာ ဆရာကြီး ဆီ ရောက်သွားကြတယ်။ မောင်ကံရဲ့ အိုးထဲမှာ နှင်းရည်အနည်း ငယ်ပဲ ရှိနေသလောက် မောင်ဉာဏ်ရဲ့အိုးမှာကျတော့ နှင်းရည် တွေ ပြည့်လို့။

"ကိုင်း…မောင်ကံ။ အဲဒါ အဖြေပဲ။ မင်းဟာ နှင်းရည် ရဖို့ သမားရိုးကျနည်းနဲ့ပဲ ခံတော့ ဒီလောက်ပဲ ရတာပေါ့။ မောင်ဉာဏ်ကျတော့ ဦးနှောက်ကို လွှာသုံးပြီး ဖြတ်ထိုး ဉာဏ်နဲ့ အကောင်အထည်ဖော်လိုက်တဲ့အခါ မင်းမြင်တဲ့ အတိုင်း နှင်းရည်တွေပြည့်လို့…။

ဒီမယ် မောင်ကံ…ဆရာကြီးဟာ မင်းတို့နှစ်ယောက်တင် မကပါဘူး။ ဘယ်တပည့်တွေအပေါ်ကိုမှ သူကတော့ နည်းနည်းပဲ တတ်စေ။ သူကတော့ များများကြီး တတ်စေ ဆိုတဲ့စိတ် မထားခဲ့ပါဘူး။ တပည့်တွေအားလုံးအပေါ် တပြေးညီဆိုသလို ဆရာကြီး ဟာတ်မြောက်ထားတဲ့

အတတ်ပညာတွေကို မခြွင်းမချန် အလုံးစုံပေးဝေသင်ပြခဲ့တာပါပဲ။

အဲ…ဆရာကြီး ပေးဝေလိုက်တဲ့အတတ်ပညာတွေကို ခံယူရတဲ့ မင်းတို့အဖို့ရာမတော့ တတ်တဲ့ပညာကို အခြေခံပြီး အရာရာကို စူးစမ်းရမယ်။ စဉ်းစားရမယ်။ ဆင်ခြင်ရမယ်။ ဖြတ်ထိုးဉာဏ်သုံးရမယ်။ အဲသည်လိုမျိုး အရည်အချင်းရှိတာနဲ့ မရှိတာဟာ ကြာတော့ ကွာသွားတာပေါ့။ ခုပဲကြည့်တော့…ဘယ်သူဟာ စူးစမ်းသလဲ။ စဉ်းစားသလဲ။ ဆင်ခြင်သလဲ။ ဖြတ်ထိုးဉာဏ် သုံးခဲ့သလဲ…"

ဆရာကြီးရဲ့ အချက်ကျကျပြောလိုက်တဲ့စကားကြောင့် မောင်ကံဟာ ငိုင်ကျသွားပါတယ်။ သူ့အမှားကိုလည်း သူသိသွားပါတယ်။ အဲဒါကြောင့်…

"ဆရာကြီးရယ်…ကျွန်တော်မှားသွားပါပြီ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး"

လို့ ပြောဆိုပြီး ဦးချကန်တော့ပါတော့တယ်။

"ခွင့်လွှတ်ပါတယ် တပည့်ရယ်။ ခွင့်လွှတ်ပါတယ်"

အဲဒါနဲ့ပဲ မောင်ကံနဲ့ မောင်ဉာဏ်တို့သူငယ်ချင်းနှစ်ယောက်ဟာ စိတ်လက်ပေါ့ပါး ကြည်လင်လန်းဆန်းစွာနဲ့ တက္ကသိုလ်ပြည်ကြီးကနေ ပြန်လည်ထွက်ခွာသွားပါတော့တယ်။

❊ ❖ ❊

# သားလိမ္မာ ပညာရှိ



# သားလိမ္မာ ပညာရှိ

ဟိုး…ရှေးရှေးတုန်းက ပန်းပဲလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုရတဲ့ ရွာကြီးတစ်ရွာမှာ မောင်ပညာဆိုတဲ့ လူငယ်လေးတစ်ဦးရှိပါတယ်။ မောင်ပညာရဲ့ ဖခင်ဦးစာဂဟာ ပန်းပဲဆရာတစ်ဦးဖြစ်သလို ဦးစာဂရဲ့ ဖခင်(မောင်ပညာရဲ့ အဘိုးပေါ့)ဟာလည်း ပန်းပဲဆရာကြီးတစ်ဦးပဲ ဖြစ်ပါတယ်။

ဦးစာဂဟာ သားဖြစ်သူမောင်ပညာကို ငုံထားမတတ်အချစ်ပိုသလို ဖခင်ဖြစ်တဲ့ ဦးသီလကိုလည်း အင်မတန်မှ ချစ်ကြောက်ရိုသေသူတစ်ဦးပါ။ အသက်အရွယ်ကြီးရင့်ပြီဖြစ်လို့ ပင်ပင်ပန်းပန်း မလုပ်နိုင်တဲ့ ဖခင်အိုကြီးဦးသီလကို ဘာအလုပ်မှ မလုပ်စေဘဲ အိမ်ခေါင်းရင်းမှာထားပြီး လုပ်ကျွေးပြုစုပါတယ်။

ညအိပ်ရာဝင်တိုင်း ခြေဆုပ်လက်နယ်ပြုလို့ ရှိခိုးပြီးမှ အိပ်တဲ့ အတွက် ပတ်ဝန်းကျင်က ဦးစာဂကို…

"ခင်ဗျားဟာလေ စံပြသားတစ်ယောက်ဖြစ်သလို စံပြ ဖခင်တစ်ယောက်ဆိုလည်း အမှန်ပါပဲ။ ချီးကျူးတယ်။ လေးစားတယ်ဗျာ"

လို့ ပြောဆိုကြလေတော့ ဦးစာဂခမျာ တပြုံးပြုံးနဲ့ပေါ့။

မောင်ပညာလေး အရွယ်ရောက်လာတော့ ဖခင်ရဲ့ ပန်းပဲ လုပ်ငန်းမှာ ဝင်ရောက်ကူညီရင်း ပန်းပဲပညာကို တတ်ကျွမ်း အောင် သင်ယူသလို တစ်ဖက်တစ်လမ်းကလည်း ဘဝအတွက် အထောက်အကူပေးမယ့် စာပေကျွမ်းဂန်တွေကို အချိန်ရရင် ရ သလောက် လေ့လာဖတ်ရှုပါတယ်။ ဒါကြောင့် မောင်ပညာဟာ သူ့နဲ့ သက်တူရွယ်တူတွေနဲ့ ယှဉ်လိုက်ရင် အသိဉာဏ်ပိုပြီး ထက် မြက်ထူးချွန်နေစမြဲပါ။

တစ်နေ့မှာတော့ ဦးစာဂ အင်မတန်ချစ်ခင်ရိုသေရတဲ့ ဖခင်ကြီးဦးသီလဟာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏသဘောကို မလွန်ဆန်နိုင်ဘဲ ရုတ်တရက်ကွယ်လွန်သွားခဲ့ပါတော့တယ်။

အဲဒီအချိန်မှာ အကြီးအကျယ်စိတ်ထိခိုက်တုန်လှုပ်သွားခဲ့ ရသူက ဦးစာဂပါပဲ။ သည့်အတွက် ရဟန်းသံဃာတွေ၊ ရပ်မိ ရပ်ဖတွေက တရားနဲ့ဖြေဖို့ အမျိုးမျိုးဖျောင်းဖျပြောဆိုပေမဲ့လည်း သောကအပူမီးတွေက ငြိမ်းသွားတယ်မရှိပါဘူး။

ရေမိုးမချိုး၊ ကိုယ်လက်မသန့်စင်၊ အဝတ်အစားတို့ကို မလဲ၊ နံ့သာလိမ်းကျံခြင်းမပြု၊ အစာအာဟာရလည်း မစား၊ လူ

ရုပ်မပီလောက်အောင် အပူရုပ်တွေနှောင်ချည်ရင်း သူပိုင်တဲ့ ခြံဝန်းကျယ်ကြီးရဲ့ တစ်နေရာမှာ မြေပုံစေတီတည်လို့ ဖခင်ကြီး ဦးသီလရဲ့ အရိုးတွေကို ထည့်သွင်းမြှုပ်နှံပါတယ်။ မနက်မိုးလင်းပြီဆိုတာနဲ့ အဲသည်မြေပုံစေတီသွားပြီး ပန်းတွေနဲ့ ပူဇော်ရင်း တရှုပ်ရှုပ်ငိုကြွေးနေလိုက်တာ နေထွက်က နေဝင်ထိတိုင်အောင်ပါပဲ။ သည်လိုနဲ့ ရက်တွေကြာလာတဲ့အခါ မောင်ပညာလည်း သည်ပုံအတိုင်းဆိုရင် မဖြစ်ချေတော့ဘူး ဆိုပြီး စဉ်းစားခန်းဝင်တော့တယ်။

"ငါ့အဖေဟာ အဘိုးသေတဲ့နေ့ကစပြီး သောကဖိစီးမှုဒဏ်ကို ခံစားနေရတယ်။ သည်ပုံအတိုင်းဆို ငါ့အဖေဟာ မကြာခင် အစာပြတ်ရေပြတ်နဲ့ ဒုက္ခရောက်ပြီး ဘဝကူးလည်း ကောင်းမှာမဟုတ်ဘူး။ သည်တော့ ငါ့အဖေအမြင်မှန်ရအောင် ငါကြံဆောင်မှဖြစ်မယ်"

အဲဒါနဲ့ပဲ မောင်ပညာဟာ ရွာပြင်မှာ မြွေကိုက်ခံရလို့ လဲကျသေဆုံးနေတဲ့ နွားသေတစ်ကောင်ကို တွေ့မြင်လိုက်ရတဲ့အခါ လက်ခနဲအကြံရပြီး မြက်ထုံးကို ထမ်း၊ ရေပုံးကို ဆွဲလို့ နွားသေနားကပ်လို့...

"ဟဲ့...နွား၊ ငါဒီမှာ မြက်ကျွေးနေတယ်လေ။ စား...စား ရေလည်း အသင့်ပဲ သောက်...သောက်"

ဆိုပြီး မြက်တွေကို ဖြန့်ကျွေးလိုက် ရေကိုလည်း ပါးစပ်ထဲလောင်းထည့်လိုက် လုပ်နေခဲ့တယ်။ သည်မြင်ကွင်းကို တွေ့

မြင်နေရတဲ့ ရွာသူရွာသားတွေဟာ အထူးအဆန်းဖြစ်ပြီး မောင်ပညာနားကို ဝိုင်းအုံလာကြတော့တယ်။

"အို…မောင်ပညာ မင်း..ရူးများနေသလားကွယ်"

"ဟုတ်ပါရဲ့။ ပိုးထိလို့ ပြန်ရှင်မလာတော့တဲ့ နွားသေကောင်ကို မြက်ကျွေး၊ ရေတိုက်ရတယ်လို့ ဘာတွေဘယ်လိုဖြစ်ရတာပါလိမ့်"

အဲသည်လို ရွာသူရွာသားတွေက တစ်ယောက်တစ်ပေါက် ပြောဆိုနေကြပေမဲ့ မောင်ပညာကတော့ ဘာတစ်ခွန်းမှပြန်လည် ပြောဆိုခြင်းမပြုဘဲ နှုတ်ဆိတ်လို့ နေပါတယ်။ သည်အခါ မနေနိုင် မထိုင်နိုင်ဆိုသလို ရွာသူရွာသားအချို့ဟာ ဦးစာဂရိုရာကို ပြေးပြီး သတင်းပို့ကြတယ်။

"ဗျို့…ဦးစာဂ။ ခင်ဗျားသားမောင်ပညာဟာ ရွာအပြင်မှ နွားသေကို မြက်တွေ ကျွေးလိုကျွေး၊ ရေတိုက်လိုတိုက် လုပ်နေတယ်။ ကျုပ်တို့မေးတော့ ဘာတစ်ခွန်းမှလည်း ပြန်မပြောဘူး။ မဟုတ်မှလွဲရော ခင်ဗျားသားဟာ ရူးများရူးနေပြီလား မသိဘူး"

"ဟင်…ဟုတ်လား။ ကျုပ်သားလေး ဘယ်လိုများဖြစ်သွားရပါလိမ့်"

သည်တော့မှာ ကွယ်လွန်သူဖခင်ကြီးအပေါ် လွမ်းမဆုံး ပူဆွေးကြေကွဲမဆုံးဖြစ်နေတဲ့ ဦးစာဂဟာ အလွမ်းတွေ ကြေကွဲမှုတွေ ဖြုန်းခနဲရပ်တန့်လိုက်ပြီး သားဖြစ်သူမောင်ပညာအတွက် စိုးရိမ်စိတ်တွေ ဖိစီးလာတော့တယ်။ ဒါနဲ့ပဲ သတင်းလာပေးသူ

တွေနဲ့အတူ သားရှိနေတယ်ဆိုတဲ့ ရှာပြင်ကို ကမန်းကတမ်း ပြေးထွက်လာတော့တယ်။ သည်အချိန်မှာ မောင်ပညာဟာ နွားသေကို မြက်ကျွေးနေဆဲ၊ ရေတိုက်နေဆဲပါပဲ။

"အို…သား လူလေး မောင်ပညာ ဘာကြောင့်များ ယုတ္တိမရှိတာတွေ မဖြစ်နိုင်တာတွေကို လုပ်နေရသလဲကွယ်။ နွားက အရှင်လည်း မဟုတ်ဘူး။ အသေကြီးကွယ့်။ အသေကောင်ကို စားပါ၊ သောက်ပါ လုပ်နေရသလား။ ငါ့သား…မင်းအနေနဲ့ နွားအသေကောင်ကြီးကို မြက်ဘယ်လောက်ကျွေးကျွေး၊ ရေဘယ်လောက်တိုက်တိုက် ထလာမှာတော့ မဟုတ်ဘူး။

လူလေးရယ်…မင်းဟာ စာပေဗဟုသုတတွေ ပြည့်စုံသူဖြစ်ပါရဲ့သားနဲ့… ဘာကြောင့်များ သည်လိုမျိုးပြုရတာတဲ့တုံး"

အဲသည်လို စိုးရိမ်စိတ်နဲ့ မေးလာတဲ့အခါ မောင်ပညာလည်း သူ့ဖခင်ကို ပြန်လည်မော့ကြည့်လိုက်ပါတယ်။ ဝိုင်းရံနေကြတဲ့ ရွာသူရွာသားတွေက ဘာများဖြစ်လာမလဲဆိုပြီး စိတ်ဝင်တစားနဲ့ပေါ့။

"အဖေ…ဟောသည်နွားရဲ့ ဦးခေါင်း၊ ခြေ၊ လက်၊ အမြီးတွေဆိုတာ အသက်ရှင်စဉ်ကအတိုင်းပဲ။ အရာမယွင်းရှိနေပါသေးတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မြက်ကိုကျွေးမယ်၊ ရေကို တိုက်မယ်ဆိုရင် ပြန်ထလာလိမ့်မယ်လို့ အောက်မေ့မိတာပါ။

မကြာခင်က ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ အဘိုးဆိုတာက အသက်ရှင်စဉ်တုန်းကလို ဦးခေါင်း၊ ခြေ၊ လက်တို့ မရှိ တော့ဘူး မဟုတ်လား။ မီးသဂြိုဟ်ပြီး ရလာတဲ့အရိုးတွေကို မြေပုံစေတီတည်လို့ နေ့စဉ်ငိုကြွေးနေတဲ့အဖေကပဲ ကိုယ့် လုပ်ရပ်၊ ကိုယ့်နည်းလမ်းမှန်မမှန် စဉ်းစားဆင်ခြင်ကြည့်ပါ တော့ အဖေ"

ဦးစာဂဟာ မမျှော်လင့်ဘဲ သားကလေးမောင်ပညာရဲ့ နှုတ်ထွက်စကားကို ကြားရတဲ့အခါ...

"ဟာ...ဟုတ်ပါရဲ့။ ငါ စိုးရိမ်ပူဆွေးသောကရောက်နေ ရတာတွေဟာ ဘယ်မှာများ အကျိုးရှိလို့လဲ"

လို့ သဘောပေါက်လိုက်မိပါတယ်။ ဒါ့အပြင် ခပ်သိမ်း သောအရာမှန်သမျှဟာ အမြဲထာဝရရှိမနေနိုင်ဘူးဆိုတဲ့ အသိကို လည်း ရလိုက်တယ်။ ဒါနဲ့ပဲ...

"ငါ့သား မောင်ပညာ။ သားဟာ ပညာ အင်မတန်ရှိတဲ့ လူလိမ္မာကလေးပါပဲလားကွယ်။ ငါ့သားပြောဆိုတဲ့ တရား နည်းလမ်းကျကျ စကားတွေဟာ ပူလောင်နေတဲ့ အဖေ့ရင် ကို အေးမြစေခဲ့ပါပြီ။ အဖေဟာ သားရဲ့ အဘိုးအတွက် သောကရောက်ခဲ့ရတယ်။ ဒါကို သားရဲ့အဘိုးက ဘယ်လို လုပ် သိနိုင်တော့မှာလဲ။ အဲသည်သောကတွေကပဲ အဖေ့ ကို နှိပ်စက်ပါတယ်။

ခု...သားကြောင့် အဖေ့နှလုံးသားမှာ စူးနေခဲ့တဲ့ သောက ဆူးငြောင့်တွေဟာ လုံးဝကင်းစင်သွားခဲ့ပါပြီကွယ်။ အဖေ

မငိုတော့ဘူး။ တို့သားအဖ ပျော်ပျော်ရွှင်ရွှင်နေကြတာပေါ့ ကွယ်နော်"

လို့ ပြောဆိုလိုက်တယ်။

သည်လိုမျိုး လမ်းလွဲနေတဲ့ ဖခင်ကြီးဟာ လမ်းမှန်ပေါ်ကို ပြန်ရောက်သွားပြီဆိုတော့ မောင်ပညာလည်း အတိုင်းမသိ ကျေနပ်မိတာပေါ့ကွယ်။

အဲသည်ကစလို့ ရွာသူရွာသားတွေရဲ့ ပါးစပ်ဖျားမှာ...

"ပညာရှိကလေး မောင်ပညာ... ပညာရှိကလေး မောင်ပညာ"

ဆိုတဲ့ ချီးမွမ်းထောမနာပြုသံတွေဟာ ဘဝင်လျှံသွားပါ တော့တယ်။

ကဲ...ပုံပြင်ကလေးကတော့ ဒီလောက်ပါပဲကွယ်။

ကလေးတို့လည်း မောင်ပညာလို ပညာဗဟုသုတတွေ စုံနေရလေအောင် ကျောင်းသင်စာသက်သက်ကိုသာ မဟုတ်ဘဲ ပြင်ပက ဗဟုသုတဖြစ်စရာ လေ့လာစရာ စာပေတွေကို ဖတ်ရှု မှတ်သားကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

❋ ❖ ❋

# ရက်သိမ်းမလှတဲ့သူ



# ဇာတ်သိမ်းမလှတဲ့သူ

ဟိုး…တစ်ခါတုန်းက တိုင်းပြည်ကြီးတစ်ပြည်မှာ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ခင်မင်လေးစားရတဲ့ နန်းတွင်းပန်းချီဆရာကြီးတစ်ဦးရှိသတဲ့။

အဲသည်နန်းတွင်းပန်းချီဆရာကြီးဟာ ပုံတူဆွဲတဲ့နေရာမှာ အင်မတန်ကို လက်ရာမြောက်လွန်းတဲ့အတွက် ဘုရင်ကြီးဟာ သူကိုယ်တိုင်အပါအဝင် မိဖုရားတွေ၊ သားတော်တွေရဲ့ ပုံတူကို အပ်နှံပြီး ရေးဆွဲစေသတဲ့။ ပန်းချီဆရာကြီး ရေးဆွဲပေးတဲ့ ပုံတူလက်ရာတွေဆိုတာ အင်မတန်ကောင်းလွန်းတာမို့ ဘုရင်ကြီးလည်း ဂုဏ်ပြုချီးကျူးပြီး ဆုတော်လာဘ်တွေ ချပါသတဲ့။

တစ်နေ့မှာတော့ နန်းတွင်းပန်းချီဆရာကြီးဟာ ချင်ခြင်းတစ်မျိုးဖြစ်လာတာနဲ့ ဘုရင်ကြီးကို တင်ပြလျှောက်တော်မူပါတယ်။

"အရှင်မင်းကြီး...ကျွန်တော်မျိုးဟာ အသက်အရွယ်ကြီးမြင့်နေပါပြီ။ သည့်အတွက် ကျွန်တော်မျိုးကြီး မသေခင်မှာ ပုံတူ (၂)ပုံကို ရေးသွားခဲ့ချင်ပါတယ်"

"ကောင်းတာပေါ့ ပန်းချီဆရာကြီးရယ်...ဒါထက် ဆရာကြီးအနေနဲ့ ဘယ်လိုမျိုး ပုံတူ(၂)ပုံကို ရေးခဲ့ချင်တာတုံး"

"အရှင်မင်းကြီး... ကျွန်တော်မျိုး ရေးခဲ့ချင်တာကတော့ 'လောကမှာ ကြည်ညိုစရာအကောင်းဆုံးပုဂ္ဂိုလ်ရဲ့ ပုံတူနဲ့ လောကမှာ စက်ဆုပ်စရာအကောင်းဆုံးပုဂ္ဂိုလ်ရဲ့ ပုံတူ' ပဲဖြစ်ပါတယ်။ အဲသည်အတွက် ကျွန်တော်မျိုးကြီးကို ရပ်နိုးရပ်ဝေး ခရီးလှည့်လည်ခွင့်ပေးတော်မူပါဘုရား"

"ကောင်းပြီ...ဆရာကြီး။ ခွင့်ပြုပါတယ်။ ခရီးစဉ်တစ်လျှောက် လှည့်လည်တဲ့အခါ လိုအပ်တဲ့ကိစ္စတွေအတွက် သုံးစွဲရလေအောင် ရိက္ခာငွေကြေးတွေထုတ်သွားပေတော့"

"ကျေးဇူးအထူးတင်ရှိပါတယ်...အရှင်မင်းကြီး"

အဲသည်လို ဘုရင်မင်းမြတ်ထံက ခွင့်ပြုချက်ရတာကြောင့် နန်းတွင်းပန်းချီဆရာကြီးလည်း ဝမ်းသာအားရနဲ့ တပည့်ကျော်လုလင်တစ်ဦးကို ခေါ်ဆောင်ပြီး ခရီးထွက်ခဲ့ပါတော့တယ်။

ရက်အနည်းငယ်ကြာတဲ့အထိအောင် ပန်းချီဆရာကြီးအဖို့ သူ့ဆန္ဒနဲ့ ကိုက်ညီတဲ့ ရုပ်လွှာရှင်ကို ရှာလို့ မတွေ့ခဲ့ပါဘူး။ သည်လိုနဲ့ တစ်မနက်ခင်းမှာတော့ ပန်းချီဆရာကြီးဟာ တောလမ်း

ကလေးအတိုင်း ရှေ့က လျှောက်၊ ပန်းချီဆွဲကိရိယာတွေကို တပည့်က ထမ်းပြီး နောက်ကလိုက်နဲ့ ခရီးတော်တော်လေး ပေါက်ခဲ့ကြတယ်။

မှတ်ဝန်းကျင်မှာတော့ နှင်းမှုန်ကလေးတွေက ဝေ့ဝေ့ဝဲဝဲ။

နေရောင်ခြည်မျှင်တန်းတွေက သစ်ပင်ကြိုသစ်ပင်ကြား က ဖြာအကျ၊ လိပ်ပြာလေးတွေရဲ့ အရောင်အသွေးစုံစုံနဲ့ တောင်ပံ ခတ်နေကြတဲ့ မြင်ကွင်းဟာ အတော်ကလေးကို မျက်စိပသာဒ ဖြစ်ဖို့ ကောင်းနေလေတော့ ဆရာကြီးရဲ့ ရင်ထဲမှာ အတော် ကလေးကို ကြည်ကြည်နူးနူးဖြစ်နေပါတော့တယ်။

သည်အချိန်မှာတင် ဆရာကြီးရဲ့ အမြင်အာရုံထဲကို ရုပ်ပုံ လွှာတစ်ခုက ထင်မှတ်မထားဘဲ ဝင်ရောက်လာခဲ့တယ်။ သည် ရုပ်ပုံလွှာကို ဆရာကြီးဟာ မင်တက်ငေးမောစွာ ကြည့်ရှုနေရင်း ရင်တွေ တလှပ်လှပ်ခုန်လာခဲ့ပါလေရော....။

"ဟာ...ဒါ...ဒါ...ငါသိပ်ကို ဆွဲချင်ပါတယ်ဆိုတဲ့ 'လောကမှာ ကြည်ညိုစရာအကောင်းဆုံးပုဂ္ဂိုလ်'ရဲ့ ရုပ်ပုံ လွှာနဲ့ တစ်ထပ်တည်းမှ တစ်ထပ်တည်း"

ဆရာကြီး ကောက်ချက်ချမယ်ဆိုရင်လည်း ကောက်ချက် ချထိုက်ပါပေတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာကြီးတွေ့မြင် လိုက်ရတဲ့ ရုပ်ပုံလွှာဟာ အင်မတန့်ကို ကျက်သရေရှိရုံမက ဣန္ဒြေ သိက္ခာအပြည့်နဲ့ သပိတ်ကိုပိုက်ပြီး မျက်လွှာကလေးချလို့ သိမ် သိမ်မွေ့မွေ့ တစ်လှမ်းချင်းလှမ်းကြွလာတဲ့ ရဟန်းပျိုကလေး ဖြစ် နေလို့ပါပဲ။ ဝါဝါညက်ညက်အသားအရေ၊ ဦးပြည်းကလေးက

စိမ်းစိမ်းနဲ့ အဝါရောင်သက်န်းတော်ဟာ အင်မတန်မှ လိုက်ဖက်လွန်းလှပါပေရဲ့...။

"ရပ်တော်မူပါဦး..အရှင်ဘုရား။ ရပ်တော်မူပါဦး"

ပန်းချီဆရာကြီးလည်း ပေးလာတဲ့အခွင့်အရေးကို လက်လွှတ်မခံနိုင်တော့တာမို့ ရဟန်းပျိုကလေးရှိရာ ခပ်ယိုယိုသွားပြီး သူ့ ဆန္ဒအာသီသရှိတဲ့ကိစ္စကို လက်အုပ်ကလေးချီရင်း တောင်းပန်လျှောက်ထားပါတော့တယ်။

"ကောင်းပြီ...ဒကာကြီး။ ဒကာကြီး စိတ်ဆန္ဒရှိတဲ့အတိုင်း လုပ်ပါလေ"

ရဟန်းပျိုကလေးဆီက ခွင့်ပြုချက်ရလာပြီဆိုတာနဲ့ တပည့်ဖြစ်သူကို ပစ္စည်းတွေဆင်ခိုင်းပြီး ရဟန်းပျိုကလေးရဲ့ ကြည်ညိုဖွယ်ရုပ်ပုံလွှာကို ပုံကြမ်းလောင်းပါတော့တယ်။ စိတ်တိုင်းကျပြီဆိုတော့မှ အလုပ်ကို လက်စသတ်ပြီး ရဟန်းပျိုကလေးကို လှူဖွယ်ဝတ္ထုကပ်လိုက်ပါတယ်။

"ကိုင်း...ဒကာကြီး သွားပေဦးတော့"

"တင်ပါ့ဘုရား"

အဲသည်နောက်မှာတော့ ဆရာကြီးလည်း စတည်းချရာကို ပြန်သွားပြီး ပုံကြမ်းလောင်းခဲ့တာတွေကို အနုစိတ်ခြယ်မှုန်းပါတော့တယ်။ စိတ်အာရုံတစ်ခုလုံး ကြည်လင်လန်းဆန်းနေတာမို့ ကြည်ညိုစရာအကောင်းဆုံးရုပ်ပုံလွှာဟာ အင်မတန်မှ ကြွနေတာနဲ့ အမျှ ပန်းချီကားကို ကြည့်ရှုမိကြသူအပေါင်းဟာ လက်အုပ်မချီဘဲကို မနေနိုင်တော့လောက်အောင်ပါဘဲ။

ပန်းချီဆရာကြီးအဖို့ ချင်ခြင်းတစ်ဝက် ပြီးဆုံးသွားလို့ နောက်ထပ်ချင်ခြင်းကို လက်စသတ်ရအောင် တပည့်လေးနဲ့ ခရီးဆက်ပြန်ပါတော့တယ်။

တစ်ရွာဝင်၊ တစ်ရွာထွက်၊ တစ်မြို့ဝင်၊ တစ်မြို့ထွက်နဲ့ ခရီးဆက်လာလိုက်တာ ရက်တွေ၊ လတွေကြာညောင်းလာတဲ့ တိုင်အောင် ဆရာကြီးအဖို့ 'လောကမှာ စက်ဆုပ်စရာအကောင်းဆုံးပုဂ္ဂိုလ်'ဆိုတာကို စိတ်တိုင်းကျရှာမတွေ့နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ဆရာကြီးဟာ စိတ်မပျက်ဘဲ ခရီးတွေ ဆက်ပြန်ပါသေးတယ်။ ဒါလည်းပဲ စိတ်ဆန္ဒမပြည့်ဝခဲ့ပါဘူး။

နောက်ဆုံးမှာတော့ စိတ်လျှော့ပြီး တိုင်းပြည်ကို ပြန်လာခဲ့ပါတယ်။ တိုင်းပြည်ကို ပြန်ရောက်တဲ့အခါ သူဆွဲပြီးတဲ့ ပန်းချီကားကို ဘုရင်ကြီးထံ ဆက်သပါတယ်။

"အင်မတန်မှ လက်ရာမြောက်တဲ့ ပန်းချီကားပါပဲလား ဆရာကြီး။ စာညွှန်းထားတဲ့အတိုင်း တကာယ်ကို ကြည်ညိုစရာကောင်းပေတာပဲ။ ဒါထက် နောက်ထပ်ကားတစ်ကားကော..."

"အရှင်မင်းကြီး... နောက်ထပ်တစ်ကားရေးဖို့အတွက် တစ်ရွာဝင်၊ တစ်ရွာထွက်၊ တစ်မြို့ဝင်၊ တစ်မြို့ထွက်နဲ့ လှည့်လာသွားလာလိုက်တာ နှစ်တောင် ပေါက်ပေမဲ့ စိတ်တိုင်းကျ ပုဂ္ဂိုလ်ဆိုတာ ရှာမတွေ့လို့ လက်တောင် လျှော့ရမလိုဖြစ်နေပါပြီ...အရှင်မင်းကြီး"

"စိတ်ဓာတ်မကျပါနဲ့ ဆရာကြီးရယ်။ တကယ်တော့ ဆရာကြီးရှာနေတဲ့ 'လောကမှာ စက်ဆုပ်စရာအကောင်းဆုံး ပုဂ္ဂိုလ်'ဆိုတာမျိုးဟာ လူဆိုးသူခိုးတွေရဲ့ နေရာ၊ အကျဉ်းထောင်မှာပဲ ရှိလိမ့်မပေါ့။

အင်း…ဆရာကြီး စိတ်တိုင်းကျမလားတော့ မသိဘူး။ နောက်တစ်ရက်မှာ တောင်စွယ်နေကွယ်ရင် သုတ်သင်ပစ်ရမယ့် ရာဇဝတ်အကျဉ်းသားတစ်ဦးတော့ ရှိလေရဲ့။ အဲသည်ကို သွားကြည့်ပါလား…ဆရာကြီး"

"လျော်ကန်သင့်မြတ်လှပါတယ်…အရှင်မင်းကြီး"

ဆရာကြီးလည်း ဘုရင်မင်းမြတ်ညွှန်ကြားတဲ့အတိုင်း သေဒဏ်ပေးခံရတဲ့ အကျဉ်းသားကို ချုပ်နှောင်ရာအကျဉ်းထောင်ကို သွားပါတော့တယ်။ ထောင်မှူးနဲ့ တွေ့တဲ့အခါ အကျိုးအကြောင်းသိချင်တာနဲ့ မေးမြန်းစုံစမ်းကြည့်ပါတော့တယ်။

"တကယ်ပါပဲ…ဆရာကြီးရယ်။ 'လောကမှာ စက်ဆုပ်စရာအကောင်းဆုံး'ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သူတလွဲရင် ဘယ်သူမှ ရှိနိုင်လိမ့်မယ်မထင်ဘူး"

"ဘယ်လိုစက်ဆုပ်စရာကောင်းတာလဲ ထောင်မှူးရဲ့"

"ပြော…မပြောချင်ပါဘူး ဆရာရယ်။ သေရည်သေရက်တွေ အလွန်အကျွံသောက်စားမူးယစ်ပြီး နှမကို နှမမှန်းမသိတော့ဘဲ အဓမ္မကျူးလွန်တယ်"

"အို…"

"မပြီးသေးဘူး ဆရာကြီး။ လူမှန်းမသိလောက်အောင် မူးရူးနေတဲ့ အဲသည့်ပုဂ္ဂိုလ်ဟာ နှမကို နှမမှန်းမသိတော့တဲ့ အပြင် မိဘကိုလည်း မိဘမှန်းမသိတော့ဘူးလေ။ သမီး ကို မတော်မတရား ပြုကျင့်နေတဲ့ အဲသည်သေသောက် ကြူးကို ဝင်ရောက်တားဆီးရမလားဆိုပြီး မိဘနှစ်ပါးရော၊ ညီမဖြစ်သူကိုပါ ရက်စက်စွာ သတ်ဖြတ်ပစ်ခဲ့တယ်။ ဘုရားကျောင်းဆောင်တစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုံလုပ် ပြီး အိမ်ကို မီးရှို့ပြန်တယ်။ အဲသည်အတွက် သေဒဏ်ကျ ခံရတာပဲ ဆရာကြီး။ ဒင်းပြုမူတဲ့အကုသိုလ်ကံကြောင့် မနက်ဆိုရင် အသက်ဆုံးရတော့မယ့်အပြင် ဟာမလွန် ဘဝ ရောက်ရင်လည်း ငရဲကို ကျွမှာ ကျိန်းသေပဲ။ ကဲ…ဆရာ ကြီးပဲ စဉ်းစားကြည့်ပါတော့။ သည်လောက် ကမ်း ကုန်အောင် စက်ဆုပ်သူ ရှိပါသေးလားလို့…"

ဒါနဲ့ပဲ ဆရာကြီးလည်း သူ့ရဲ့ချင်ခြင်းတော့ ပြည့်မြောက် ပြီဆိုပြီး အကျဉ်းထောင်ထဲကိုဝင်လို့ အကျဉ်းသားရဲ့ ပုံကို ရေး ဆွဲပါတော့တယ်။

အကျဉ်းသားကတော့ ဆရာကြီးကို ရှုတည်တည်ကြီး ကြည့်လို့ပေါ့။

အကျဉ်းသားရဲ့ရုပ်ရည်ဟာ နေလောင်ခံထားရလို့ ညိုမည်း နေတဲ့အပြင် ပေတေဆိုးရွားမှုဒဏ်၊ အရက်သေစာ သောက်စား ထားတဲ့ဒဏ်တွေကြောင့် အတော်ကလေးကို အိုစာပြီး အကျည်း တန်လှပါတယ်။ သိပ်မကြာခင်မှာပဲ ဆရာကြီးလည်း ပုံကြမ်းကို

စိတ်တိုင်းကျလောင်းပြီးသွားပါတော့တယ်။ သည့်အချိန်မှာပဲ အကျဦးသားရဲ့ နှုတ်ဖျားက စကားသံထွက်ပေါ်လာပါတယ်။

"ဆရာကြီး…ကျုပ်ကို မှတ်မိပါရဲ့လား"

အကျဦးသားထံက ပေါ်ထွက်လာတဲ့စကားသံကြောင့် ဆရာကြီး တွေခနဲဖြစ်သွားတယ်။

"မောင်ရင်နဲ့ ကျုပ်ဟာ ဘယ်လိုမှ အဆက်အစပ်မရှိတာမို့ မမှတ်မိပါဘူးကွယ်"

"အင်းလေ…အချိန်ကာလတွေက ပြောင်းသလို အခြေအနေတွေကလည်း ပြောင်းနေတော့ မှတ်မိစရာမရှိတာ မဆန်းပါဘူးလေ"

"နေပါဦး…မောင်ရင်။ ကျုပ်နဲ့ မောင်ရင်တို့ ဘယ်လိုပတ်သက်ခဲ့ကြလို့လဲ…ပြောပါဦး"

"ဒါဆိုလည်း ပြောရတာပေါ့လေ။ တစ်ခါတုန်းက တောလမ်းကလေးတစ်နေရာမှာ ဆရာကြီးဟာ ခုလိုပဲ ကျုပ်ကို ပုံတူ ဆွဲခဲ့သေးတယ်လေ"

"ဟင်…"

ဆရာကြီးလည်း ပါးစပ်အဟောင်းသားဖြစ်သွားရတယ်။ ပြီးတော့မှ…

"ဒါ…ဒါဆို ကျုပ်တွေ့ကြုံခဲ့ရတဲ့ ရဟန်းပျိုကလေးဆိုတာ အခု မောင်ရင်ပဲပေါ့"

"သိပ်သေချာတာပေါ့…ဆရာကြီးရယ်။ အဲသည်ရဟန်းပျိုကလေးဟာ ကျုပ်မှ ကျုပ်အစစ်ပါပဲ"

"ဘုရား…ဘုရား… မယုံနိုင်စရာပါဘဲလား။ ခု…ဘယ်လိုများ ဖြစ်သွားရတာတဲ့တုံး"

"အင်း…အဓိကတရားခံတွေကတော့ မကောင်းတဲ့အပေါင်းအသင်းတွေနဲ့ သေရည်သေရက်ပါပဲ…ဆရာကြီး။ မကောင်းတဲ့အပေါင်းအသင်းတွေနဲ့ ပေါင်းဖော်မွေ့လျော်မိတော့ ကျုပ်ဟာ လူဝတ်လဲခဲ့ရပြီး မကောင်းမှုမှာ မွေ့လျော်လာခဲ့မိတယ်။ ပြီးတော့ အသိဉာဏ်ကို ပျက်ပြားစေတဲ့ သေရည်နဲ့မှာ နစ်မျောမိလို့ ကျုပ် အင်မတန်ချစ်ရတဲ့ နှမတော်လေးကို လူစိတ်ပျောက်ပြီး မအပ်မရာတွေ လုပ်ခဲ့မိတယ်။ မြင်းမိုရ်မကကြီးမားသပ်တဲ့ ကျေးဇူးရှင်မိဘတွေကိုလည်း အသိစိတ်ကင်းမဲ့ပြီး သတ်ဖြတ်မိခဲ့တယ်။ သည်အမှားဟာ ပြင်လို့မရတော့ပါဘူး။ အစစအရာရာ နောက်ကျခဲ့ပါပြီလေ…"

အကျဉ်းသားရဲ့စကားအဆုံးမှာတော့ ပန်းချီဆရာကြီး စိတ်မကောင်းကြီးစွာနဲ့ အကျဉ်းထောင်ထဲက ပြန်ထွက်လာခဲ့တော့တယ်။

ပုံဝတ္ထုကလေးကတော့ ဒါပါပဲ။

အဲသည်မှာ သင်ခန်းစာယူစရာတွေ အများကြီးနော်။

အပေါင်းအသင်းမကောင်းရင်၊ သေရည်သေရက်ကို ခုံမင်ရင် နောက်ဆုံးမှာ ဇာတ်သိမ်းမလှဖြစ်တတ်တာပေါ့ကွယ်။

❀ ❖ ❀

# အမှန်မြင်မှအမြင်မှန်လိမ့်မည်



# အမှန်မြင်မှ အမြင်မှန်လိမ့်မည်

တစ်ခါတုန်းက လူနေအိမ်ခြေ စည်ကားလှတဲ့ ရပ်ကွက်ကလေးတစ်ခုမှာ တစ်ရပ်ကွက်လုံးက အော့ကြောလန့်တဲ့ မိန်းမကြီးတစ်ယောက်ရှိတယ်။ ကျောက်ပေါက်မာနဲ့ အရုပ်ကဆိုးဆိုး၊ အသားကမည်းမည်း၊ အပြောအဆိုက ကြမ်းကြမ်း။ အမည်က 'ဒေါ်ဂျမ်းစိန်' တဲ့။

ဒေါ်ဂျမ်းစိန်က ရပ်ကွက်ထဲမှာ မတန်တဆအတိုးနှုန်းယူပြီး ငွေချေးတယ်။ ပြီးတော့ သူနေတဲ့ခြံကျယ်ကြီးထဲမှာ အိမ်တန်းရှည်ဆောက်ပြီး ငှားစားတယ်။ သည်ရပ်ကွက်ထဲ ပြောင်းရွှေ့လာကြသူ တော်တော်များများဟာ ကိုယ်ပိုင်အိမ်မရှိတဲ့အတွက်

ဒေါ်ဂျမ်းစိန်ရဲ့ အိမ်တန်းရှည်ကြီးကို ငှားပြီး နေကြရတယ်။ အချို့ကလည်း နေ့ပြန်တိုးယူပြီး ဈေးရောင်းဈေးဝယ်ပြုကြတာပေါ့။

ညနေဘက်ရောက်ရင်ဖြင့် ဒေါ်ဂျမ်းစိန်ဟာ စိန်နားကပ်ကြီး တဝင်းဝင်း ရွှေဆွဲကြိုးကြီးတလက်လက်၊ ရွှေလက်ကောက်တွေ ဟာချွင်ချွင်နဲ့ ရပ်ကွက်ထဲလှည့်၊ ဈေးထဲလှည့်ပြီး ငွေတိုးတွေ လိုက်ကောက်လေ့ရှိတယ်။ အတိုးမပေးနိုင်သူနဲ့ တွေ့လို့ကတော့ ဒေါ်ဂျမ်းစိန်အဖို့ ပျစ်ပျစ်ခါခါကို ပြောဆိုရန်လုပ်တော့တာပဲ။ တော်တော်များများက သူနဲ့မကင်းကြလေတော့ ဘယ်လိုပဲဆဲဆဲ ဘယ်လိုပဲဆိုဆို ခေါင်းငုံ့ခံကြရတာပဲပေါ့။ မကျေနပ်စိတ်၊ မုန်းတီးစိတ်တွေကို အောင့်အည်းမျိုသိပ်ထားကြတယ်။

အဲသည်မှာ သူအငှားချထားတဲ့ အိမ်ခန်းတွေအတွက်လည်း ငှားရမ်းနေထိုင်ကြသူတွေဆီ လကုန်ရက်ရောက်ရင် အိမ်ငှားခ တောင်းတော့တာပါပဲ။ ပေးနိုင်လို့ကတော့ ပေးကြ၊ မပေးနိုင်လို့ကတော့ နောက်တစ်နေ့ကို မိုးချုပ်တောင် အနေမခံဘူး။ တစ်ခါတည်း နှင်ချပစ်တော့တယ်။ သည်တော့ အိမ်လခ မပေးနိုင်ကြတဲ့သူတွေဆိုတာ အတော်ကလေးကို ဒုက္ခရောက်ကြရတာနဲ့ အမျှ စာနာစိတ်မရှိ၊ လူမှုရေးနားမလည်တဲ့ ဒေါ်ဂျမ်းစိန်ကို အော့နှလုံးနာကြတာပဲပေါ့။

ဒေါ်ဂျမ်းစိန်ရဲ့ အိမ်ကို ငှားနေကြတဲ့သူတွေထဲမှာ မောင်ပန်းထွေးနဲ့ မောင်ဘုဏ်ပေါ်ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်လည်း ပါပါတယ်။ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ မိဘမဲ့ တစ်ကောင်ကြွက် ဘဝတူတွေမို့ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်

သိပ်ကြီးကြပါတယ်။ ဘဝရပ်တည်ရေးအတွက် မောင်ပန်းထွေး ဟာ ပုံတူပန်းချီရေးဆွဲခြင်းနဲ့ ဘဝကို ရပ်တည်ရသလို မောင်ဉာဏ် ပေါ်ကလည်း ဈေးထဲမှာ ကုန်ထမ်းတဲ့အလုပ်ကို လုပ်ရပါတယ်။ မောင်ဉာဏ်ပေါ်ဟာ သူငယ်ချင်းကောင်းပီသစွာ အားပေးနေရ ပေမဲ့ မောင်ပန်းထွေးအဖို့ရာလည်း အလုပ်အကိုင်က သိပ် မကောင်းပါဘူး။ သည်ကြားထဲ လမကုန်ပါစေနဲ့ဆိုပြီး ဆုတောင်း နေရသေးတယ်။ ဘာကြောင့်ဆို လကုန်ပြီဆိုတာနဲ့ ဒေါ်ဂျမ်းစိန် တစ်ယောက် ပေါက်ချလာပြီး အိမ်ငှားခတောင်းတော့မှာ မဟုတ် လား။ အိမ်ခန်းငှားခ မပေးနိုင်လို့ကတော့ နှင်ချခံရတော့မှာကို သိနေတဲ့အတွက် လကုန်ခါနီးရက်ကလေးမှာ မောင်ပန်းထွေး လည်း ဒေါ်ဂျမ်းစိန်ကို တောင်းပန်ဖို့ရာ ထွက်လာခဲ့ပါသတဲ့။

"ဟော့...မောင်ပန်းထွေး...ဘာကိစ္စလဲဟေ့။ သန်ဘက်ခါ ဆို လကုန်တော့မှာနော်။ အိမ်ငှားခ အဆင်သင့်သာ လုပ်ထား"

"ဟုတ်ကဲ့ပါ အဒေါ်ရယ်... ကျွန်တော် ခုလာခဲ့တာက လည်း အဲသည်ကိစ္စအတွက်ပါပဲ။ ကျွန်တော့်သူငယ်ချင်း မောင်ဉာဏ်ပေါ်ဟာ ခြေထောက် သံပြားရှခံထားရလို့ အလုပ်မဆင်းနိုင်ဘဲ နားနေရပါတယ်"

"အို...အဲဒါ သူ့ကိစ္စပဲ။ ငါ့အိမ်ငှားခနဲ့ ဘာဆိုင်လို့တုံး"

"ဆိုင်လို့ လာတောင်းပန်နေတာပါ အဒေါ်။ ကျွန်တော် ကလည်း ခုတစ်လော အလုပ်တွေ သိပ်မကောင်းလို့ အဲဒါ



တတ်နိုင်ရင် အိမ်လခကို လကုန်ပြီး တစ်ပတ်လောက် ဆိုင်းထားပေးဖို့ရာလာပြီး မေတ္တာရပ်ခံတာပါခင်ဗျား"

"အို…ဒါတော့ မဖြစ်နိုင်ဘူး။ စည်းကမ်းဟာ စည်းကမ်းပဲ။ လကုန်တာနဲ့ အိမ်လခတောင်းဖို့ရာ ငါ့ကဏ္ဍ၊ အိမ်လခပေးဖို့ရာ မင်းတို့အပိုင်း"

"တောင်းပန်နေတာပါ…အဒေါ်ရယ်"

“ဒါတွေ ငါနားမလည်ဘူး။ သကုန်လို့ အိမ်လခပေးနိုင်ရင်ပေး၊ မပေးနိုင်ရင် မင်းတို့ရှေ့ကလူတွေလိုပဲ မင်းတို့လည်း ပြောင်းဖို့ရွှေ့ဖို့ရာ ပြင်ပေတော့။ ကိုင်း…မင်းလာတဲ့ကိစ္စ ပြီးပြီ မဟုတ်လား။ သွားပေတော့… ငါလည်း နေ့တိုးသမားတွေဆီက ငွေသိမ်းဖို့ရာ ရှိသေးတယ်”

မောင်ပန်းထွေးလည်း ဘယ်လိုမှ အသနားခံတောင်းပန်ကြည့်ပေမဲ့ ဘူးဆိုရင် ဖရုံလာ မသီးနဲ့ဆိုတဲ့ ဒေါ်ဂျမ်းစိန်ကြောင့် ခေါင်းငိုက်စိုက်ချပြီး ပြန်လာခဲ့ပါတယ်။

အိမ်ကိုပြန်ရောက်တော့ မျက်နှာအမူအရာမကောင်းတာကြောင့် မောင်ဉာဏ်ပေါ်က အကျိုးအကြောင်းမေးပါတယ်။ သည်တော့လည်း မောင်ပန်းထွေးဟာ မပြောချင်ပြောချင်နဲ့ပဲ သူနဲ့ ဒေါ်ဂျမ်းစိန်တို့ တွေ့ဆုံခဲ့ရတဲ့ကိစ္စကို ပြန်ပြောလိုက်ပါတယ်။

“တောက်…တော်တော်လည်း အကြင်နာတရားမဲ့တဲ့ မိန်းမကြီးပဲကွာ။ ရပ်ကွက်ထဲ ဈေးထဲ ဒီမိန်းမကြီးအကြောင်းဆိုရင် အားလုံးက အော့နှလုံးနာနေကြတာ။ ဘယ်နေရာမှာဆို ‘ငါ့ဖို့’ ဆိုတဲ့ ဘို့တစ်ဘို့တည်း ကြည့်တတ်တဲ့ မိန်းမကြီး”

“တော်ပါတော့…ဉာဏ်ပေါ်။ ငါကလည်း အလုပ်အကိုင်မကောင်းလို့ သွားတောင်းပန်မိတာပါ။ ကိုယ့်မှာ အဆင်ပြေလို့ကတော့ကွာ…ဘယ်အပြောအဆိုခံချင်မှာတဲ့တုံး”

"နေဦး…ပန်းထွေး။ ငါ…အကြံတစ်ခုရတယ်။ အကြံအောင်လို့ကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ"

"ဘာများတုံး…ဉာဏ်ပေါ်ရဲ့"

"နောက်မှ မေးကွာ။ မင်းက ပုံတူဆွဲတာ ကျွမ်းတော့ ဒေါ်ဂျမ်းစိန်ရဲ့မျက်နှာကို စေတ်ပုံမကြည့်ဘဲ တူအောင်ဆွဲနိုင်သလား"

"ဆွဲနိုင်တာပေါ့ ဉာဏ်ပေါ်ရယ်။ သူ့မျက်နှာက တစ်ခါမြင်ဖူးရုံနဲ့ ဘယ်တော့မှ မကွယ်ပျောက်နိုင်တဲ့ ရုပ်မျိုး"

"အိုး…ဒါဆို အဆင်ပြေပြီ။ ကိုင်း…ဆွဲပေတော့ဟော့"

အဲသည်လို ပြောဆိုပြီးတော့မှ မောင်ဉာဏ်ပေါ်လည်း သူ့အကြံအစည်ကို တင်ပြလာတယ်။

"အင်း…မင်း 'ဉာဏ်ပေါ်' ဆိုတဲ့ အမည်နာမနဲ့အညီ အင်မတန်မှ ဦးနှောက်ပြေးတာပဲကွာ။ ကိုင်း….ခုပဲ စဆွဲပြီဟော့"

ပြောပြောဆိုဆိုနဲ့ ပုံဆွဲစက္ကူလွှတ်ပေါ် ဒေါ်ဂျမ်းစိန်ပုံတူအတွက် ခဲကို ကောက်ပါတော့တယ်။

ပညာအခြေခံကလည်း ကောင်း၊ ချာန်ကလည်း ဝင်နေတယ်ဆိုတော့ ဒေါ်ဂျမ်းစိန်ရဲ့ ပုံတူပန်းချီကားဟာ အချိန်အနည်းငယ်မှာပဲ အချောသတ်သွားခဲ့ပါတယ်။ ဘေးနားမှာ ထိုင်ကြည့်နေတဲ့ မောင်ဉာဏ်ပေါ်ဆိုရင် 'အလိုလေး…ဒေါ်ဂျမ်းစိန်မှာ ဒေါ်ဂျမ်းစိန်အစစ်' ရယ်လို့ အာမေဋိတ်ပြုရတဲ့အထိ။

အဲသည်နောက်မှာတော့ စာရွက်ရှည်ကလေးပေါ်ကို စာတစ်ကြောင်းရေးစေပါတယ်။ ပြီးပြီဆိုတာနဲ့ ဉာဏ်ပြေးတဲ့ မောင်ဉာဏ်ပေါ်ရဲ့ အစီအစဉ်နဲ့ ဆိုက်ကားတစ်စီးငှားပြီး ပုံတူပန်းချီကားရယ်၊ စာတန်းရှည်အလိပ်ကလေးရယ်ကိုင်ပြီး လူစည်ကားရာ ဈေးဘက်ကို ထွက်ခဲ့ပါတယ်။

ဈေးမှာတော့ ရောင်းသူဝယ်သူတွေဟာ ပျားပန်းခပ်မျှ စည်ကားနေပါပြီ။ ဒေါ်ဂျမ်းစိန်ပုံတူပန်းချီကားကို ပင်စည်မှာ သံရိုက်လို့ ချိတ်ဆွဲလိုက်ပါတယ်။ ပုံအထက်မှာတော့ စာတန်းကို ကပ်လိုက်တယ်။ ဈေးသွားဈေးလာအချို့ဟာ ဘာတွေလုပ်နေပါလိမ့်လို့ စူးစမ်းလိုစိတ်နဲ့ သူတို့နား ရောက်လာကြတယ်။

"ဟာ…ဒီရုပ်ပုံဟာ ဘယ်သူဘယ်ဝါရယ်လို့ နာမည်မထိုးပေမဲ့ တစ်ရပ်ကွက်လုံးရဲ့ အော့ကြောလန်ဒေါ်ဂျမ်းစိန်ရဲ့ပုံမှ ပုံအစစ်ပဲ"

"ဟုတ်ပါရဲ့ကွာ။ တူချက်ကတော့ နှစ်ယောက်မရှိ…နိုးတူးပဲ"

"ဟေ့…အပေါ်က စာတန်းကိုလည်း ဖတ်ကြည့်ပါဦး"

စာတန်းတွင် ရေးသားထားသည်တို့ကား…

**'အောက်ပါရုပ်ပုံအား မုန်းတီးသူများရှိပါက တံတွေးဖြင့်ထွေးနိုင်ပါသည်။ တစ်ခါထွေးလျှင် တစ်ကျပ်ကျပါသည်။ မိမိတို့ အကုန်အကျခံပေးနိုင်သလောက် ထွေးနိုင်ပါသည်။'**

"ထွေးမယ်ဟေ့…ထွေးမယ်"

"ငါလည်း ထွေးမယ်။ ရော့…တစ်ကျပ်။ ထွီ…"

လူတွေဆိုတာ ဝင်လာမစဲ ဗာသဲသဲပါပဲ။ ဒေါ်ဂျမ်းစိန်နဲ့ ပတ်သက်ဖူးတဲ့သူတွေဆိုတာ တစ်ကြော့ပြန်မဲက လာရောက် အားပေးနေကြသလို၊ ဒေါ်ဂျမ်းစိန်ကို ကြည့်မရဖြစ်နေသူတွေက ပါ ရောက်ရောက်လာကြလေတော့ တစ်ကျပ် တစ်ကျပ်နဲ့ ပွား ပွားလာလို့ကို မဆုံးတော့ပါဘူး။

သည်အချိန်မှာ ဒေါ်ဂျမ်းစိန်လည်း နေ့ပြန်တိုးတွေတောင်း ဖို့ ဈေးထဲရောက်လာခဲ့တယ်။ သူ့ကိုပေးမယ့်သူတွေက ကုက္ကို ပင်အောက် ရောက်နေတယ်ဆိုတာကြောင့် သူလည်း လူတွေ ဝိုင်းဖွဲ့နေတဲ့ ကုက္ကိုပင်အောက် ရောက်လာတော့တာပေါ့။

"ဟင်..."

ဒေါ်ဂျမ်းစိန်ဟာ မြင်ကွင်းကိုကြည့်ပြီး အတော်ကလေးကို အံ့အားသင့်သွားတာနဲ့အမျှ ထိတ်လန့်တုန်လှုပ်သွားပါတော့တယ်။ အဲဒါကြောင့် နေ့ပြန်တိုးတွေတောင် မကောက်ဖြစ်တော့ဘဲ အိမ် ကို ပြန်လာခဲ့တယ်။ ပြီးတော့ သူ့ကိုယ်သူ ပြန်စဉ်းစားကြည့်မိ တယ်။

"ဘုရား...ဘုရား...လူတွေအားလုံးဟာ ငါ့ကို တကယ် ပဲ ရွံရှာနေကြပါရောလား။
ဟုတ်ပါရဲ့။ ငါဟာ စာနာမှုမရှိဘဲ ငါ့တစ်ကိုယ်ကောင်း စားရေးကိုသာ ကြည့်ခဲ့တယ်။ မပြေလည်သူကို အိမ်ပေါ် က နှင်လိုနှင်နဲ့။ သူတို့ရဲ့ ဒုက္ခဟာ အတော်ကြီးမားလှတာ ကို ငါ မစာနာမိခဲ့ဘူး၏ ငါ...မှားပြီ ငါမှားပြီ"

ဒေါ်ဂျမ်းစိန်ဟာ အသိတရားရပြီး နောင်တစိတ်တွေ ဖြစ်ပေါ်ခဲ့ပါပြီ။

အဲဒါကြောင့်ပဲ သူ့ရဲ့ မိုက်မှားမှုတွေကို ခဝါချလိုက်ပါပြီ။

အိမ်ငှားတွေ မပြေလည်ရင်၊ တောင်းပန်ရင် သည်းခံလိုက်လျှောတတ်လာပါပြီ။ အတိုးငွေတွေလည်း မဆိုစလောက်သာ ယူပြီး သက်ညှာစိတ်မွေးလိုက်ပါပြီ။ ဒါ့အပြင် ရပ်ကွက်သာရေး နာရေးတွေမှာလည်း အလှူအတန်းတွေ ရက်ရက်ရောရော လုပ်ခဲ့ပါပြီ။

ဒါကြောင့်ပဲ ဒေါ်ဂျမ်းစိန်တစ်ယောက် ရပ်ကွက်ရဲ့ အော့နှလုံးနာမဟုတ်တော့ဘဲ လေးစားကြည်ညိုခံဘဝရောက်ခဲ့ရပါပြီ။

အမှန်ကို မြင်လိုက်တဲ့အတွက် အမြင်မှန်ခဲ့ရတဲ့ ဖြစ်ရပ်ပုံပြင်ကလေးတစ်ခုပေါ့ကွယ်။

※ ❖ ※

## ပန်းပဆရာလေး မောင်ဃိခ



# ပန်းပဲဆရာလေး မောင်သံခဲ

ဟိုးရှေးရှေးတုန်း အခါက ဇေပုဒ်တောရွာကလေးတစ်ရွာမှာ ပန်းပဲလုပ်ငန်းနဲ့ အသက်မွေးကြရတဲ့ ဆင်းရဲသားလင်မယားနှစ်ယောက် ရှိကြပါသတဲ့။

သူတို့လင်မယားဟာ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရင်းနဲ့ ကာလကြာတဲ့အခါ သားယောကျ်ားကလေးတစ်ဦး ထွန်းကားခဲ့ပါတယ်။ အသားအရေ အကြောအခြင်တွေဟာ သံတုံးသံခဲလို မာကျောတဲ့အတွက်ကြောင့် 'မောင်သံခဲ'လို့ အမည်ပေးကြပါသတဲ့။ သည်လိုနဲ့ မောင်သံခဲကလေး အရွယ်ရောက်လာတဲ့အခါ ဖခင်ဆီကနေ ပန်းပဲပညာကို သင်ယူပါလေရော။

မောင်သံခဲဟာ ပန်းပဲပညာနဲ့ ပတ်သက်လာရင် ပါရမီထူးချွန်သူလို့ ဆိုရမလားပဲ။ ကြိုးစားမှုရယ်၊ တီထွင်တတ်မှုရယ် ပေါင်းစပ်လိုက်တဲ့အခါမှာတော့ သူ့လက်ထွက် ပန်းပဲပစ္စည်းလက်ရာတွေဆိုရင် လိုချင်ကြတဲ့သူတွေဆိုတာ အလုအယက်ကို ဖြစ်နေကြရလောက်အောင် ပန်းပဲပညာထူးချွန်တာကလား။ မောင်သံခဲဟာ ဓား၊ လှံလက်နက်တွေကအစ ထွန်တုံး၊ ထွန်သွားတွေအလယ်၊ အပ်တိုအထိအဆုံး သံထည်ပစ္စည်းအမျိုးမျိုးအဖုံဖုံကို နိုင်နိုင်လက်ရာကောင်းမွန်စွာနဲ့ တစ်မူထူးကဲအောင် ပြုလုပ်နိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။

မောင်သံခဲတို့နေထိုင်တဲ့ရွာနဲ့ မလှမ်းမကမ်းမှာတော့ အိမ်ခြေတစ်ထောင်လောက်ရှိတဲ့ ရွာကြီးတစ်ရွာရှိပါတယ်။

အဲသည့်ရွာကြီးတစ်ရွာလုံးရဲ့ အဓိကလုပ်ငန်းကလည်း ပန်းပဲလုပ်ငန်းပါပဲ။ ပန်းပဲဖိုတွေဆိုတာ အိမ်တိုင်းစေ့ရှိကြတယ်။ ပန်းပဲရွာကြီးကို အုပ်ချုပ်တဲ့အကြီးအကဲကတော့ ပန်းပဲဆရာကြီး အဘာခဲဖြစ်ပါတယ်။ အဘာခဲမှာ အင်မတန်မ လိမ္မာရေးခြားရှိပြီး ချောမောလှပရုံမက အရွယ်ရောက်နေပြီဖြစ်တဲ့ သမီးကလေး မပန်းမှုံဆိုတာ ရှိပါသတဲ့။ မပန်းမှုံကလေးဟာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတွေအပေါ် အလေးအမြတ်ထားပြီး အပြောအဆို၊ အနေအထိုင်၊ အမူအရာတွေကလည်း အပြစ်ဆိုစရာမရှိလောက်အောင်ကို ယဉ်ကျေးသိမ်မွေ့လေတော့ ကောင်းသတင်းဂုဏ်ဟာ ထင်ရှားကျော်ကြားတာနဲ့အမျှ ဖူးစာဖက်ချင်တဲ့ လူပျိုကာလသားတွေဆိုတာ ဝိုင်းဝိုင်းကို လည်နေပါသတဲ့။

သည့်သတင်းကိုကြားရတော့ ရွှေးရေစက်ကြောင့်လား တော့ မပြောတတ်ဘူး။ မောင်သံခဲဟာ မပန်းမှုံကလေးအပေါ် ကို မေတ္တာသက်ဝင် စွဲလမ်းချစ်ခင်မိတယ်ဆိုပဲ။ ဒါကြောင့်လည်း မောင်သံခဲဟာ…

'ငါ့အနေနဲ့ ငါ့ရဲ့ပညာအစွမ်းကို ထုတ်ဖော်ပြီး မပန်းမှုံ ကလေးရဲ့ မေတ္တာကို ရယူရမယ်' လို့ ကြံစည်နေမိပါတော့တယ်။

ဒါနဲ့ပဲ သူဟာ အင်မတန်မာကျောတဲ့သံနဲ့ သိပ်ကို သေး ငယ်တဲ့ အပ်တစ်ချောင်း ပြုလုပ်ပါတော့တယ်။ အပ်ဖြစ်လာတော့ အပ်အရင်းမှာ နဖားပေါက်ထွင်းပြီး ရေပေါ်မှာ ပေါလောပေါ် အောင် စီရင်ပြုလုပ်ပါတယ်။ ဒါနဲ့တင် မပြီးသေးပါဘူး။ အဆို ပါအပ်နဲ့ အလားတူတဲ့ အပ်ထည့်ရတဲ့အပ်အိမ်ကို ပြုလုပ်ပြန်ပါ တယ်။ အပ်အိမ် ပြီးစီးသွားပြီဆိုတော့မှ အပ်အိမ်ထဲ အပ်ကို ထည့်လိုက်ပါတယ်။

ထည့်တဲ့အခါမှာလည်း ကြည့်ပါဦး။ ပထမအပ်အိမ်ကို ဒုတိယအပ်အိမ်ထဲ ထည့်ပါတယ်။ ဒုတိယအပ်အိမ်ကို တတိယ အပ်အိမ်ထဲ၊ တတိယအပ်အိမ်ကို စတုတ္ထအပ်အိမ်ထဲ…အစရှိ သဖြင့် ထည့်လာလိုက်တာ အပ်အိမ်ပေါင်း ခုနစ်ခုတောင် ဖြစ် လာတယ်ဆိုပဲ။

အားလုံးကိစ္စဝိစ္စတွေ ပြီးပြီဆိုတာနဲ့ အပ်အိမ်ကို အပ်ကျည် တောက်ထဲထည့်လို့ မောင်သံခဲလည်း ပန်းပဲရွာကြီးရှိရာကို ထွက် လာခဲ့ပါတော့တယ်။

ပန်းပဲရွာကြီးကို ရောက်တော့ မောင်သံခဲလည်း ပတ်ဝန်းကျင်ကို စုံစမ်းပြီး ပန်းပဲဆရာကြီးအဘခံအိမ်ရှေ့ကို ရောက်တဲ့အခါ ဖြုန်းဆိုရပ်လိုက်တယ်။ အဲသည်နောက်…

"အပ်ရောင်းဖို့ ပါတယ်ဗျို့။ ဝယ်ကြဦးမလား‥အပ်။ ဟောဒီမှာ အပ်ရောင်းဖို့ ပါတယ်"

လို့ အဆက်မပြတ်အော်ဟစ်နေပါလေရော။

အဲသည်အချိန်မှာ မပန်းမှုံကလေးဟာ သမီးအလိမ္မာပီပီ ဖခင်ကြီးအနားမှာ ကျုံ့ကျုံ့ကလေးထိုင်လို့ ယပ်ခတ်ပေးနေပါသတဲ့။

"သမီးရေ‥အိမ်ရှေ့မှာ တစာစာအော်နေတဲ့ အပ်သည်ကို အလိုမရှိတဲ့အကြောင်း သွားပြောချေပါကွယ်။ ဘယ့်နှယ် ပန်းပဲလုပ်နေတဲ့ရွာကိုမှ အပ်လာရောင်းရတယ်လို့ ကြုံ့…ကြုံဖူးပေါင်"

"ဟုတ်ကဲ့…အဘ။ သမီး ခုပဲ သွားပြောလိုက်ပါ့မယ်"

မပန်းမှုံလည်း နေရာက အသာထသွားပြီး မောင်သံခဲကို တွေ့လိုက်ရတဲ့အခါ ချိုချိုသာသာပဲ ပြောဆိုလိုက်ပါသတဲ့။

"အို…မောင်ကြီးရှင်။ သည်ရွာက ပန်းပဲလုပ်တဲ့ရွာဆိုတာ မသိပေဘူးလား။ အခြားရွာတွေက အပ်အပါအဝင် သံထည်ပစ္စည်းတွေ ဘာပဲလိုလို သည်ရွာကိုလာပြီး ဝယ်နေကြတဲ့ဥစ္စာ။ သည်တော့ မောင်ကြီးရဲ့အပ်ကို တခြားရွာတွေဆီ သွားရောင်းဖို့ မသင့်ပေဘူးလားရှင်‥‥"

"အို…နှမငယ်။ သည်ရွာမှာ ကျွမ်းကျင်တဲ့ပန်းပဲပညာရှင်တွေ အမြောက်အမြားရှိနေကြတယ်ဆိုတာကို မောင်ကြီးကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ မောင်ကြီးရောင်းဖို့ယူလာတဲ့ အခုအပ်ဟာ နှမငယ်တို့ပန်းပဲရွာက ထွက်တဲ့အပ်တွေနဲ့ လုံးဝဆို လုံးဝ မတူပါဘူး။ သိပ်ကို ထူးခြားလှတဲ့ အပ်ပါ။ ဒါကြောင့်မို့လို့လည်း ပန်းပဲပညာရှင်တွေရှိနေကြတဲ့ နှမငယ်တို့ရွာကို လာပြီး ရောင်းချရဲတာပေါ့"

"အပြောကြီးလှပါကလားရှင်"

"ပြောတာတောင် နည်းနေပါသေးတယ်။ မောင်ကြီးရဲ့အပ်ကို နှမငယ်ရဲ့ ဖခင်သာ တွေ့မြင်လိုက်ရရင် သိပ်ကိုသဘောကျသွားရုံမက နှမကလေးရဲ့တောင် လက်ဆက်ပေးလိမ့်မယ် ထင်ပါတယ်"

"အိုး…"

မောင်သံခဲရဲ့စကားက မပန်းမှုံကလေးကို ရှက်သွေးတွေဖြာသွားစေခဲ့ပါတယ်။

သည်အချိန်မှာ အဘဓိဟာ မောင်သံခဲနဲ့ မပန်းမှုံတို့ရဲ့စကားအချီအချ ပြောဆိုနေသံတွေကို ကြားလိုက်ရတော့ မောင်သံခဲကို အိမ်ထဲခေါ်စေလိုက်ပါတယ်။ အိမ်ထဲကို မောင်သံခဲရောက်တယ်ဆိုရင်ပဲ…

"အမောင်လုလင်…သင့်မှာပါလာတဲ့အပ်ကို ပြပါဦး။ ကြည့်ပါရစေ…"

လို့ဆိုလိုက်တယ်။ သည်အခါ မောင်သံခဲက…

"အို…ဖခင်။ ဖခင်တစ်ဦးတည်း ကြည့်ရှုအကဲခတ်တာထက် အနီးအနားမှာရှိနေတဲ့ တခြားပန်းပဲဆရာတွေကိုပါ ခေါ်ပြီး ကြည့်ရှုအကဲခတ်တာ ကောင်းလိမ့်မယ် ထင်ပါတယ်"

လို့ ပြောလိုက်တယ်။ ဒါနဲ့ပဲ ဆရာကြီးလည်း အနီးအပါးမှာရှိတဲ့ ပန်းပဲဆရာတွေကို ဆင့်ခေါ်လိုက်တယ်။ မကြာခင်တစ်အိမ်လုံး ပန်းပဲဆရာတွေနဲ့ ပြည့်သွားပါတော့တယ်။

"အားလုံး‥စုံလောက်ပါပြီနော်"

မောင်သံခဲက သတိပေး နှိုးဆော်ပြီးတဲ့နောက်မှာ အပ်ကျည်တောက်ကို ပန်းပဲဆရာကြီးအဘခံရဲ့လက်ထဲ ရိုသေစွာ ထည့်လိုက်ပါတော့တယ်။

သည်တော့ အဘခံလည်း အပ်ကျည်တောက်ထဲက အပ်အိမ်ကို ထုတ်လိုက်တယ်။

"အမောင်…ဒါဟာ အပ်လားကွယ့်"

"အပ် မဟုတ်သေးပါဘူး‥ဖခင်။ အပ်အိမ်မျှသာဖြစ်ပါသေးတယ်"

"ဟေ…ဟုတ်လား။ ကြုံဖူးပေါင်ကွယ်…မှန်းစမ်း"

အဘခံနဲ့တကွ ပန်းပဲဆရာအပေါင်းလည်း အပ်အိမ်ဆိုတာကို သေသေချာချာလှေ့လာစူးစမ်းလိုက်တယ်။ တချို့ဆို စေ့စေ့စပ်စပ် စစ်ဆေးလို့ပေါ့။ အဲသည်နောက်မှာတော့ အားလုံးရဲ့မျက်နှာတွေမှာ အံ့ဩနေတဲ့အမူအရာတွေဆိုတာ အထင်းသားဖြစ်ပေါ်လာကြတယ်။

အပ်အိမ်ဟာ နဖားပါနေတဲ့အတွက် အပ်အိမ်နဲ့ မတူပါဘူး။ အပ်လို့ပဲ ထင်မှတ်ရပါတယ်။ ဒါ့အပြင် အပ်အိမ်လို့ဆိုရလောက် အောင်လည်း အဖုံးကို မတွေ့ရပြန်ပါဘူး။ အဆက်၊ အရာ၊ အကြောင်းတွေကိုလည်း မတွေ့ရတော့ တော်တော်လေးကို တအံ့ တသြဖြစ်နေကြတော့တာပဲပေါ့။

အဲသည်အခိုက်မှာ မောင်သံခဲဟာ အဘဖဲ့ရဲ့လက်ထဲက အပ်အိမ်ကို တောင်းယူပြီး လက်သည်းနဲ့ခြစ်လိုက်တယ်။ ပြီး တော့ အပ်အိမ်ခုနစ်ခုကို တစ်ခုပြီးတစ်ခု ချွတ်ပြတယ်။ နောက် ဆုံးမှာမှ အပ်ငယ်ကလေးဟာ ထွက်ပေါ်လာတော့တယ်။

"အို…ဖခင်။ ဒါဟာ အပ်ပါပဲ"

သည်တော့ အားလုံးဟာ 'ဟယ်..''ဟင်…' 'အလို လေး…''အံ့သြစရာကောင်းလှပါပေရဲ့'စသဖြင့် အံ့အားတသင့် အာမေဍိတ်အသံတွေ ပေါ်ထွက်လာကြတော့တယ်။

မောင်သံခဲဟာ သည်လောက်နဲ့တင် သူ့အပ်ကိစ္စကို မရပ် ခဲ့ပါဘူး။ ဆက်လက်ပြီး အပ်အစွမ်းပြဖို့ရာအတွက် မပန်းမှုံ ကလေးကို ပြုံးကြည့်လို့…

"နှမငယ်…မောင်ကြီးရဲ့ အပ်အစွမ်းပြဖို့ရာအတွက် ပေခုံ ရယ်၊ ရေအပြည့်ထည့်ထားတဲ့ ကြေးခွက်ရယ်ကို ယူလာ ပေးပါ"

လို့ တောင်းခံလိုက်တယ်။ တောင်းခံတဲ့ပစ္စည်းတွေ ရောက် လာတဲ့အခါ မောင်သံခဲလည်း ပန်းပဲဆရာတစ်ဦးကို…

"နောင်ကြီး…ပေခုံကို ခဏလောက် ကိုင်ထားပေးပါ။ ကျန်တဲ့နောင်ကြီးက ပေခုံရဲ့အောက်မှာ ရေထည့်ထားတဲ့ ကြေးခွက်ကို ခံထားပေးပါ"

လို့ ပြောဆိုစီမံလိုက်တယ်။

စီစဉ်ထားသမျှအားလုံး ပြည့်စုံပြီဆိုတာနဲ့ မောင်သံခဲလည်း သူ့ရဲ့ အပ်ကို ပေခုံပေါ်မှာ ထောင်လို့ တူနဲ့ အားကုန်ထုချလိုက်တယ်။

"ဟာ.."

"အလိုလေး…"

မောင်သံခဲထုချလိုက်တဲ့အပ်ဟာ ပေခုံကို ထုတ်ချင်းပေါက်ထွက်သွားပြီး ပေခုံအောက်မှာ ခံထားတဲ့ ကြေးရေဖလားထဲကို ကျသွားတယ်။ ကျတဲ့နေရာမှာလည်း ရေအောက်ကို ရောက်မသွား။ ရေမျက်နှာပြင်မှာလည်း ပေါ်မနေ၊ ရေအလယ်တည့်တည့်မှာပဲ နေပါသတဲ့။

သည်မြင်ကွင်းကို တွေ့မြင်ကြရတဲ့ ပန်းပဲဆရာအပေါင်းလည်း…

"အသွေတို့…

ငါတို့ဟာ ဒီလောက်ကောင်းမွန်အစွမ်းထက်တဲ့ အပ်မျိုးကို လုပ်နိုင်စွမ်းရှိဖို့ ဝေးစွ မြင်တောင်မမြင်ဖူးခဲ့ကြဘူး။ ခုအခါ ကံကောင်းထောက်မလို့သာ တွေ့မြင်ခွင့်ကြုံရတယ်"

အားလုံးဟာ မောင်သံခဲကို ဝိုင်းပြီး ချီးမွမ်းဂုဏ်ပြုစကားတွေ ပြောဆိုကြတယ်။ သူတို့ကိုလည်း ပန်းပဲပညာတွေ ဆင့်ပွားသင်ကြားပေးဖို့ တောင်းပန်စကားဆိုကြတယ်။

ပန်းပဲဆရာသူကြီးဖြစ်တဲ့ အဘဖိုးလည်း အမွေးမြင် အပင်သိသူဖြစ်လို့ လူငယ်ချင်း မေတ္တာရှိနေတာကို ရိပ်စားမိတာက တစ်ကြောင်း၊ မောင်သံခဲရဲ့ပညာအစွမ်းကို နှစ်သက်သဘောကျမိတာက တစ်ကြောင်း…စတဲ့အကြောင်းတွေကို အရင်းခံလို့ သမီးကလေး မနှင်းမှုံနဲ့ မောင်သံခဲတို့ကို ထိမ်းမြားလက်ထပ်ပေးလိုက်ပါသတဲ့။

ကလေးတို့ရေ…

'ပညာရဲရင့် ပွဲလယ်တင့်'သတဲ့။

'နှုတ်မှု၊ လက်မှု၊ အတတ်စုကို၊ ငယ်နုသောခြား၊ မမေ့အားနှင့်'…တဲ့။

မင်္ဂလာတရားတော်မှာ စက်မှု လက်မှုအတတ်ကို ထူးချွန်စွာ တတ်မြောက်ခြင်းဟာ မင်္ဂလာဖြစ်ပါသတဲ့။ ကလေးတို့လည်း မင်္ဂလာရှိစွာနဲ့ တစ်နေ့မှာ ထူးချွန်ထက်မြက်တဲ့ ပညာရှင်ကလေးတွေ ဖြစ်ကြပါစေကွယ်။

❀ ❖ ❀

# ဆရာကောင်းတို့ကျေးဇူး



# ဆရာကောင်းတို့ ကျေးဇူး

ရှေး…လွန်လေပြီးသော်အခါကာလတုန်းက မင်းညီမင်းသားတွေဟာ အရွယ်ရောက်လာပြီဆိုတာနဲ့ တက္ကသိုလ်ပြည်ကိုသွားပြီး ဒိသာပါမောက္ခဆရာကြီးထံမှာ အတတ်ပညာအလုံးစုံကိုသင်ကြားလေ့ရှိကြတယ်။

အဲသည် အစဉ်အလာအတိုင်း ဗာရာဏသီမင်းသားလေးလည်း အရွယ်ရောက်လာတာနဲ့ ဒိသာပါမောက္ခကြီးထံမှာ ပညာသင်ကြားခဲ့လေရဲ့။ ပညာစုံလို့ တိုင်းပြည်ကို ပြန်မယ့်အကြောင်းခွင့်ပန်တော့ ဆရာကြီးလည်း အင်္ဂဝိဇ္ဇာအတတ်နဲ့ ကြည့်ရှုရင်း…

'သည်မင်းသားဟာ မင်းအဖြစ် ရရှိလာတဲ့အခါမှာ သားဖြစ်သူကြောင့် အသက်ဘေးတွေ့ကြုံရလိမ့်မယ်။ သည်တော့မင်းသားအတွက် အကာအကွယ်ပေးမှ ဖြစ်မယ်'

လို့ ကြံစည်ရင်း ဂါထာလေးဂါထာဖွဲ့ပြီး...

"ချစ်တပည့်...သင်ဟာ မင်းဖြစ်ပြီး သင့်ရဲ့ သားတော် အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်တဲ့နေ့ အဲသည်နေ့ သင်ပွဲတော် တည့်မယ်အခါ ပထမဂါထာကို ရွတ်ပါ။ ဒုတိယဂါထာကိုတော့ မှူးမတ်ဗိုလ်ပါအပြောက်အမြားလာရောက်စားကြတဲ့အခါမှ ရွတ်ပါ။ တတိယဂါထာကို ပြာသာဒ်ပေါ်တက်တဲ့အခါ စောင်းတန်းအနီးမှာ ရွတ်ပါ။ နောက်ဆုံးဂါထာကိုတော့ဖြင့် စက်တော်ခေါ်ရာ ကျက်သရေဆောင်ကို ဝင်တဲ့တံခါးဝမှာ ရပ်ပြီး ရွတ်ပါလော့"

လို့ ပြောဆိုဆုံးမပြီးနောက် ဖွဲ့သီထားတဲ့ လေးဂါထာကို နှုတ်တိုက်ချပေးလိုက်ပါတယ်။ မင်းသားလည်း ဆရာကြီးဆုံးမဩဝါဒပေးတဲ့အပေါ် ရိုသေစွာနာခံလို့ လေးဂါထာကို အလွတ်ကျက်မှတ်ပြီးတဲ့နောက် ဗာရာဏသီပြည်ကို ပြန်ခဲ့ပါတော့တယ်။

တိုင်းပြည်ကို ပြန်ရောက်တော့ ဖခမည်းတော် နတ်ရွာစံပြီးဖြစ်တဲ့အတွက် ထီးနန်းကို ဆက်ခံရတော့တာပေါ့။ သည်လိုနဲ့ ထီးနန်းစိုးစံလာလိုက်တာ သူ့ရဲ့ သားတော် အသက်ဆယ့်ခြောက်နှစ်ပြည့်လာတဲ့အထိပဲ။ အဲသည်ကာလမတိုင်ခင် မင်းကြီးရဲ့ သားတော်ဟာ ခမည်းတော်ရဲ့ မင်းစည်းစိမ်ကို အားကျပြီး ဘုရင်ဖြစ်လိုစိတ်တွေ တဖွားဖွားပေါ်နေသတဲ့။ သည်တော့ သူ့ရဲ့ အလုပ်အကျွေးတွေကို ဖွင့်ဟပြောဆိုခဲ့တယ်။ လူယုံတော် အလုပ်အကျွေးတွေက...

"ကောင်းမွန်တဲ့ အကြံပါပဲ အရှင့်သား။ အရှင့်သားအဖို့ သည်အတိုင်းနေမယ်ဆိုရင် ဖခမည်းတော် အိုမင်းတဲ့ အရွယ်ကျကာမှပဲ ထီးနန်းစည်းစိမ် ဆက်ခံရလိမ့်မယ်။ သည်တော့ မင်းကြီးကို လုပ်ကြံပြီး မင်းစည်းစိမ်ကို ရယူ သင့်ပါတယ် အရှင့်သား"

ရယ်လို့ မြွောက်ထိုးပင့်ကော်တင်လျှောက်ကြတယ်။ မင်းသားလည်း ခမည်းတော်ကို အဆိပ်ကျွေးသတ်မယ်လို့ ကြံစည်ပြီး ခမည်းတော်ရဲ့ ပွဲတော်ထဲထည့်ဖို့ အဆိပ်ကို ဝှက်ယူလာခဲ့တယ်။ မင်းကြီးလည်း ပွဲတော်တည်တော့မယ်ဆဲဆဲမှာ သားတော် အသက်ထစ်ဆယ့်ခြောက်နှစ်ပြည့်ပြီဆိုတာကို သတိရတာနဲ့အမျှ ဆရာကြီး သင်ကြားဆုံးမတာတွေကိုလည်း သတိရမိရင်းက ပထမဂါထာကို လွှတ်ခနဲရွတ်လိုက်ပါသတဲ့။

"ကြွက်တွေဟာ ညဥ့်ဘယ်လိုပဲ မှောင်မိုက်နေ.. ..ခေ ဖွဲ ဆိုရင် ဖွဲမှန်း၊ ဆန်ဆိုရင် ဆန်မှန်း ခွဲခြားပြီး သိတတ်ကြတယ်။ သည်တော့ ကြွက်တွေဟာ ဖွဲတွေကို ဖယ်ရှားလို့ ဆန်ကိုပဲ စားကြတယ်"

အဲသည်ဂါထာရွတ်သံကို ကြားရတော့ မင်းသားလည်း သူ့အကြံအစည်ကို မင်းကြီးသိသွားပြီလို့ မှတ်ထင်သွားပြီး အဆိပ် မခတ်ဝံ့တော့ဘဲ ကြောက်ရွံ့ထိတ်လန့်စွာနဲ့ နေရာက ထပြေးလာ ရသတဲ့။ တကယ့်အဖြစ်မှန်ကို မင်းကြီးဟာ မသိပါဘူး။ မင်းသားရဲ့ အကြံအစည်မအောင်တော့ လူယုံတော် အလုပ်အကျွေး တွေက ထပ်ပြီး အကြံပေးလာကြပြန်တယ်။



"အရှင့်သား...သည်တစ်ခါမှုမတ်မိုလ်ပါအမြောက်အမြား တို့ မင်းကြီးကို သွားရောက်ခစားကြတဲ့အခါ အရှင့်သား ဟာ သန်လျက်ကို ဝှက်ယူပြီး သွားရောက်ခစားပါ။ မင်းကြီးအလစ်အငိုက်မှာ လည်တိုင်ကို သန်လျက်နဲ့ ပိုင်း ရင် ကိစ္စပြတ်ပါပြီ အရှင့်သား"

မင်းသားလည်း ကောင်းပြီလို့ဆိုပြီး မှူးမတ်ဗိုလ်ပါ အမြောက်အမြားတို့ မင်းကြီးကို သွားရောက်ခစားကြတဲ့အခါ သန်လျက်ကို ဝှက်ပြီး လိုက်ပါသွားခဲ့တယ်။ ပြီးတော့ မင်းကြီးရဲ့ အလစ်အငိုက်ကို ချောင်းနေခဲ့တယ်။ သည်အချိန်မှာ မင်းကြီး ဟာ ဆရာကြီးရဲ့ အဆုံးအမကို ဖျတ်ခနဲသတိရပြီး ဒုတိယဂါထာ ကို ရွတ်လိုက်လေရဲ့…။

"ဥယျာဉ်တော်မှာပဲဖြစ်ဖြစ်၊ ရွာဇပုဒ်မှာပဲဖြစ်ဖြစ် တိုးတိုး တိတ်တိတ် အနီးကပ်တိုင်ပင်တိုင်း တိုင်ပင်တိုင်း ငါ့ကို သတ်ဖို့ ကြံစည်နေတယ်ဆိုတာကို ငါသိတယ်"

အဲသည်ဂါထာကိုလည်း ကြားလိုက်ရော မင်းသားလည်း သူ့အကြံအစည်ကို မင်းကြီးတပ်အပ်သေချာသိနေတယ်လို့ ထင် မှတ်ပြီး မှူးမတ်ဗိုလ်ပါတွေကြားက လစ်ထွက်လာခဲ့တော့တယ်။ အလုပ်အကျွေးတွေလည်း အကြောင်းအစုံကို သိလေတော့ သီတင်းတစ်ပတ်ကျော်ကြာတဲ့အခါမှာ…

"အရှင့်သား…မင်းကြီးဟာ အရှင့်သားကို ရန်သူအဖြစ် သိလို့ ရွတ်ဆိုတာ မဖြစ်နိုင်ပါ။ သူ့ဘာသာ စိတ်ကူး တည့်ရာ ရွတ်ဆိုခြင်းသာ ဖြစ်ပါလိမ့်မယ်။ နောက်တစ်ဖန် ကြိုးစားရင် အောင်မြင်ပါလိမ့်မယ် အရှင့်သား"

လို့ မြှောက်ထိုးပင့်ကော်တင်လျှောက်ကြပြန်ပါရောတဲ့။

အဲဒါနဲ့ တစ်နေ့ကျတော့ မင်းသားဟာ သန်လျက်ကို ဝှက် ယူပြီး စောင်းတန်းဦးမှာရပ်လို့ ခမည်းတော်ကြီးပြာသာဒ်ထက် တက်အလာကို ပုန်းအောင်းစောင့်စားနေခဲ့တယ်။ မကြာမီ မင်းကြီး

ရောက်လာတယ်။ အဲသည်မှာ မင်းကြီးလည်း ဆရာကြီးရဲ့ ဆုံးမ ဩဝါဒကို ဖျတ်ခနဲသတိရပြီး စောင်းတန်းဦးမှာရပ်လို့ တတိယ ဂါထာကို ရွတ်ပြန်ပါလေရော။

"မျောက်ဖခင်ဟာ သူမွေးဖွားလာတဲ့ မျောက်သားငယ်ရဲ့ ဝှေးဥကို မျိုးစေ့မပေးနိုင်အောင် ငယ်ငယ်ကလေးကတည်း က သွားနဲ့ ကိုက်ဖြတ်လို့ အထီးသဘာဝကို ဖျက်ဆီး ပစ်တယ်"

အဲသည် ဂါထာရွတ်ဆံကို မင်းသားကြားတော့...

"ခမည်းတော်ဟာ ငါကြံစည်သမျှတွေကို သိနေပါရော့ လား။ ငါ့ကို ဖမ်းဆီးပြီး အပြစ်ဒဏ်ခတ်မယ့်သဘောကို ပြောဆိုနေပြီ"

ရယ်လို့ တွေးထင်ကြောက်ရွံ့ထိတ်လန့်ကာ ပုန်းနေရာက နေ ပြေးလာခဲ့တော့တယ်။ လူယုံတော်အလုပ်အကျွေးဆီရောက် တော့ ခမည်းတော်ဟာ သူ့ကို နှိပ်ကွပ်တော့မယ်လို့ ထင်ကြောင်း ပြောပြလိုက်တယ်။ အလုပ်အကျွေးတွေက သည်လိုအမှတ်မထား ဖို့ မင်းသားကို ဖျောင်းဖျနှစ်သိမ့်ကြတယ်။ သည်လိုနဲ့ တစ်လခွဲ လောက် ကာလကြာတော့...

"အရှင်မင်းသား...မင်းကြီးဟာ အရှင့်သားရဲ့ ကြံစည် လုပ်ဆောင်နေသမျှတွေကို တစ်စိုးတစ်စိမျှ သိဟန်မတူပါ ဘူး။ တကယ်လို့သာ သိမယ်ဆိုရင် အရှင့်သားအနေနဲ့ သည်လိုမျိုး လွတ်လပ်စွာနေရမှာ မဟုတ်ဘူး။ နှောင်အိမ် သွင်းပြီး အကျဉ်းချလောက်ပြီပေါ့။ မင်းကြီးဟာ သူ့ဝသီ

အတိုင်း ရွတ်ချင်ရာ ရွတ်ဆိုနေခြင်းသာဖြစ်ပါတယ် အရှင့်သား။ သည့်အတွက် နောက်တစ်ကြိမ် ကြံစည်ကြိုးစားကြည့်ပါဦး"

လို့ တိုက်တွန်းအားပေးကြပြန်တယ်။ မင်းသားလည်း ကောင်းပြီလို့ဆိုပြီး အခွင့်အလမ်းကို စောင့်မျှော်နေတော့တာပေါ့။

သည်လိုနဲ့ တစ်နေ့ကျတော့ မင်းသားလည်း သန်လျက်ကို ကိုင်ပြီး…

'ခမည်းတော် စက်တော်ခေါ်ဖို့ ကျက်သရေခန်းကို ဝင်လာရင် သုတ်သင်မယ်'

လို့ ကြံစည်ရင်း ပြာသာဒ်ထက်တက် ကျက်သရေခန်းထဲကိုဝင်ပြီး ပလ္လင်အောက်ဝင်ပုန်းလို့ မင်းကြီးအလာကို စောင့်နေခဲ့တယ်။

မင်းကြီးလည်း ညစာပွဲတော်တည်ပြီးတဲ့အခါ ခစားနေတဲ့သူတွေကို ပြန်လွှတ်လိုက်တယ်။ အဲသည်နောက် စက်တော်ခေါ်ဖို့အတွက် ကျက်သရေခန်းကိုဝင်တဲ့အခါ တံခါးခုံအရောက် ဆရာကြီးကို ဖျတ်ခနဲသတိရလိုက်တာနဲ့ စတုတ္ထဂါထာကို ရွတ်မိတော့တယ်။

"သင်ဟာ မှန်ညင်းခင်းထဲ ဝင်တဲ့အခါ ဆိတ်လိုပဲ ကြောက်တဲ့အတွက် ဟိုဟိုသည်သည် လှုပ်ရှားနေပါရောလား။

အခု ငါ့ကို သတ်မယ်ရယ်လို့ ပလ္လင်အောက်ကို ဝင်ပုန်း
နေတယ်ဆိုတာ ငါမှသိဘဲ နေပါ့မလား။ ငါဟာ အလုံးစုံ
ကို သိနေတယ်''

မင်းကြီးဟာ ဆရာကြီးဆုံးမဩဝါဒပေးတဲ့အတိုင်း ဂါထာ တွေကို ရွတ်ပေမဲ့ အဖြစ်မှန်တွေကို မသိသလို အဓိပ္ပာယ်အလုံးစုံ ကိုလည်း သိတာမဟုတ်ပါဘူး။ မင်းကြီးကသာ မသိတာ။ မလုံ တဲ့အိုးလိုဖြစ်နေတဲ့ မင်းသားကတော့ ဒူးတွေ တဆတ်ဆတ်တုန် ပြီး အကြောင်းရင်းကို သိနေပြီ။

'ခမည်းတော်ဟာ ငါကြံစည်လုပ်ဆောင်သမျှတွေအားလုံး
သိနေပါရောလား။ ငါ့ကို မုချသတ်တော့မယ်'

အဲသည်လို တွေးတောကြောက်ရွံ့ပြီး ပလ္လင်အောက်က ထွက်လို့ မင်းကြီးရဲ့ ရှေ့မှောက်ခြေတော်ရင်းမှာ သန်လျက်ကို ချလို့…

''ခမည်းတော်ဘုရား…သားတော်ကို သည်းခံခွင့်လွှတ်
တော်မူပါဘုရား''

ဆိုပြီး ရှိခိုးတောင်းပန်ရင်း အကြောင်းစုံကို လျှောက်ထား လိုက်သတဲ့။ သည်တော့မှ မင်းကြီးလည်း ဒိသာပါမောက္ခဆရာ ကြီးရဲ့ တပည့်အပေါ်ထားရှိတဲ့ စေတနာမေတ္တာတွေကို တွေးမိ ပြီး ကျေးဇူးတင်မဆုံး ဦးခိုက်မဆုံးဖြစ်မိတော့တယ်။

အမှန်မတော့ မင်းသားရဲ့ ပြုမူ၊ ပြုမူကြံစည်မှုတွေဟာ သေဒဏ်ပေးရလောက်အောင် ကြီးမားလှပါတယ်။ ဒါပေမဲ့ မင်း ကြီးဟာ တရားအသိရှိလေတော့ သတိသံဝေဂယူရင်း သားတော်

ကို ခွင့်လွှတ်ပြီး ထီးနန်းကို လွှဲပေးလိုက်ပါတယ်။ ပြီးတော့ တရားအားထုတ်ဖို့ရာ ရသေ့ရဟန်းပြုပြီး တောထွက်သွားခဲ့ပါသတဲ့။

တကယ်တော့ အနန္တဂိုဏ်းဝင် ဆရာမြတ်တွေရဲ့ ကျေးဇူးက တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးမားလှပါကလားကွယ်။

❀ ❖ ❀



# ပညာရှိ မင်းမဟော်



# ပညာရှိမင်းမဟော်

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်စိုးစံတဲ့ မင်းကြီးဟာ ပညာရှိဆိုရင် အင်မတန်မှ ချစ်ခင်တန်ဖိုးထား မြှောက်စားတတ်ပါသတဲ့။ ဒါကြောင့်လည်း မင်းကြီးရဲ့ အပါးမှာ ပညာရှိမှူးမတ် ပုရောဟိတ်တွေဆိုတာ ဝိုင်းဝိုင်းလည်နေတော့တာပေါ့။ အဲသည် ပညာရှိမှူးမတ် ပုရောဟိတ်တွေအနက် မင်းကြီးဟာ မင်းမဟော်ဆိုတဲ့ ပညာရှိသူ့ခမိန်ကို အင်မတန်မှ ချီးမြှင့်မြှောက်စားတယ်ဆိုပဲ။ ဘာ့ကြောင့်ဆို ပညာရှိသူ့ခမိန်မင်းမဟော်ရဲ့ ဉာဏ်ပညာ၊ ရဲစွမ်းသတ္တိ၊ အမှုကိစ္စမှန်သမျှ တိကျမှန်ကန်အောင် ဖြေရှင်းတတ်မှုတွေကြောင့်ဆိုရင် မမှားပေဘူး။

ပညာရှိ မင်းမဟော်သူ့ခမိန်ဟာ မှန်တဲ့အတိုင်း ဆုံးဖြတ်ပြောဆို၊ စီရင်၊ ဆုံးဖြတ်လေ့ရှိတဲ့နေရာမှာ မင်းလိုလိုက်၊ မင်းကြိုက်ဆောင်တာမျိုး အလျဉ်းမရှိပါဘူး။ ဒါကြောင့်ပဲ တိုင်းသူပြည်သားအများစုရဲ့ လေးစားကြည်ညိုမှုကို ခံရသလို မင်းကြီး

ကလည်း မင်းမဟော်ကို တကယ့်သွေးသားရင်းချာသဖွယ် အလေးအနက်ထားပြီး ဆက်ဆံပါတယ်။ တခြားသူတွေဟာ မင်းကြီးကို လျှောက်တင်တဲ့အခါ စကားမအောင်တာမျိုး ရှိချင်ရှိပေမဲ့ မင်းမဟော်လျှောက်တင်တဲ့အခါ စကားအောင်ခဲ့တာချည်းပဲ။ ယုတ်စွအဆုံး မိဖုရားကြီးရဲ့ စကားတောင် နားဝင်တာ မဟုတ်ဘူး။ သည်တော့ မိဖုရားကြီးနဲ့တကွ အခြားမှူးမတ်တွေဟာ မင်းမဟော်အပေါ်ကို မကျေနပ်ကြတော့ဘူး။

"မောင်မင်းတို့…မင်းမဟော်အပေါ်ကို ငါတို့လုပ်စရာနည်းလမ်းဆိုတာ တစ်ခုပဲရှိတော့တယ်"

"မှန်လှပါ သခင်မဘုရား"

"အေး…အဲဒါကတော့ မင်းမဟော်ရဲ့ အမှားကို စောင့်ပြီး ရာဇဝတ်သင့်အောင် လုပ်နိုင်ရင်လုပ်၊ ဒါမှမဟုတ် အရှက်တကွဲအကျိုးနည်းဖြစ်အောင် လုပ်ဖို့ပဲရှိတော့တယ်"

ပညာရှိ သုခမိန်မင်းမဟော်အပေါ်ကို မကျေနပ်တဲ့ မိဖုရားကြီးနဲ့တကွ မှူးမတ်အပေါင်းဟာ သူတော်ချင်းချင်း ပေါင်းဖက်တွေနေကြပါပြီ။ ဒါကြောင့်လည်း မင်းမဟော်ကို လူသူပရိသတ် ဗိုလ်ပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရလေအောင် ချောက်တွန်းဖို့ရာ တိုင်ပင်နေကြပါရောလား။

"မောင်မင်းတို့…မင်းမဟော်ကို မှတ်သားလောက်အောင် ဆုံးမနှိပ်ကွပ်ချင်ကြတယ် မဟုတ်လား"

"မှန်ပါတယ်…သခင်မ။ ကျွန်တော်မျိုးတို့အနေနဲ့ မင်းမဟော်ကို ဆုံးမနှိပ်ကွပ်ချင်နေတာ ကြာပါပြီ။ အခွင့်အခါ

မကြုံကြိုက်သေးတဲ့အတွက် သည်းခံနေရတာပါ။ တကယ်လို့ သခင်မမှာ အကြံဉာဏ်ကောင်းများရှိခဲ့ရင် အမိန့်ရှိတော်မူပါ။ ကျွန်တော်မျိုးကြီးတို့ လိုက်နာဆောင်ရွက်သွားပါ့မယ်ဘုရား''

မိဖုရားကြီးရဲ့ လူယုံအမတ်ကြီးက မင်းမဟော်ကို နှိပ်ကွပ်ချောက်တွန်း၊ ဆုံးမခွင့်ရတော့မယ်ဆိုတော့ သိပ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတော့တာပေါ့။ အမတ်ကြီးသာ မဟုတ်ပါဘူး။ အခြားအမတ်တွေဆိုတာကလည်း သည့်အတိုင်းပါပဲ။

''ကောင်းပြီ…မောင်မင်းတို့ကို သခင်မအစီအစဉ်တစ်ခု ဖန်တီးပေးမယ်။ မနက်ဖြန် ညီလာခံရှိတယ်မဟုတ်လား''

''မှန်ပါတယ်…သခင်မ''

''အေး…ဟုတ်ပြီ။ ညီလာခံ တက်လာတဲ့အခါကျရင် မောင်မင်းတို့အားလုံး ကြက်ဥတစ်လုံးစီ ဝှက်ပြီး ဆောင်လာခဲ့ ကြရမယ်။ ညီလာခံကျတဲ့အခါ သခင်မစီစဉ်သလို မသိလိုက်မသိမသာ လုပ်သွားကြ''

လို့ စကားအစပျိုးပြီး လုပ်ဆောင်ရမယ့်အစီအစဉ်တွေ မိန့်ကြားပါတော့တယ်။ မှူးမတ်တွေဆိုတာ မိဖုရားကြီးရဲ့အကြံအစည်ကို ကြားရတော့ တပြုံးပြုံးနဲ့…။

❀ ❖ ❀

နောက်တစ်နေ့ ညီလာခံကျင်းပတဲ့အခါမှာတော့ မင်းကြီးနဲ့တကွ မိဖုရားကြီးအပါအဝင် မှူးမတ်ပညာရှိသုခမိန်အပေါင်း

စုံစုံလင်လင် တက်ရောက်ခဲ့ကြပါတယ်။ ပညာရှိမင်းမဟော်ဆို ရင်လည်း တရားစီရင်တိုင်းပြည်အေးချမ်းသာယာရေးအတွက် တက်တက်ကြွကြွဝင်ရောက်ဆွေးနွေးလို့...။ မင်းကြီးမှာတော့ ပြုံးပြုံးရွှင်ရွှင် ခေါင်းတော်တညိတ်ညိတ်။

မကြာခင်အချိန်မှာ ညီလာခံရုပ်စဲတော့မှာ ဖြစ်ပါတယ်။ သည်တော့ မိဖုရားကြီးဟာ သလွန်ထက်ကနေ လူယုံတော် အမတ်ကြီးကို မသိမသာအချက်ပြလိုက်တယ်။ သည်အခါ လူ ယုံတော်အမတ်ကြီးကလည်း မိဖုရားကြီး သင်ကြားပေးလိုက်တဲ့ အတိုင်း မင်းကြီးကို လျှောက်တင်ပါတော့တယ်။ အဲသည်အမတ် ကြီးဆိုတာကလည်း မိဖုရားကြီးနဲ့ ဆွေရိပ်မျိုးရိပ်မကင်းသူမို့ အသာ တကြည်ပဲ လျှောက်တင်ခွင့်ပြုတော်မူပါသတဲ့။

"အို...အမတ်ကြီး ဘာများလျှောက်တင်စရာရှိလို့တုံး။ ကိုင်း...လျှောက်တင်စရာရှိတာ လျှောက်တင်ပါ"

"မှန်လှပါမင်းကြီး...ကျွန်တော်မျိုးတို့ပညာရှိမှူးမတ် သုခမိန်တွေထဲမှာ ဖအေအမည်မပေါ်တဲ့ သားတစ်ယောက် ရှိနေတယ်လို့ ပြောဆိုသံကြားနေရပါတယ်"

"ဟေ...ဟုတ်လား။ တော်တော်လည်း ထူးဆန်းနေပါပေါ့ လား။ ညတုန်းကတောင် မိဖုရားကြီးဆီကနေ သည် သတင်းကြား ရသေးတယ်။ သူ့ရဲ့ အထိန်းတော်တွေဆီက ကြားလာရလို့...တဲ့။ ခုအမတ်ကြီးတို့ဆီကလည်း ကြားရ ပြန်ပြီ။ အင်း...ကြားရတဲ့ သတင်းကလည်း ရှက်ဖို့ အင်မတန်ကောင်းတယ်။ သည်သတင်းသာ မှန်ရင်တော့

ချီးမြှင့်မြှောက်စားမိတဲ့ ငါကိုယ်တော်မင်းမြတ်လည်း မဟာအရှက်တော်ကွဲပြီပေါ့"

အမတ်ကြီးရဲ့ တင်လျှောက်မှု၊ မင်းကြီးရဲ့ မိန့်ကြားမှုတွေကြောင့် ပညာရှိမင်းမဟော်အဖို့ အုံအားတသင့်ဖြစ်သွားရတာ အမှန်ပါပဲ။ သည်အချိန်မှာပဲ မင်းကြီးဟာ ညီလာခံတက်ရောက်လာကြသူအပေါင်းကို ဖြန့်ကြက်ကြည့်ရှုတော်မူလိုက်ရင်း…

"ကိုင်း…ငါကိုယ်တော်မြတ်ချီးမြှင့်မြှောက်စားထားတော်မူတဲ့ ပညာရှိမှူးမတ်ပုရောဟိတ်အပေါင်းတို့… အမတ်ကြီးတင်လျှောက်သလို အဖေမပေါ်တဲ့ ကာယကံများ ဟုတ်နေခဲ့ရင် ငါ့ရဲ့ ရှေ့တော်မှောက်မှာ ဝန်ခံလိုက်စမ်းပါ။ ငါကိုယ်တော် အပြစ်မယူဘဲ ခွင့်လွှတ်တော်မူမယ်"

လို့ မိန့်ကြားလိုက်ပေမဲ့ ဘယ်သူမှ တုတ်တုတ်တောင်မလှုပ်ပါဘူး။ ညီလာခံတစ်ခုလုံးဆိုတာ အပ်ကျသံတောင် ကြားရမလောက် တိတ်ဆိတ်လို့ ငြိမ်သက်လို့။ ကြာတော့ မင်းကြီးရဲ့ မျက်နှာဟာ နည်းနည်းခက်ထန်လာတယ်။

"အင်းလေ…ငါက အပြစ်မယူဘဲ ခွင့်လွှတ်ပါ့မယ်ဆိုတာတောင်မှ ဝန်မခံကြဘဲကိုး။ သည်တော့ ငါချီးမြှင့်မြှောက်စားထားတဲ့သူတွေအားလုံးဟာ မိမစစ်၊ ဖမစစ် အခုတ်ကြားမြက်ပေါက်တွေ မဟုတ်ဘူးပေါ့။

တကယ်လို့များ ငါ့အပေါ် လိမ်လည်တဲ့ကိစ္စ ဘွားခနဲပေါ်လာရင် အဆောင်အယောင်တွေရုပ်သိမ်းရုံမက ကျောတစ်ရာ ရင်တစ်ရာကြိမ်ဒဏ်ခံပြီး မြို့ငရပ်ကိုနှင်တော်မူမယ်"

သည်အချိန်မှာပဲ နံ့ဘေးမှာ စံစားနေတဲ့ မိဖုရားကြီးက ဝင်ရောက်လျှောက်ထားလိုက်တယ်။

"မောင်တော်ဘုရား…သည်လိုမျိုးကိစ္စဆိုတာ အချိန်ဆွဲထားလို့ မသင့်တော်ပါဘူးဘုရား။ ခုရှုပ်မှုနောင်ရှင်း မဖြစ်ရလေအောင် လာမယ့်ဘေး ပြေးတွေ့ဆိုသလို ခုကတည်းက စာရင်းဖြတ်သင့်ပါတယ်။ သည်လိုမှမဟုတ်ရင် သူလား၊ ငါလားနဲ့ မှူးမတ်ပညာရှိသုခမိန်တွေအားလုံး အုတ်ရောရောရော ကျောက်ရောရော သိက္ခာကျပါလိမ့်မယ်ဘုရား"

"ဒါဖြင့်ရင် မိဖုရားကြီးက သည်ကိစ္စပြဿနာကို ဘယ်လိုများ ဖြေရှင်းချင်သလဲ"

"လွယ်ပါတယ်…မောင်တော်ဘုရား။ ဥယျာဉ်တော်ထဲက မင်္ဂလာဂူထဲဝင်ပြီး ကြက်ဥတစ်လုံးစီရအောင် ရှာလာခဲ့ခိုင်းပါ။ ကြက်ဥရှာလို့ ရလာသူဟာ မိစစ်၊ ဖစစ်က မွေးလာတဲ့သူဖြစ်ပြီး ရှာမွေမလာနိုင်တဲ့သူကတော့ မိမစစ်၊ ဖမစစ် လူ့လွန်မသားဖြစ်ပါတယ်။ အဲသည်မှာတော့ မောင်တော်ဘုရားချမှတ်ထားတဲ့အတိုင်း အပြစ်ပေးတော်မူပါဘုရား"

"အိမ်း…အိမ်း…မိဖုရားကြီးပေးတဲ့ အကြံဉာဏ်မဆိုးပေဘူးဘဲ။ ကိုယ့်ဘက်က လိပ်ပြာလုံတဲ့သူမှန်ရင် အစစ်အဆေး ခံရဲရမှာပေါ့"

မင်းကြီးဟာ ခေါင်းတညိတ်ညိတ်နဲ့…။

မိဖုရားကြီးနဲ့ ကျန်တဲ့ မှူးမတ်တွေအားလုံးဟာ မသိမသာ ပြုံးနေကြလို့ ဒါတွေကို အကဲခတ်မိလိုက်တဲ့ပညာရှိ သုခမိန်

မင်းမဟော်လည်း သည်ကိစ္စဟာ သွေးရိုးသားရိုးမဟုတ်ဘူးဆို တာ ရိပ်စားလိုက်မိတယ်။

မင်းကြီးနဲ့တကွ မင်းမိဖုရား မှူးမတ်တွေအားလုံးက စမ်း သပ်မယ့်အပေါ် သဘောတူညီတာကြောင့် ဥယျာဉ်တော်ထဲကို ဝင်ခဲ့ကြတယ်။ မင်းမဟော်လည်း အပါအဝင်ပေပဲပေါ့။ ဥယျာဉ် ရဲ့ အလယ်မှာတော့ ခပ်ရှယ်ရှယ်ဂူတစ်လုံး။ ဝင်ပေါက်ရှိသလို ထွက်ပေါက်လည်း ရှိတယ်။ သည်အချိန်မှာပဲ မိဖုရားကြီးရဲ့လူ ယုံတော်အမတ်ကြီးက စပြီး တိုင်တည်သစ္စာဆိုလိုက်တယ်။

"ကျွန်ုပ်သည် မိစစ်၊ ဖစစ်က မွေး၍ မိကောင်းဖခင် သားသမီးဖြစ်ပါက ဂူအတွင်းဝင်ရောက်သည်နှင့် ကြက်ဥ တစ်လုံး ရပါစေသား"

ပြီးတာနဲ့ ခပ်တည်တည်ပဲ ဂူထဲကို ဝင်သွားတယ်။ ပြန် ထွက်လာတဲ့အခါ ကြက်ဥတစ်လုံးကို ကိုင်ဆောင်လာပြီး မိဖုရား ကြီးရဲ့ ရှေ့တော်မှောက်မှာ ချပြလိုက်တယ်။ ပရိသတ်ရဲ့ ဩဘာ သံတွေကတော့ တစ်ခဲနက်ပဲပေါ့။

အမတ်ပြီးတဲ့အခါ နောက်ထပ်တစ်ယောက်ပြီးတစ်ယောက် ဆိုသလို အမတ်ကြီး လုပ်ရှားပြုမူတဲ့အတိုင်း ပြုမူလှုပ်ရှားကြ တယ်။ အားလုံးဟာ မိစစ်၊ ဖစစ်တဲ့အနေနဲ့ ကြက်ဥကိုယ်စီရရှိ ခဲ့တာပဲပေါ့။ သည်ကတည်းက မင်းမဟော်ဟာ သဘောပေါက် လိုက်ပါပြီ။ မိဖုရားကြီးဦးဆောင်လို့ သူ့ကို ချောက်တွန်းနေကြ ပြီဆိုတာ။ သည်တော့ သူဘာလုပ်ရမလဲဆိုတာကို စဉ်းစားရပြီ။

လက်ထဲမှာလည်း ဘာကြက်ဥမှမရှိ။ သည့်တုန်းမှာပဲ မိဖုရားကြီးက စကားသံထွက်ပေါ်လာခဲ့တယ်။

"မင်းမဟော် သုခမိန်၊ သင်တစ်ယောက်တည်း ကျန်တော့တယ်လေ။ ဂူထဲကော ဝင်လို့ဖြစ်တယ်မဟုတ်လား"

လေသံက တာကယ်ကို မခိုးမခန့်နိုင်လှတယ်။ မင်းကြီးဟာ အခြေအနေမှန်ကို သဘောမပေါက်ဘဲ မိဖုရားကြီးရဲ့ လေသံအတိုင်း…

"ပညာရှိသုခမိန်…ဂူထဲဝင်ပြီး ကြက်ဥရှာပါတော့လား"

လို့တောင် ပြောဆိုအမိန့်ပေးလာတော့တယ်။ ဒါနဲ့ မင်းမဟော်လည်း နေရာက ထပြီး ရဲရဲဝံ့ဝံ့ရင်ကိုကော့၊ ခေါင်းကိုမော့လို့ ဂူထဲကို တစ်လှမ်းချင်းလှမ်းဝင်သွားတော့တယ်။ မိဖုရားကြီးနဲ့တကွ အလိုတူအလိုပါတွေကတော့ တပြုံးပြုံးနဲ့ သူတို့ဆင်တဲ့အကွက်ထဲ ဝင်ပြီဆိုပြီး ကျေနပ်သဘောကျနေကြတယ်။

မကြာပါဘူး။

မင်းမဟော်ဟာ ဂူထွက်ပေါက်က ထွက်လာပြီး ကြက်အတောင်ပံရိုက်သလိုမျိုး ၊လက်နှစ်ဖက်ကို လက်ခမောင်းရိုက်ရင်း…

"အော့…အိ…အီး…အွတ်"

လို့ တွန်ပြလိုက်တယ်။ လက်ထဲမှာတော့ ဘာကြက်ဥမှ ပါမလာဘူး။ သည်တော့ မိဖုရားကြီးက အပိုင်ပဲဆိုပြီး…

"အချင်း…သုခမိန် မင်းမဟော်၊ ဖအေမပေါ်တဲ့သားဖြစ်လို့ ကြက်ဥရှာမလာနိုင်ခဲ့တာလား"

လို့ ခနိုးခနဲ့ကဲ့ရဲ့ရင်း…ရယ်သွမ်းသွေးလိုက်တယ်။ သည်အခါ မင်းမဟော်လည်း စိုးရွံ့ထိတ်လန့်ခြင်းကင်းမဲ့စွာနဲ့ ချက်ချင်းပဲ တုံ့ပြန်လိုက်ပါတယ်။

"မဟုတ်ရပါ…သခင်မ။ ကြွက်ဥရှာလို့ရတဲ့သူတွေဟာ ကြွက်မဖြစ်တဲ့ အတွက် ကြွက်ဥရသွားကြတာပါ။ ကျွန်တော်မျိုးကတော့ ကြွက်ဖြစ်နေတဲ့အတွက် ဥမအုနိုင်ပါဘူး။ ဒါကြောင့် ကြွက်ဖလို့ပဲ တွန့်ပြရတာပါ‥အော့‥ အိ…အိ…အွတ်"

မင်းမဟော်ရဲ့ စကားသံလည်းကြားရော မင်းကြီးလည်း အကြီးအကျယ်သဘောကျသွားပြီး…

"ပညာရှိ ပီသပါပေရဲ့ မင်းမဟော်ရယ်"

လို့ ချီးမွမ်းရုံမက ဆုတော်လာဘ်တော်တွေချသတဲ့။ မိဖုရားကြီးအပါအဝင် အလိုတူအလိုပါမှူးမတ်တွေခမျာ အကြံအစည် မအောင်မြင်တဲ့အပြင် ကြွက်မတွေလို့ အပြောအဆိုခံရရင်း ရှက်ရှက်နဲ့ ခေါင်းငုံ့နေကြရပါတော့တယ်။

ကိုင်း…ပုံပြင်လေးကတော့ သည်မျှပါပဲ။ လောကမှာ သူတစ်ပါးမကောင်းကြံရင် ကိုယ့်အပေါ် တန်ပြန်ရိုက်ခတ်တတ်ပါတယ်။ ပညာရှိမှန်သမျှ အခက်အခဲတွေ ဘယ်လောက်ကြုံကြုံ အောင်မြင်စွာ ကျော်လွှားဖြတ်သန်းနိုင်ကြတယ်ဆိုတာကို သင်ခန်းစာယူနိုင်ကြပါရဲ့။

❊ ❖ ❊

## ဖယ်ရှားအပ်သော မာနတရား



## ဖယ်ရှားအပ်သော မာနတရား

ဟိုး . . .တစ်ခါတုန်းကပေါ့ကွယ်။

တက္ကသိုလ်ပြည်မှာရှိတဲ့ ဒိသာပါမောက္ခဆရာကြီးထံမှာ အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတွေဟာ အဋ္ဌာရသ (၁၈)ရပ်ပညာတွေကို လာရောက်သင်ယူကြတယ်တဲ့။ ဆရာကြီး ဆီမှာ သိပ်ကို ချော၊ သိပ်ကို လှပြီး လိမ္မာရေးခြားရှိရုံမက အတတ်ပညာနဲ့ ပြည့်စုံတဲ့ သမီးလေးတစ်ယောက်ရှိပါတယ်။ သည့်အတွက် မင်းညီမင်းသားအားလုံးဟာ ဆရာကြီးရဲ့ သမီးလေး အပေါ် မေတ္တာသက်ဝင်ချစ်ခင်နေမိကြတယ်ဆိုပဲ။ ဒါကို ဆရာ ကြီးကလည်း ရိပ်စားမိပါသတဲ့။

သုံးနှစ်သုံးမိုးကြာညောင်းလာတော့ မင်းညီမင်းသားတွေလည်း အတတ်ပညာသင်ယူကြတာ ဆုံးခန်းတိုင်ခဲ့ပါပြီ။ သည်အခါ ဆရာကြီးလည်း တပည့်အားလုံးကို စုဝေးစေပြီး…

"တပည့်တို့…ခုခါမှာဆိုရင် တပည့်တို့သင်ယူနေကြတဲ့ အတတ်ပညာတွေအားလုံးဟာ ဆုံးခန်းတိုင်ပါပြီ။ သည့်အတွက် တပည့်တို့ရဲ့ ပညာအရည်အချင်း၊ အတွေးအခေါ်၊ အမြော်အမြင်တွေကို ဆရာကြီးအနေနဲ့ စစ်ဆေးရပါလိမ့်မယ်။ အဲသည်လို စစ်ဆေးတဲ့အခါ တပည့်တို့အထဲက ဆရာကြီးစိတ်တိုင်းကျတဲ့ ပညာထူးချွန်တဲ့သူကို ဆရာကြီးရဲ့ သမီးကညာနဲ့ လက်ထပ်ထိမ်းမြားပေးလိုက်ပါ့မယ်"

လို့ပြောတယ်ဆိုရင်ပဲ မင်းညီမင်းသားအပေါင်းရဲ့ မျက်နှာတွေအားလုံးဟာ မျှော်လင့်ချက်ကြောင့် ဝင်းလက်သွားကြလေရဲ့။ ဆရာကြီးရဲ့စကားဟာ မဆုံးသေးပါဘူး။

"တပည့်တို့…အဲဒါကြောင့် ပညာလည်းစုံ၊ ကြင်ရာလည်းစုံ ဆိုတဲ့အတိုင်း ပြည်တော်ဝင်လှအောင်လို့ ကြိုးစားကြပေတော့။ အဲဒါကြောင့် စမ်းသပ်တဲ့အနေနဲ့ ဆရာကြီးကျောင်းမှာရှိတဲ့ မြက်ရိတ်တံစဉ်ရယ်…မြက်တွေထမ်းဖို့အတွက် ဆိုင်းထမ်းနဲ့ ထမ်းပိုးရယ် ကိုယ်စီယူလို့ အရပ်လေးမျက်နှာကို မြက်ရိတ်ထွက်ကြပေတော့။ ညနေ…နေမဝင်မီပြန်ရောက်လာတဲ့အခါ မြက်များများ ရိတ်လာနိုင်တဲ့သူကို သမီးကညာနဲ့ လက်ဆက်ပေးမယ် တပည့်တို့"

အဲဒါနဲ့ မင်းညီမင်းသားအပေါင်းလည်း ဆရာကြီးရဲ့စကားကို နာခံလို့ တံစဉ်နဲ့ ဆိုင်းထမ်း၊ ထမ်းပိုးတို့ကိုယူပြီး အသီးသီးဆိုသလို အရပ်လေးမျက်နှာကို ထွက်ခွာသွားကြပါတော့တယ်။

အဲသည်အချိန်မှာ မင်းသားတစ်ပါးဟာ ဆရာကြီးရဲ့သမီးကို ရယူလိုစိတ်ကြီးမားစွာနဲ့ မြက်တွေဘယ်နေရာများ ပေါပေါများများရလေမလဲလို့ စုံစမ်းပြီး မြက်တွေထူထပ်တဲ့နေရာကို ထွက်သွားပါတော့တယ်။ မြက်တွေကလည်း ထူထပ်၊ အားကြီးမာန်တက်လည်း ရိတ်ဆိုတော့ မကြာခင်မှာပဲ ကြီးမားတဲ့မြက်ထုံးကြီးတစ်ထုံးကို ရခဲ့ပါတယ်။ ဒါနဲ့ မြက်ထုံးကြီးကို ထမ်းပိုးတစ်ဖက်မှာ ချိတ်၊ ကျန်တစ်ဖက်မှာတော့ ထမ်းလို့ ဟန်ချက်ညီအောင်ဆိုပြီး ကျောက်တုံးကြီးတစ်တုံးကို ချည်နှောင်လို့ပေါ့။

အပြန်ခရီးမှာတော့ သာလာယံဇရပ်တစ်လုံးရှေ့ကို ဖြတ်အလာ၊ ဇရပ်ပေါ်မှာ ထိုင်နေတဲ့လူငယ်တစ်ယောက်က လှမ်းတွေ့သွားပြီး…

"ဗျို့… မြက်ထမ်းလာတဲ့ မိတ်ဆွေကြီး။ အလေးအပင်နဲ့ မပင်ပန်းဘူးလား။ မမောဘူးလားဗျာ။ ဇရပ်ထဲကို တစ်ထောက်တစ်နား နားပြီး ရေကြည်အေးအေးကလေး သောက်ပါဦးလား"

လို့ ဖိတ်ခေါ်ပါတယ်။ မင်းသားလည်း ပင်ပန်းနေတာနဲ့ အတော်ပဲဆိုပြီး ဇရပ်အဝမှာ မြက်ထုံးနဲ့ ကျောက်ခဲတုံးတို့တွဲနေတာကို ချပြီး ဇရပ်ပေါ်တက်လို့ ရေအေးအေးလေးကို ခပ်သောက်

ရင်း အပန်းဖြေပါတယ်။ လူငယ်ဟာ မြက်ထုံးနဲ့ ကျောက်တုံးကို တစ်လှည့်၊ မင်းသားကိုတစ်လှည့် ကြည့်ရင်း မေးမြန်းပါသတဲ့။

"မသိလို့မေးပါရစေ မိတ်ဆွေ။ ဒီမြက်ထုံးကြီးဟာ ဘာလုပ်ဖို့တဲ့တုံး"

"ဪ…အကြည်တော်က ကျုပ်ဘယ်သူဆိုတာ မသိသေးဘဲကိုး။ သည်တော့လည်း ပြောရသေးတာပ။ ကျုပ်ဟာ တခြားသူမဟုတ်ဘူး။ မဇ္ဈိမ်ဂိရိတိုင်းပြည်က ဘုရင် 'မဟာရာဇ'ရဲ့ သားတော် အိမ်ရှေ့စံ 'မဟာမာန' ဆိုတာပဲ"

"ဪ..ဪ…ဆက်ပြောပါဦး အရှင့်သား"

"ကျုပ်ဟာ ဒိသာပါမောက္ခဆရာကြီးဆီမှာ သုံးနှစ်သုံးမိုး ပညာသင်ယူခဲ့ပြီးတဲ့နောက် ပြည်တော်ပြန် လှစေဖို့ မြက်ရိတ်ထွက်လာခဲ့တာပဲ"

"မသိလို့မေးပါရစေအရှင့်သား…ပြည်တော်ပြန်လှတာနဲ့ မြက်ရိတ်တာ ဘာဆိုင်လို့တုံး"

"ဆိုင်တာပေါ့ အကြည်တော်ရယ်..သိပ်ကိုဆိုင်တာပေါ့။ ဆရာကြီးက မြက်များများရိတ်လာနိုင်တဲ့သူကို သိပ်ချော သိပ်လှ သိပ်လိမ္မာတဲ့သမီးဖြစ်သူနဲ့ လက်ထပ်ပေးမယ် ဆိုပြီး ပညာစမ်းလို့ မြက်ရိတ်ထွက်လာခဲ့တာပဲ။ ဘယ့်နှယ်…ကျုပ်ရိတ်လာခဲ့တဲ့ မြက်ထုံးက မကြီးဘူးလား"

"ဟာ…ကြီးသမှ သိပ်ကိုကြီးတာပေါ့။ သည်ပုံအတိုင်း ဆိုရင် ဆရာကြီးရဲ့ သမီးချောနဲ့ အရှင့်သားတို့ ဖူးစာဖက်

ရမှာ သိပ်ကိုသေချာသွားပြီ။ ဒါထက် ဆိုင်းတစ်ဖက်မှာ မြက်ထုံးကြီး ရှိနေတာတော့ ဟုတ်ပါပြီ။ ကျန်တစ်ဖက်က ဘာဖြစ်လို့ ကျောက်တုံးကြီးကို ချည်ထားရတာတဲ့တုံး''

''ဒါလား..ရှင်းပါတယ် အကြည်တော်။ ထမ်းပိုးတစ်ဖက်က မြက်ထုံးကြီးရဲ့ အလေးချိန်နဲ့ညီအောင် ကျန်တစ်ဖက်က ဘာ ကျောက်တုံးကြီးထည့်ပြီး ထမ်းလာရတာပါ။ ဟိုရောက်တဲ့ အခါ လွှင့်ပစ်မှာပဲလေ''

မင်းသားရဲ့စကားကြောင့် လူငယ်ဟာ ပါးစပ်အဟောင်းသားဖြစ်သွားရတော့တယ်။ ဒါကြောင့် အောင့်အည်းမထားနိုင်တော့ဘဲ မှုဘ်ကနေ လွှတ်ခနဲပြောချလိုက်ပါတော့တယ်။

''ဖြစ်မှဖြစ်ရလေတယ် အရှင့်သားရယ်။ အရှင့်သားအဖြစ်က ပေါ့စေလိုလို့ ကြောင်ရပ်ထိုးပါတယ်။ ဆေးအတွက်ကြောင့် လေးရတယ်ဆိုသလိုမျိုးဖြစ်နေပါပေါ့လား။ ဘာဖြစ်လို့များ ပင်ပင်ပန်းပန်း လုပ်လာခဲ့ရတာလဲ။ မတော်ဆို ကျောက်တုံးကြီးနေရာမှာ မြက်ထုံးတစ်ဝက်ခွဲထည့်ပြီး ထမ်းရင် မသက်သာပေဘူးလား''

လူငယ်ဟာ ပြောပြောဆိုဆိုနဲ့ ဓရပ်ပေါ်ကဆင်း၊ မြက်ထုံးရှိရာသွားလို့ သူပြောထားသလို ကျောက်တုံးကြီးကိုဖယ်၊ မြက်တစ်ဝက်ကိုခွဲ၊ တစ်ဖက်ဆိုင်းထမ်းမှာ ချည်ပြီး မင်းသားကို ထမ်းခိုင်းလိုက်တယ်။

''ဟာ...တယ်လည်း ဟုတ်သွားပါကလား...အကြည်တော်ရယ်။ လေးပင်လာခဲ့သမျှ အတော်ကလေးကို သက်



သာ သွားခဲ့ရပြီပဲ။ ခုလိုမျိုး အကြံကောင်း ဉာဏ်ကောင်း ပေးတာ ကျေးဇူးပါပဲဗျာ။ နို့…နေစမ်းပါဦး။ အကြည့်တော်ရဲ့ မျိုးရိုးအနွယ်ကို သိပါရစေဦး''

''အရှင့်သား…အကျွန်ုပ်ရဲ့ မျိုးရိုးဟာ စဏ္ဍာလမျိုးရိုးသာ ဖြစ်ပါတယ်''

''ဟင်…''

မင်းသားဟာ လူငယ်နှုတ်ဖျားက ထွက်လာတဲ့စကား ကြောင့် အတော်လေးကို အံ့အားတသင့်ဖြစ်သွားခဲ့ရတယ်။ ပြီး တော့ ဒေါသတကြီးနဲ့…

"တော်…တော်တော့။ ဘာမှ ဆက်မပြောနဲ့တော့။ ကျုပ် ဟာ သင့်လိုမျိုးရိုးညံ့ဖျင်းတဲ့သူမဟုတ်ဘူး။ မဟာဆီ မဟာ သွေးပါတဲ့ ဘုရင့်သား။ သင့်လို စဏ္ဍာလအမျိုးအနွယ်က ပေးတဲ့အကြံကို ကျုပ်ယူလိုက်ရင် အင်မတန်မှကို ရှက်စရာ ကောင်းသွားလိမ့်မယ်။ သည်တော့ စောစောက ကျုပ်ထမ်း လာခဲ့သလိုပဲ ဆိုင်းတစ်ဖက် မြက်ထုံး၊ ကျန်ဆိုင်းတစ်ဖက် က ကျောက်ခဲတုံးကို ချိတ်ပြီး ပြန်ထမ်းသွားတော့မယ်"

လို့ ခေတင့်ကြီးအောင့်ကြီးနဲ့ စကားဆိုပြီးတဲ့နောက် ဇရပ်ဝ ကနေ ထွက်သွားပါတော့တယ်။

သူ ဒိသာပါမောက္ခဆရာကြီးဆီ ရောက်တဲ့အခါ သူ့အရင် ရောက်နှင့်နေသူတွေရှိနေကြပါပြီ။ အားလုံးဟာ သူ့ဝင်အလာကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေကြတယ်။ ဒိသာပါမောက္ခ ဆရာကြီးလည်း မင်းသားရောက်လာတဲ့အခါ…

"အို…မဟာမာနမင်းသား။ သင်ရိတ်ယူလာခဲ့တဲ့မြက်ထုံး ကြီးဟာ နည်းနည်းနောနောမှ မဟုတ်ပါလား။ အားလုံးထဲ မှာ သင့်မြက်ဟာ အများဆုံးဖြစ်လိမ့်မယ်"

ဆိုပြီး ပြောတဲ့အခါ မင်းသားလည်း ဝမ်းသာအားရဖြစ် သွားတော့တာပေါ့။ ဆရာကြီးရဲ့ စကားဟာ မဆုံးသေးပါဘူး။

''အို…ဒါထက် ဆိုင်းထမ်းတစ်ဖက်က ဘာကြောင့်များ ကျောက်တုံးကြီးကို ချိတ်လာရပါလိမ့်''

''ဪ…ဒါလား။ ထမ်းပိုးညီအောင် ထမ်းလာခဲ့တဲ့ သဘောပါ ဆရာကြီး''

''အို…ပင်ပန်းလိုက်ပါဘိတော့ တပည့်ရယ်…။ နို့…နေပါဦး။ အဲသလိုကျောက်တုံးတစ်ဖက် မြက်ထုံးတစ်ဖက် ထမ်းလာတယ်ဆိုတော့ လမ်းမှာတွေ့တဲ့လူတွေက ဘာမှ မပြောကြဘူးလား''

သည်တော့ မင်းသားလည်း သာလာယံဇရပ်မှာ ကြုံခဲ့ရတဲ့ အဖြစ်ကို ပြန်ပြောပြပါတယ်။ သည်အခါ ဆရာကြီးက…

''တပည့်တို့…သူပေးတဲ့အကြံက ကောင်းရဲ့သားနဲ့ ဘာဖြစ်လို့ သူပေးတဲ့အကြံအတိုင်း မလုပ်တာတဲ့လဲ''

''ဘာလို့ မလုပ်ခဲ့တာလဲဆိုတော့ သူ့အမျိုးအနွယ်က အင်မတန်အဆင့်အတန်းနိမ့်ကျတဲ့ စဏ္ဍာလအမျိုးအနွယ်ဖြစ်နေလို့ပါ။ ကျွန်တော်က ဘုရင့်သား အိမ်ရှေ့မင်းသားလေ။ တစ်နေ့မှာ တိုင်းပြည်ကို စိုးစံမယ့် ဘုရင်ဖြစ်မယ့်သူ မဟုတ်လား''

သည်စကားကြားရတဲ့အခါ ဆရာကြီးဟာ စုတ်တသပ်သပ် ဖြစ်ရင်း ခေါင်းကို ခါယမ်းနေမိတော့တယ်။

''အို…မိုက်လှတာ တပည့်ရယ်…မှားလည်း မှားနေတယ်။ လောကမှာ အကြံကောင်းဉာဏ်ကောင်းပေးလာရင် ပေးလာတဲ့သူရဲ့ အဆင့်အတန်း၊ အမျိုးအနွယ်ကိုမကြည့်ဘဲ

ယူရတယ် တပည့်။ မာနဆိုတာ နေရာတကာထားသင့်တာ မဟုတ်ဘူး။ တပည့်ဟာ တစ်နေ့မှာ တိုင်းပြည်အုပ်ချုပ်ရမယ့် ဘုရင်ဖြစ်လာတော့မယ်။ ဘုရင်ဖြစ်လာတဲ့အခါ တိုင်းပြည်ကို ဘယ်လိုအုပ်ချုပ်မှာတဲ့လဲ။

ငါ့တပည့်…ခေါင်းဆောင်လုပ်ပြီး အုပ်ချုပ်မယ့်သူဆိုတာ ကိုယ့်အောက်မှာရှိတဲ့ လူတွေရဲ့ အကြံကောင်း၊ ဉာဏ်ကောင်းတွေကို ယူတတ်ရမယ်။ ဒါမှ ကိုယ့်တိုင်းပြည် တိုးတက်ဖွံ့ဖြိုးလာပြီး တိုင်းသူပြည်သားတွေပါ သာယာငြိမ်းချမ်းဝပြောလာကြမှာပေါ့။ မာန်၊ မာနထားတယ်ဆိုတာ သိပ်ပြီးတော့ ကြောက်စရာကောင်းပါတယ်။ မာန်မာနထန်ပြင်းကြီးမားတဲ့အခါ အမှန်ကို အမှန်လို့လည်း မမြင်တော့ဘူး။ ဆင်ခြင်ဉာဏ်တွေလည်း မရှိကြတော့ဘူး"

ဆရာကြီးရဲ့ အကျိုးအကြောင်းပြေပြစ်မှုတစ္စာ ပြောဆိုလိုက်တဲ့စကားကြောင့် မင်းသားလည်း တွေတွေငေးငေးကလေး ဖြစ်သွားပြီး သူ့အမှားကိုသူ သိလာခဲ့တယ်။

"ဆရာကြီးရယ်…ကျွန်တော် မှားသွားခဲ့ပါတယ်။ ကျွန်တော့်ကို ဆုံးမဩဝါဒပေးပါခင်ဗျာ…"

"ကောင်းပြီ…ငါ့တပည့်။ ကောင်းပြီ။ သေချာစွာစူးစိုက်ပြီးတော့ ဆင်ခြင်နားထောင်ပါ။

နိဝါတမင်္ဂလာသဘောအရ ပြောဆိုရမယ်ဆိုရင် မာန်မာနကြောင့် ကိုယ်၊ နှုတ်အမူအရာတွေဟာ ကြမ်းတမ်းလာကြတယ်။ တစ်ဖက်သားကို အရေးမစိုက်ချင်ကြတော့ဘူး။

အထင်သေး၊ အမြင်သေး ဖြစ်သွားတတ်ကြတယ်။ ဒါကြောင့် မာန်မာနတွေ ရှိနေရင် ချိုးနှိမ်ပစ်ကြရမယ်။ မာန်မာနတွေကို သရုပ်ခွဲကြည့်တဲ့အခါ အမြတ်စားမာန၊ တန်းတူမာန၊ အညံ့စားမာန ဆိုပြီး သုံးမျိုးသုံးစားတွေ့ရပါလိမ့်မယ်။

အားလုံးပဲ နားစိုက်ဆင်ခြင်ကြပါ တပည့်တို့…

ငါဟာ သူတစ်ပါးထက် အမျိုးအနွယ်အားဖြင့် မြင့်တယ်။ ရာထူးအာဏာရှိတယ်။ စည်းစိမ်ဥစ္စာပေါကြွယ်ဝတယ် ဆိုပြီး တစ်ဖက်သားကို အဖက်မတန်သလို ဆက်ဆံခြင်းဟာ အမြတ်စားမာန်မာနပါပဲ။ နောက်တစ်ခါ သူနဲ့ငါဟာ အမျိုးအနွယ်ရော၊ ရာထူးအာဏာသာမက ဥစ္စာစည်းစိမ်ပါ တန်းတူပဲဖြစ်လို့ ဘာမှ အရေးစိုက်စရာ၊ ဂရုစိုက်စရာ မလိုဘူးဆိုပြီး ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ခြင်းဟာလည်း တန်းတူမာနဖြစ်ပါတယ်။ နောက်ဆုံး တစ်ဖက်လူရဲ့ မျိုးနွယ်၊ ရာထူး၊ အာဏာ၊ ဥစ္စာစည်းစိမ်တွေကို ဘယ်လိုမှ တုလို့မရ၊ မမီပြားပေမဲ့ မိမိကိုယ်မိမိ မနှိမ့်ချဘဲ မာနတွေတင်းပြီး သူ့ဘာသာသူ ချမ်းသာတာ ဘာအရေးစိုက်စရာလိုသလဲ။ ကိုယ့်ဟာကိုယ် ဆင်းရဲတာ ဘာအရေးလဲဆိုပြီး မာနတံခွန်ထူခြင်းဟာလည်း အညံ့စားမာနပဲဖြစ်ပါတယ်။

တပည့်တို့…အဲဒါကြောင့်မို့လို့ တပည့်တို့ဟာ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမနဲ့အညီ မာန်မာနကို ချိုးနှိမ်လို့၊ အကြံကောင်း ဉာဏ်ကောင်းမှန်သမျှ ဘယ်သူကပေးပေး ရယူ

တတ်ကြတယ်။ အသုံးချတတ်ကြမယ်ဆိုရင် တစ်နေ့ ထီးနန်းစည်းစိမ်ရလို့ တိုင်းပြည်ကို အုပ်ချုပ်ရတဲ့အခါ မင်းကောင်းမင်းမြတ်တွေ ဖြစ်လာမှာ မလွဲပါဘူးကွယ်"

ဆရာကြီးရဲ့ ဆုံးမဩဝါဒပေါ် သက်ဝင်ယုံကြည်မိပြီဖြစ်တဲ့ မဟာမာနမင်းသားဟာ သူ့အမှားတွေအတွက် နောင်တကောင်းစွာရခဲ့ပါပြီ။ သင်ခန်းစာယူနိုင်ခဲ့ပါပြီ။ အဲဒါကြောင့်ပဲ ဆရာကြီးဟာ မင်းကောင်းမင်းမြတ်ဖြစ်လာတော့မယ့် 'မဟာမာန' မင်းသားကို 'မဟာသမ္မတမင်းသား' အမည်နာမပြောင်းလို့ သမီးချောလေးနဲ့ လက်ဆက်ပေးလိုက်ပါသတဲ့။

ကိုင်း…သည်ပုံပြင်ကလေးကို ဖတ်ရှုပြီးကြီတဲ့နောက်မှာ ကလေးတို့လည်း မလိုလားအပ်တဲ့ မာန်မာနတွေကို ဖယ်ရှားလို့ ကောင်းသောအကြံဉာဏ်တွေ၊ ကောင်းသောအတာတွေ ရယူနိုင်ကြပါစေကွယ်။

❊ ❖ ❊

# ထိုက်ထိုက်တန်တန် ဖြတ်ထိုးဉာဏ်



## ထိုက်ထိုက်တန်တန် ဖြတ်ထိုးဉာဏ်

တစ်ခါတုန်းက 'ပြည်ကြီးဘယာ' ဆိုတဲ့တိုင်းနိုင်ငံကြီးကို စိုးစံအုပ်ချုပ်တဲ့ ဘုရင်ကြီးမှာ 'စန္ဒမာလာ' ဆိုတဲ့ သမီးတော် တစ်ပါးရှိပါတယ်။

သမီးတော်လေးစန္ဒမာလာဟာ ငယ်စဉ်ကလေးဘဝက တည်းက လိမ္မာယဉ်ကျေးပြီး သိမ်သိမ်မွေ့မွေ့နေထိုင်ပြောဆို တတ်တာကြောင့် ခမည်းတော်ဘုရင်ကြီးရဲ့ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်လေရဲ့။ တကယ်တော့ သမီး တော်လေး စန္ဒမာလာကို ခမည်းတော်ဘုရင်ကြီးကသာ ချစ်တာ မဟုတ်ပါဘူး။ နန်းတွင်းသူ နန်းတွင်းသားတွေကလည်း ချစ်ကြ တာပါပဲ။

သည်လိုနဲ့ ကာလတွေ တရွေ့ရွေ့လွင့်မျောလာလိုက်တာ သမီးတော်လေးစန္ဒမာလာလေးလည်း အပျိုဖော်ဝင်ပြီး အလှသွေးတွေ ကြွယ်လာသတဲ့။ သမီးတော်လေးစန္ဒမာလာရဲ့ အလှအပသတင်းဟာ ပြည်ကြီးဘယာနိုင်ငံအတွင်းသာမကဘူး၊ အခြားအခြားအိမ်နီးချင်းတိုင်းနိုင်ငံတွေကိုပါ ပျံ့နှံ့သွားခဲ့တာမို့ မင်းညီမင်းသားအပေါင်းဟာ စန္ဒမာလာလေးရဲ့ အလှအပကို အကဲခတ်ရအောင်ဆိုပြီး လက်ဆောင်ပဏ္ဏာတွေယူဆောင်လို့ ပြည်ကြီးဘယာရဲ့ ဘုရင်ကြီးဆီ ဆက်သွင်းကြတယ်။

ပြည်ကြီးဘယာဘုရင်ကြီးဟာ ခေသူမဟုတ်ပါဘူး။ သည်ယုန်မြင်လို့ သည်ချုံထွင်တာပဲဆိုတာကို နားလည်ခဲ့တယ်။ ဒါ့ကြောင့် တိုင်းနိုင်ငံအချင်းချင်း မိတ်ဝတ်ဆွေဝတ်မပျက်ရအောင် ယဉ်ကျေးသိမ်မွေ့လှပတဲ့ သမီးတော်လေးကို ရှုမြင်ခွင့်ပေးပါတယ်။ သည်လိုမျိုး သမီးတော်လေးစန္ဒမာလာရဲ့အလှအပကို မြင်တွေ့လိုက်ရရင်ပဲ မင်းညီမင်းသားတွေဆိုတာ စန္ဒမာလာလေးနဲ့ ဖူးစာဖက်ချင်တဲ့စိတ်တွေ ထကြွလှုပ်ရှားလာကြတာမို့ မနည်းကို ရာဇဣန္ဒြေဆည်နေလိုက်ကြရတယ်။

အဲ…သူတို့နေတဲ့တိုင်းပြည်ကို ပြန်ရောက်တယ်ဆိုရင်ပဲ သူတို့ရဲ့ ခမည်းတော်၊ မယ်တော်တို့စံမြန်းရာ နန်းဆောင်ထဲဝင်လို့ ရိုသေစွာ ပြည်ကြီးဘယာက အလှပိုင်ရှင်စန္ဒမာလာမင်းသမီးလေးနဲ့ စုလျားရစ်ပတ်လက်ထပ်ပေးဖို့ ပူဆာလျှောက်ထားကြပါသတဲ့။ တကယ်တော့ မင်းညီမင်းသားတွေလည်း သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရမယ့်အချိန်ကျရောက်နေခဲ့ပါပြီ။ ဒါ့ကြောင့်လည်း

သားတော်တို့ကို စိတ်မပူဖို့၊ စန္ဒမာလာမင်းသမီးလေးကို သွားရောက်တောင်းယူပေးမယ့်အကြောင်း နှစ်သိမ့်စကားပြောကြားခဲ့ပါတယ်။ ပြောခဲ့တဲ့အတိုင်းပဲ ပြည်ကြီးဘယာနိုင်ငံရှိရာကို သံတမန်တွေ စေလွှတ်ကြပါလေရော။

အဲသည်မှာ ဘေးကျပ်နံကျပ်ဖြစ်ရတာကတော့ ပြည်ကြီးဘယာနိုင်ငံရဲ့ပြည့်ရှင်ဘုရင်ကြီးပါပဲ။

"ခက်ပြီ…အမတ်တို့။ အခုမှ ခက်ပြီ။ ငါ့ရဲ့သမီးတော်ကို အလိုရှိကြတဲ့မင်းသားတွေဟာ တစ်ပါးတည်းမဟုတ်တော့ဘဲ ခုနစ်ပြည်ထောင်ကဆိုတော့ မင်းညီမင်းသားက ခုနစ်ပါးတောင် ဖြစ်နေပြီ။ ပြီးတော့လည်း မဟာမိတ်ဖွဲ့ထားတဲ့ နိုင်ငံတွေချည်းပဲဆိုတော့ တစ်ဦးတစ်ယောက်ကို လိုက်လျောလိုက်မယ်ဆိုရင် ကျန်ခြောက်ပြည်ထောင်က မင်းညီမင်းသားတွေအနေနဲ့ ကျေနပ်ကြလိမ့်မယ် မဟုတ်ဘူး။ သည်အခါ မမျှော်လင့်ဘဲ စစ်မက်ဘေးအန္တရာယ်တွေ မဖြစ်ပွားဘူးလို့ မပြောနိုင်ဘူး။ ဘယ်လိုများ လုပ်ကြရပါ့မလဲ…မှူးမတ်တို့"

ဘုရင်ကြီးရဲ့ညည်းတွားသံကြောင့် ညီလာခံမှာ ရှိနေကြတဲ့ မှူးမတ်ဗိုလ်ပါအပေါင်းလည်း စိတ်ညစ်ညူးသွားကြတော့တယ်။ တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် စစ်မက်ဖြစ်ပွားရင်တောင် မှ လူအနာအပျောက်က နည်းမှမနည်းတာ။ ခြောက်ပြည်ထောင်က လာပြီးတိုက်ခိုက်ကြမယ်ဆိုရင် ဘယ်လောက်တောင်မှ သေ

ကြေပျက်စီးလိုက်လေမလဲမသိဘူး။ စိတ်ညစ်ညူးမယ်ဆိုရင်လည်း စိတ်ညစ်ညူးစရာပေပဲပေါ့လေ။

"ကဲ…ပညာရှိမှူးမတ်အပေါင်းတို့၊ သည်ပြဿနာကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ"

ဘုရင်ကြီးက စိုးရိမ်တကြီးဖြစ်လေ‥မှူးမတ်တွေမှာလည်း မျက်ကလဲဆန်ပျာဖြစ်လေပေါ့။ အချင်းချင်း သူ့ကိုကြည့်လိုက်၊ ကိုယ့်ကိုကြည့်လိုက်‥ဘယ်သူက ဘယ်လိုများ အကြံကောင်း၊ ဉာဏ်ကောင်းတွေများ ပေးလေမလဲပေါ့။ အဲသည်အချိန်မှာ ပညာရှိမှူးမတ်တွေထဲက အငယ်ဆုံးဖြစ်တဲ့အမတ်ငယ် 'မင်းမဟာ' ဟာ…

"အရှင်မင်းကြီး…'သမီးကညာ၊ ရွယ်ရောက်လှာ…ချိန်ခါအသင့် ဆောင်နှင်းလင့်' ဆိုသလို သမီးတော်လေးစန္ဒမာလာကို မင်းညီမင်းသားတစ်ပါးပါးနဲ့ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးသင့်တာဟာ သဘာဝကျပါတယ်ဘုရား…။

သို့ရာတွင် အခုဖြစ်ပေါ်နေတဲ့ပြဿနာဟာ မင်းညီမင်းသားတစ်ပါးမကဖြစ်နေတဲ့ ပြဿနာပါဘုရား။ သည်တော့ ရှဉ့်လည်းလျှောက်သာ ပျားလည်း စွဲသာဆိုသလို မြွေမသေ တုတ်မကျိုးဆိုသလို အများတကာကျေနပ်လက်ခံနိုင်ကြရလေအောင် အစီအစဉ်တစ်ခု လုပ်ဆောင်ဖို့လိုပါတယ် ဘုရား"

သည်စကားကို ကြားလိုက်ရတော့ ဘုရင်ကြီးနဲ့တကွ ညီလာခံထဲမှာရှိကြတဲ့မှူးမတ်ဗိုလ်ပါအပေါင်းဟာ အတော်လေးကို စိတ်ဝင်စားသွားကြတယ်။ အားလုံးလည်း နားတစွင့်စွင့်နဲ့ပေါ့။

"အို…အမတ်ငယ်မင်းမဟာ၊ သင်လုပ်ဆောင်ချင်တဲ့ အစီအစဉ်ကို တင်ပြပါဦး"

အဲသည်လို ဘုရင်ကြီးက မေးလိုက်တော့ ပညာရှိမင်းမဟာလည်း သူကြံစည်ထားတဲ့ကိစ္စရပ်ကို တင်ပြလိုက်ပါတယ်။ သူ့ရဲ့တင်ပြချက်ပြီးဆုံးသွားတဲ့အခါ နားဆင်လိုက်ရတဲ့ဘုရင်ကြီးနဲ့တကွ မှူးမတ်ဗိုလ်ပါပရိသတ်အပေါင်းဆိုတာ ပျို့ချင်အန်ချင်လာကြပြီး အော်ဂလီဆန်လာကြတော့တယ်။ သူလျှောက်ထားတာလည်း ကြည့်ဦးလေ။

"အရှင်မင်းကြီး…သည်ကိစ္စအကြောင်းအရပ်အတွက် မင်းကြီးလည်း သောကမရောက်ရ၊ အားလုံးလည်း ကျေကျေနပ်နပ်ဖြစ်ကြရအောင် ၊ ခုနစ်ပြည်ထောင်မင်းညီမင်းသားတွေရဲ့ အရည်အချင်းကို ပြိုင်ပွဲလေးတစ်ခုလုပ်ဖို့ လိုပါတယ်။ သည်ပြိုင်ပွဲမှာ အနိုင်ရမယ့်သူဆိုတာ သမီးတော် စန္ဒမာလာနဲ့ စုလျားရစ်ပတ်ဖို့ အသင့်တော်ဆုံးဖြစ်မှာပါပဲ။

အရှင်မင်းကြီး…ကျွန်တော်မျိုးရဲ့ အစီအစဉ်ကတော့ မင်းညီမင်းသားခုနစ်ပါးကို ချက်နှာစုံညီခေါ်ယူတွေ့ဆုံပြီး 'အသင်မင်းသားတို့…အသင်မင်းသားတို့ကို အခုကစပြီး တစ်နေ့နဲ့တစ်ည အချိန်ပေးပါမယ်။ အချိန်စေ့သွားတဲ့အခါ



အသင်မင်းသားတို့ဟာ သင်တို့စွန့်ထားတဲ့ ကျင်ကြီးကို ဖလားထဲထည့် အဖုံးအုပ်ပြီး ဆက်သွင်းရပါလိမ့်မယ်။ အရှင်မင်းကြီး…အဲသလိုမျိုး အမိန့်ချမှတ်ပြီးတဲ့နောက် မင်းသားတွေဆက်သွင်းတဲ့ဖလားခုနစ်လုံးကို အများပရိသတ်ရဲ့ရှေ့မှာ တစ်လုံးချင်းဖွင့်ပြီး စစ်ဆေးရပါမယ်။ အဲသည်အခါ အရောင်အဆင်းကလည်းလှ၊ မွှေးရနံ့လည်း

ရှိတဲ့ မစင်ကို စွန့်နိုင်တဲ့ မင်းညီမင်းသားကို ကံထူးရှင် အဖြစ် ရွေးချယ်စေလိုပါတယ်။ ကံထူးတဲ့သူသာ သမီး တော် စန္ဒမာလာကို ပိုင်ဆိုင်ခွင့်ရမှာမို့ ကျန်သူတွေအနေ နဲ့ ဘယ်လိုမှစောဒကမတက်နိုင်တော့ပါဘူး"

မင်းမဟာအမတ်ငယ်ရဲ့ စီစဉ်မှုဟာ အော်ဂလီဆန်စရာ ဖြစ်ကောင်းဖြစ်ပေမဲ့ ဘယ်သူကမျှ သည့်ထက်ကောင်းအောင်၊ ပြဿနာပြေလည်အောင် စွမ်းဆောင်နိုင်ဖို့ရာ မရှိတာကြောင့် အမတ်ငယ်မင်းမဟာကိုပဲ အစစအရာရာစီမံဆောင်ရွက်ပေးဖို့ရာ တာဝန်ပေးလိုက်ပါတော့တယ်။

❖ ❖ ❖

ခုနစ်ပြည်ထောင်မင်းညီမင်းသားတွေရဲ့ ရှေ့တော်မှောက် မှာတော့ အမတ်ငယ်မင်းမဟာဟာ မင်းညီမင်းသားတို့ကို အစီ အစဉ်တွေရှင်းပြနေပါတယ်။

"အသင်မင်းသားတို့...အသင်မင်းသားတို့ဆိုတာ မကြာ ခင်ကာလမှာ ကိုယ့်တိုင်းကိုယ့်ပြည်ရဲ့ ထီးနန်းကို စိုးစံရ တော့မယ့်နန်းညွန့်လျာတွေပါ။ အားလုံးဟာလည်းပဲ သူ့ အရည်အချင်းနဲ့သူ ပြည့်စုံကြပြီးသားတွေပါပဲ။ ဒါပေမဲ့ ခက်နေတာက အသင်မင်းသားတို့အားလုံးဟာ အကျွန်ုပ် တို့တိုင်းပြည်က သမီးတော်လေးကို ရယူချင်နေတာပါပဲ။ သမီးတော်အရေးအတွက်က ခုနစ်ပါးဆိုရင်တော့

အကောင်းသားပေပဲပေါ့။ ခုတော့ သမီးတော်လေးက တစ်ပါးတည်းဆိုတော့ ဝေခွဲဖို့ရာ မမျှတပေဘူး။ သည်တော့ အသင်မင်းသားတို့အနက်က သမီးတော်နဲ့ ထိုက်တန်တဲ့သူကို ရွေးချယ်ရပါလိမ့်မယ်။ ရွေးချယ်မယ့် နည်းလမ်းဆိုတာကတော့...''

လို့ဆိုပြီး တင်ကြိုစီမံမှုပြုလုပ်ထားတဲ့အကြောင်းအရာ အချက်အလက်ကို ရှင်းလင်းပြောဆိုပါတော့တယ်။

''အသင်မင်းသားတို့...သည့်အစီအစဉ်ကို သဘောကျကြပါရဲ့လား''

''သဘောကျပါတယ်...အမတ်မင်း''

''ကိုင်း...ဒါဖြင့် တစ်နေ့နဲ့တစ်ည အချိန်ရပါတယ်။ အချိန်ကုန်ဆုံးပြီးနောက် တစ်နေ့ကူးတဲ့အခါကျတော့ ရံရွေတော်တစ်ဦးကို မစင်ဖလားအုပ်ကိုင်ဆောင်စေပြီး သည်နေရာကိုပဲ ကြွလှမ်းလာခဲ့ကြပါ''

''ကောင်းပါပြီ...အမတ်မင်း''

ခုနစ်ပြည်ထောင်မင်းညီမင်းသားအပေါင်းလည်း မင်းမဟာအမတ်ရဲ့အစီအစဉ်ကို လက်ခံသဘောတူပြီး မိမိတို့ညေ့ဂေဟာစံနန်းဆောင်ကို ပြန်သွားကြပါတော့တယ်။

❀ ❖ ❀

ခုနစ်ပြည်ထောင်မင်းညီမင်းသားခုနစ်ပါးထဲက အငယ်ဆုံးဖြစ်တဲ့ 'ကုမာရ မင်းသားလေး' ဟာ သူ့ရဲ့ညေ့ဂေဟာစံနန်း

ဆောင်ကို ပြန်ရောက်တော့ မင်းမဟော်အမတ်ရဲ့အစီအစဉ်ထဲက အချက်အလက်တွေကို အပြန်အလှန်စဉ်းစားသုံးသပ်နေပါတော့တယ်။

"အင်း…စွန့်ထားတဲ့မစင်ဟာ အရောင်အဆင်းလည်း လှပရမယ်။ မွှေးရနံ့လည်း ရှိရမတဲ့။ ဒါမှ ကံထူးရှင်ဖြစ်ပြီး စန္ဒမာလာကလေးနဲ့ ဖူးစာဖက်ရမှာတဲ့"

ကုမာရမင်းသားလေး စဉ်းစားခန်းဝင်လိုက်တာ အဲသည်နေ့တစ်နေ့လုံး အပြင်ကို မထွက်မိလောက်အောင်ပါပဲ။ သူ့အတွေးထဲမှာတော့…

"မစင်မှန်သမျှဟာ အရောင်အဆင်းလှပကာယ်ဆိုတာရှိလို့လား။ ဝမ်းတော်လားပြီးတာနဲ့ အချိန်တွေ တရွေ့ရွေ့ကုန်သွားလေလေ…စက်ဆုပ်ဖွယ်အရောင်တွေပြောင်းသွားလေလေပဲ မဟုတ်လား။

ပြီးတော့ မွှေးကြိုင်တဲ့မစင်ရယ်လို့ တစ်ခါမျှရှိတယ်လို့ မကြားဘူးပေါင်။ အစာအိမ်က လက်မခံတော့လို့ အပုပ်အသိုး၊အညစ်အကြေးအဖြစ် စွန့်ထုတ်ပစ်တယ်ဆိုမှတော့ အော်ဂလီဆန်စရာ ရွံစရာကောင်းနေပြီပဲပေါ့။

ဒါဟာ သွေးရိုးသားရိုးပညာစမ်းတာတော့ မဖြစ်နိုင်ဘူး။ ဘယ်ရွှေဘယ်မျှလောက်ပညာရှိသလဲဆိုတာကို စမ်းသပ်တာပဲ။ ဒါဆိုရင် ငါသိပ်ပြီးချစ်မြတ်နိုးတော်မူရတဲ့ နှမတော်စန္ဒမာလာလေးနဲ့နီးစပ် ငါဘယ်လိုကြံစည်ရမလဲ။ စဉ်းစားစမ်း…စဉ်းစားစမ်း"

ကုမာရမင်းသားလေးဟာ တွေးရင်း တွေးရင်းနဲ့ မှေးခနဲ ဖြစ်သွားတယ်။ အဲသည်တုန်းမှာပဲ အိပ်မက်လိုလိုဘာလိုလိုနဲ့ အာရုံထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုတစ်ဦးပေါ်လာခဲ့တယ်။

"ငါ့မြေး…ဘာမှစိတ်သောကမရောက်ပါနဲ့။ ငါ့မြေးနဲ့ သမီးတော်လေးစန္ဒမာလာဆိုတာ ရှေးဘဝအဆက်ဆက်ကတည်းက ဖူးစာဖက်တွေပါ။ သည်ဘဝမှာလည်း ငါ့မြေးတို့ ပေါင်းဖက်ကြရမှာပါ။ ဘာကြောင့်လဲဆိုတော့ ငါ့မြေးရဲ့ကုသိုလ်ဒါနတွေကြောင့် သီလတရားကြောင့်ဆိုရင် မမှားပေဘူး။ သည်တော့ ငါ့မြေးအိပ်မက်က နိုးလာတဲ့အခါ ဥယျာဉ်တော်ရှိရာအရောက်လာခဲ့ပါ။ အဲသည်မှာ အဝတ်ဖြူပြတ်ထားတဲ့ အပင်တစ်ပင်ကို တွေ့ပါလိမ့်မယ်။ အဲသည်ကျရင် ငါ့မြေးလုပ်ဆောင်ရမှာတွေကတော့…"

အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်အဘိုးအိုက မှာစရာရှိတာတွေ စုံစုံစေ့စေ့မှာကြားပြီးတဲ့နောက်မှာတော့ မီးခိုးငွေ့လို တဖြည်းဖြည်းနဲ့ မှုန်ဝါးပျောက်ကွယ်သွားလေရဲ့။ သည်အခါမှာ ကုမာရမင်းသားလည်း ဖျတ်ခနဲလန့်နိုးလာခဲ့တယ်။

❋ ❖ ❋

ခွင့်ပြုထားတဲ့ရက်အတိုင်းအတာစေ့သွားပြီမို့ ခုနစ်ပြည်ထောင်မင်းညီမင်းသားတို့ဟာ ဖလားပိုက်ထားတဲ့ရုံရွှေတော်တစ်ယောက်စီနဲ့ ခန်းမဆောင်ဘဲကို လှမ်းဝင်လာခဲ့ကြတယ်။ ခန်းမ

ဆောင်လေးဖက်လေးတန်မှာတော့ မှုုးမတ်ဗိုလ်ပါပရိသတ် အပေါင်းဆိုတာ တစ်ခဲနက်ပါပဲ။

"ကိုင်း...အသင်မင်းသားတို့...အစစ်ဆေးခံဖို့ရာ တစ်ပါးစီ လှမ်းကြွလာခဲ့ကြပါ"

အမတ်ငယ်မင်းမဟော်ရဲ့ကြေညာမှုအပြီးမှာတော့ မင်းသားတစ်ပါးစီဟာ စစ်ဆေးမယ့်နေရာကို လှမ်းလာခဲ့ကြပါတယ်။ နေရာကိုရောက်တာနဲ့ ညောင်စောင်းထက်ကို ဖလားတင်ပြီး အဖုံးဖွင့်လိုက်တယ်ဆိုရင်ပဲ အော်ဂလီဆန်စရာအနံ့ဆိုးတွေဆိုတာ ထောင်းခနဲ ထောင်းခနဲထွက်လာလို့ မင်းချင်းတွေဆင့်ခေါ်ပြီး အဝေးကို သွားရောက်စွန့်ပစ်ခိုင်းရတော့တယ်။

"အခုနောက်ဆုံးကျန်တာကတော့ ကုမာရမင်းသားလေးပါပဲ"

ကုမာရမင်းသားလည်း အလှည့်ကျရင် မနွံ့စတမ်းဆိုသလို ရုံရွှေတော်လုလင်နဲ့အတူ အစစ်ဆေးခံမယ့်နေရာကို လှမ်းလာခဲ့ပါတယ်။ ရောက်တာနဲ့ လုလင်ဟာ ဖလားအဖုံးကို ဖွင့်လိုက်ပါတယ်။

"ဟာ...မွှေးလိုက်တာ မွှေးလိုက်တာ"

"ဟုတ်ပါရဲ့...နန်းတော်တစ်ဆောင်လုံးကို ဖုံးသွားတာပဲ။ အနံ့ရတာနဲ့တင် သွားရည်အလိုလို ယိုလာပြီ။ မစင်ဖြစ်နေလို့ပေါ့ကွာ"

"ဟယ်...အရောင်အဆင်းကိုလည်း ကြည့်ပါဦး။ ဝင်းလို့ဝါလို့။ မျက်စိပသာဒရှိလိုက်တာကွယ်"

ပရိသတ်ရဲ့ ကောက်ချက်ချသံတွေ၊ ချီးမွမ်းသံတွေဟာ နန်းဆောင်တစ်ခုလုံးကို ဖုံးလွှမ်းသွားပါတော့တယ်။ သည့်အချိန် မှာတင် ဘုရင်ကြီးရဲ့ရှေ့တော်မှောက်မှာ အမတ်ငယ်မင်းမဟာ လည်း ခွင့်ပန်လို့ ရပ်လိုက်ပြီး…

"ကိုင်း…ပရိသတ်အပေါင်း လက်တွေ့မျက်မြင်ပါပဲ။ သည့်အရည်အချင်းစစ်ပြိုင်ပွဲမှာ ဘယ်သူ့ကို အနိုင်ပေး သင့်ပါသလဲ"

"ကုမာရမင်းသား…ကုမာရမင်းသား"

"ဟုတ်ပါပြီ…ဒါဖြင့်ရင် စန္ဒမာလာမင်းသမီးလေးနဲ့ စု လျား ရစ်ပတ်လက်ထပ်ဖို့ရာ အသင့်တော်ဆုံးဟာ ဘယ်သူ ပါလဲ"

"ကုမာရမင်းသား…ကုမာရမင်းသား"

တစ်ခဲနက်တုန်ဟည်းထွက်ပေါ်လာတဲ့အသံတွေကြောင့်ပဲ စမ်းသပ်မှုဟာ အောင်မြင်ပြီးမြောက်သွားခဲ့ပါပြီ။ ပရိသတ်ရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ မင်းညီမင်းသားခြောက်ပါးကလည်း သဘောညီတူကြတာမို့ မကြာမတင်ကာလကလေးမှာပဲ ကုမာရ မင်းသားလေးနဲ့ စန္ဒမာလာမင်းသမီးလေးတို့ရဲ့စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြပါတယ်။

အဲသည်မှာ ကုမာရမင်းသားလေး အောင်မြင်မှုရရှိဖို့ အတွက် လျှို့ဝှက်ချက်ကလေးတစ်ခုရှိပါတယ်။

ကုမာရမင်းသားလေးရဲ့ ဖလားထဲက မှစင်ဆိုတာဟာ ဘာကြောင့် မွေးကြိုင်နေရတာတဲ့လဲ။ ဘာကြောင့် ရွှေအဆင်းလို ဝင်းဝင်းဝါဝါဖြစ်နေရတာတဲ့လဲ။

မသိရင်တော့ ပြောပြရမှာပေါ့လေ။

အဲဒါတွေက တကယ်တော့ မစင်အစစ်မဟုတ်ပါဘူး။ ဥသျှစ်သီးအမှည့်တွေကို ခွဲထည့်ထားတာတွေပါ။

ကိုင်း…လောကမှာ ဉာဏ်ရှိတဲ့သူဟာ အားလုံးထက် သာပါသော်ကောကွယ်။

❀ ❖ ❀



# ဖုံးကွယ်မရသည့် အမှန်တရား

တစ်ခါတုန်းက လူဦးရေစည်ကားတဲ့ နယ်မြို့ကလေးတစ်မြို့မှာ 'ကျင်ငွေ'လို့ အမည်ရှိတဲ့ ပေါက်ဖော်တစ်ယောက်က ဘဲကင်ဆိုင်တစ်ဆိုင် ဖွင့်ပါသတဲ့။

ကျင်ငွေဟာ စီးပွားရေးသမားပီသလှတာနဲ့အမျှ တစ်နေ့ထက်တစ်နေ့ ဝင်ငွေတိုးအောင်၊ ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုပဲ ခေါင်းထဲထည့်ထားလေ့ရှိတယ်။ သူရောင်းချတဲ့ ဘဲကင်ကိုလည်း သာမန်ထက်ဈေးတင်ပြီး ရောင်းလေ့ရှိတယ်။

တစ်နေ့မှာတော့ သူ့ဆိုင်မှာ ရောင်းမကုန်တဲ့ ဘဲကင်တစ်ကောင်ဟာ တန်းကလေးမှာ ချိတ်လျက်သားရှိနေတယ်။ သည်

ဘဲကင်ဟာ ရောင်းမကုန်လို့ နောက်နေ့အထိ ဆက်ထားရင် စားလို့ သိပ်ကောင်းမှာမဟုတ်တဲ့အတွက် အခုနေလာဝယ်တဲ့သူရှိရင် သိပ်ကောင်းမှာပဲ…လို့ တွေးတောနေပါသတဲ့။

အဲသည်အချိန်မှာပဲ သူတို့မြို့ကလေးမှာ ကုန်တင်ကုန်ချ (ကူလီပေါ့) အလုပ်သမားတစ်ယောက်ဟာ ဆိုင်ရှေ့လာရပ်ပြီး ချိတ်ဆွဲထားတဲ့ ဘဲကင်ကို ငေးကြည့်နေတယ်။ သည်ကတည်းက ဆိုင်ရှင် ကျင်ငွေ ရိပ်မိလိုက်ပါပြီ။ အဲသည်ကုန်တင်ကုန်ချ အလုပ်သမားဟာ သူ့ဆိုင်ရှိတဲ့ လမ်းထဲက အိမ်တစ်အိမ်မှာ မိသားစုတွေနဲ့ နေတာကိုလည်း သူသိထားတယ်။

"အင်း…သည်ငတိတော့ ငါ့လက်ကျန်ဘဲကင်ကို လိုချင်နေပုံရတယ်။ ဒါပေမဲ့ သူ့မှာ ငွေကြေးလုံလောက်ပုံမပေါ်ဘူး။ ဘာပဲဖြစ်ဖြစ် သည်ဘဲကင်ထွက်သွားဖို့ အရေးကြီးတယ်။ သည်တော့ သူမဝယ်ဝယ်အောင် စကားခေါ်ရတော့မှာပေါ့"

လို့ အတွေးဝင်ပြီး ပြုံးပြလိုက်တယ်။

"ဗျို့…ဆရာ။ ဘဲကင်ဝယ်မလို့လား။ တစ်ကောင်တည်းပဲ ကျန်တော့တာနော်။ တော်ကြာ တစ်ယောက်ယောက်က ခြေသွက်လက်သွက်နဲ့ လာဝယ်လိုက်လို့ကတော့ 'မြင်သာ မြင်ရ မကြွင်ရ' ဆိုတဲ့ကိန်း ဆိုက်သွားလိမ့်မယ်"

"ဝယ်ချင်တာပေါ့ ကိုကျင်ငွေရယ်။ ကျုပ်မိသားစုက များတယ်ဗျ။ တစ်ကောင်လုံးမှ လောက်မှာ။ တစ်ကောင်လုံး ဝယ်ရလောက်အောင်လည်း သည်ကနေ့က အလုပ်သိပ်

သည်လောက်ဆို ကျင်ငွေတို့က နားလည်နေပြီ။ ကိုယ့်ခွင်ထဲကို ရောက်လာမှာတော့ ဘယ်လက်လွှတ်သွားလို့ ဖြစ်မတဲ့တုံး။

"အိုဗျာ…ခင်ဗျား ဒီလမ်းထဲနေတာ ကျုပ်မသိဘဲနေမလား။ အချင်းချင်းတွေပဲဥစ္စာ။ အခု ငွေမပေးနိုင်လည်း ကိစ္စမရှိဘူး။ ယူသာသွား။ လကုန်မှပဲ လာရှင်းပေါ့။ ဟုတ်ပလား။ အကြွေးမှတ်ထားလိုက်မယ်"

"ကျေးဇူးပါပဲဗျာ။ လကုန်တာနဲ့ ဆက်ဆက်လာပေးပါ့မယ်"

ကုန်ထမ်းသမားလည်း အားရဝမ်းသာနဲ့ ဘဲကင်ကြီးကို ဆွဲပြီး ထွက်သွားပါတော့တယ်။

❋ ❖ ❋

တစ်ရက်…တစ်ရက်နဲ့ ရက်တွေကြာညောင်းလာလိုက်တာ လကုန်ရက်ကိုတောင် ရောက်လာပါရောလား။

ကုန်ထမ်းသမားဟာ ရိုးသားသူဖြစ်လေတော့ ကတိစကားတစ်လုံးကို တန်ဖိုးထားပါတယ်။ ညနေအလုပ်သိမ်းတဲ့အခါ ကုန်ထမ်းခ စုထားတာလေးတွေ ထုတ်လာပြီး စားထားတဲ့ဘဲကင်အကြွေးပေးဖို့ရာ ကျင်ငွေ့ဆိုင်ကို ဝင်လာခဲ့ပါတယ်။ ဆိုင်ကိုရောက်တော့ ဆိုင်ရှင်ကျင်ငွေဟာ မေသီးခေါက်ရင်း စာရင်းစာအုပ်တစ်အုပ်နဲ့ အလုပ်များနေတယ်။ ကုန်ထမ်းသမား ရပ်စောင့်နေတာ အတော်ကလေးကြာတဲ့အထိအောင် မော့တောင် မကြည့်အားသလိုဖြစ်နေတယ်။ သည်တော့ ကုန်ထမ်းသမားလည်း စိတ်မရှည်နိုင်တော့ဘဲ…



"ဖျို့...ကိုကျင်ငွေ။ ဘာတွေများ ဒီလောက်တောင် အလုပ်တွေ ရှုပ်နေရတာလဲ။ ခင်ဗျားဆီက ဘဲကင်တစ်ကောင် အကြွေးဝယ်သွားတာလေ ဘဲကင်ဖိုး အခုလာပေးတာ"

"ဟုတ်ပါပြီ။ ကျုပ်လည်း ခင်ဗျားဝင်လာတာသိလို့ ဘဲကင်အကြွေးဖိုး တွက်နေတာဗျ"

ကျင်ငွေဟာ အတော်ကလေးကြာမှ ဘဲကင်ဖိုး ကျသင့်ငွေကို ပြောလိုက်တယ်။ သူပြောတဲ့ဈေးဟာ ထင်ထားတာနဲ့ မနီးစပ်နိုင်လောက်အောင် အဆမတန်များနေတော့ ကုန်ထမ်းသမားလည်း ပါးစပ်အဟောင်းသားဖြစ်သွားရတော့တယ်။

"ဟာဗျာ…ဘဲကင်တစ်ကောင်ဟာ ဘယ့်နှယ် ဒီလောက်တောင်မှ ဈေးများနေရတာတဲ့လဲ"

"များမှာပေါ့ဗျာ။ ခင်ဗျားပဲ တွက်ကြည့်လေ။ ခင်ဗျားသာ အဲဒီဘဲကိုမစားခဲ့ဘူးဆိုရင် ဘယ်လောက်တောင် ဥလိုက်မလဲ။ ဥတွေကနေ ဘဲကောင်လေးတွေ ပေါက်မလဲ။ ဥဘဲ ဘယ်လောက်ကနေ…"

ကုန်ထမ်းသမားလည်း ကျင်ငွေရဲ့ မဟုတ်တမ်းတရားစကားကိုကြားရတော့ ထောင်းခနဲဒေါပွသွားတော့တယ်။

"ဒီမှာ…ကိုကျင်ငွေ။ ခင်ဗျားဟာက သမာအာဇီဝကျကျစီးပွားရှာနေတာမှ မဟုတ်ဘဲ။ မတော်လောဘဇောတိုက်နေတာ။ မတရားတောင်းတဲ့ငွေကိုတော့ ကျုပ်မပေးနိုင်ဘူးဗျာ"

"ရတယ်လေ။ ဒီလိုဆို တရားစွဲခံပေါ့"

နှစ်ယောက်သား တစ်ယောက်တစ်ပေါက် အငြင်းအခုံဖြစ်ကြရင်းနဲ့ပဲ နောက်ဆုံးတော့ မြို့နယ်တရားရုံးကို ရောက်သွားပါတော့တယ်။ တရားသူကြီးဟာ တံစိုးလက်ဆောင်စားထားတာမို့

ဆိုင်ရှင်ကျောင်ငွေ့ဘက်က မျက်နှာလိုက်ပြီး စီရင်ချက်ချပါတယ်။ သည်တော့ ကုန်ထမ်းသမားလည်း ငွေအကြေပေးဆပ်နိုင်ဖို့ရာ အဆင်မပြေတာနဲ့ တရားသူကြီးကို အောက်ကျို့အသနားခံရင်း…

"ကျွန်တော်မျိုးမှာ ငွေအပြည့်အစုံမရှိတာမို့ ငွေရှာဖို့ရာ အချိန်ဆိုင်းငံ့ပေးတော်မူပါ"

လို့…တောင်းပန်ရပါတယ်။ တရားသူကြီးကလည်း ခွင့်ပြုပါတယ်။ ဒါနဲ့ပဲ ကုန်ထမ်းသမားလည်း စိတ်ညစ်ညစ်နဲ့ မြစ်ဆိပ်ဘက်ကို ထွက်လာခဲ့တော့တယ်။

အဲသည်မှာတင် ကံအားလျော်စွာ ပေစာထုပ်တွေထိုင်ဖတ်နေတဲ့ ပညာရှိဦးဖိုးစိန်နဲ့ သွားတိုးတော့တယ်။ ဦးဖိုးစိန်ဟာ အချိန်ရှိသရွေ့ စာပေဗဟုသုတလိုက်စားရင်း မတရားခံနေရတဲ့သူတွေဘက်က စေတနာနဲ့ အကျိုးဆောင်ပေးနေတာ သိရလေတော့ ကုန်ထမ်းသမားအဖို့ရာ သန်းခေါင်ယံလမိုက်ညခရီးသွားရင်း အရောင်တွေလက်နေတဲ့ ပတ္တမြားတစ်လုံးကို တွေ့လိုက်ရသလို ဝမ်းမြောက်ဝမ်းသာဖြစ်သွားရပါတော့တယ်။ ဒါနဲ့ပဲ ပညာရှိဦးဖိုးစိန်ကို သူ့ရဲ့ဖြစ်စဉ်တွေ မခြွင်းမချန်ပြောပြပြီး အကူအညီတောင်းခံရတော့တာပေါ့။

"ဘာမှမပူနဲ့ မောင်ရင်။ ခုပဲ ရုံးတော်ကိုပြန်သွားပြီး တရားသူကြီးနဲ့ တွေ့ပါ။ သည်အမှုကို လူသိရှင်ကြားရုံးတင်ဖို့ ပြော။ မောင်ရင့်ဘက်က ကျုပ်အမှုလိုက်ပေးမယ်။ ဟုတ်ပလား"

"ဟုတ်···ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျေးဇူးအများကြီးတင်ပါတယ်"

ကုန်ထမ်းသမားလည်း သူ့ဘက်ကနေ ပညာရှိဦးဖိုးစိန်က အမှုလိုက်ပါဆောင်ရွက်ပေးမယ်ဆိုတော့ ဖော်မပြတတ်လောက်အောင်ကို ဝမ်းသာသွားတော့တယ်။

ဒါနဲ့ပဲ ရုံးတော်ရှိရာကို ပြန်သွားပြီး တရားသူကြီးဆီ ဝင်တွေ့လို့ အမှုဆက်တက်ချင်တဲ့အကြောင်း တင်ပြအစီရင်ခံလိုက်ပါတော့တယ်။

တရားသူကြီးလည်း အောင့်သက်သက်နဲ့ပဲ အမှုလက်ခံရတော့တယ်။ လက်မခံလို့လည်း မဖြစ်ဘူးလေ။ အထက်က အမှုသည်က မကျေနပ်ရင် ဆက်တက်ခွင့်ရှိတယ်လို့ ဥပဒေရှိထားခဲ့တာကိုး။

*** ❖ ***

ဒါနဲ့ပဲ အမှုရုံးတင်တဲ့နေ့ကို ရောက်လာခဲ့ပါပြီ။

တရားခွင်မှာတော့ အမှုစွဲဆိုတဲ့ ကျင်ငွေက တစ်ဖက်။

အမှုအစွဲခံရတဲ့ ကုန်ထမ်းသမားက တစ်ဖက်ပေါ့။

ရုံးတော်ပေါ်မှာ တရားသူကြီးရောက်လာပေမဲ့ ကုန်ထမ်းသမားရဲ့ အကျိုးဆောင်ပညာရှိ ဦးဖိုးစိန်ကတော့ ရောက်မလာသေးပါဘူး။ သည့်အတွက် ကုန်ထမ်းသမားမှာတော့ မျက်နှာငယ်ရပေတာပေါ့။

"ဘယ့်နှယ့်လဲ မောင်မင်း။ မောင်မင်းရဲ့ အကျိုးဆောင် မလာသေးပါလား။ နာရီဝက်စောင့်လို့မှ ရောက်မလာရင် ရုံးတော်ကို မလေးစားမှုနဲ့ တစ်ဖက်သတ်အမိန့်ချလို့ ရတယ်နော်"

"ဟုတ်…ဟုတ်ကဲ့ပါ တရားသူကြီးမင်း"

ကုန်ထမ်းသမားခများ မျက်နှာငယ်ရသလောက် ကျင်ငွေကတော့ အောင်သေအောင်သား စားရတော့မယ်ဆိုတဲ့အသွင်အပြင်မျိုးနဲ့ ပြုံးလို့ရွှင်လို့ပေါ့။ တံစိုးလက်ဆောင်စားထားတဲ့ တရားသူကြီးကကော ဘာထူးမှာတဲ့လဲ။

တော်တော်လေးကြာတော့မှပဲ ပညာရှိဦးဖိုးစိန် ရုံးတော်ကို ရောက်လာပါတယ်။ ရောက်လာလာချင်းဆိုသလို တရားသူကြီးကို ဂါရဝပြုရင်း ခွင့်ပန်စကားဆိုပါတယ်။

"တရားသူကြီးမင်းခင်ဗျား…ကျွန်တော်မျိုးဟာ စပါးစိုက်ပျိုးဖို့ရာအတွက် မျိုးစပါးတွေကို လှော်နေရတာနဲ့ ရုံးတော်အရောက်နောက်ကျသွားခဲ့ရတာကို ခွင့်လွှတ်တော်မူပါခင်ဗျား"

သည်စကားကြားရတော့ တရားသူကြီးအပါအဝင် ကျင်ငွေတို့အုပ်စုဟာ ခွက်ထိုးခွက်လန်ရယ်မောကြပါရောလား။

"တရားသူကြီးမင်းခင်ဗျား…ကျွန်တော်မျိုးပြောဆိုတဲ့စကားဟာ ဘာများရယ်စရာပါသွားလို့ပါလဲ"

"ဟား‥ဟား…ဟား…ရယ်စရာမို့ ရယ်တာပေါ့။ ဘယ့်နှယ်…ခင်ဗျားရူးများနေသလား။ လှော်ထားတဲ့မျိုးစပါး

စေ့ဆိုတာ ဘယ်လိုပဲစိုက်စိုက် အပင်ဘယ်ပေါက်နိုင်မှာတဲ့လဲ"

သည့်အခါမှာ ပညာရှိဦးဖိုးစိန်လည်း ချက်ချင်းပဲ သူကြီးနဲ့ သူ့ကို လှုပ်မရအောင် ပြန်တုပ်လိုက်ပါတယ်။

"ကောင်းပါပြီ။ တရားသူကြီးမင်းပြောသလို ကြော်ထားတဲ့မျိုးစပါးစေ့ဆိုတာ အပင်ပြန်မပေါက်နိုင်ခဲ့ရင် ကင်ပြီးသားဖြစ်တဲ့ ဘဲကလည်း ဘယ်လိုလုပ်ပြီး ဥ-ဥနိုင်ပါ့မလဲခင်ဗျား။ ဆင်ခြင်ဆုံးဖြတ်တော်မူပါ"

ပညာရှိဦးဖိုးစိန်ရဲ့စကားအဆုံးမှာတော့ တရားသူကြီးမင်းဟာ ပါးစပ်အဟောင်းသားဖြစ်သွားပါတော့တယ်။ ရုံးတော်ထဲမှာ လာရောက်နားထောင်ကြတဲ့ ပရိသတ်အပေါင်းဆိုတာ ပညာရှိဦးဖိုးစိန်ကို သဘောကျနေကြတာ မြင်လို့တောင် မကောင်းတော့ပါဘူး။ သည်တော့မှ တရားသူကြီးမင်းလည်း ကုန်ထမ်းသမားကို ဘဲကင်တန်ဖိုးပဲ ပေါက်ဈေးနဲ့ ပေးဆောင်စေလို့ အမိန့်ချလိုက်ပါတော့တယ်။

ကိုင်း...သည်ပုံပြင်သာဓကလေးကို ထောက်ရှုကြည့်ရင် လောကကြီးမှာ အမှန်တရားဆိုတာရှိတယ်။ အမှန်တရားကို ဘာနဲ့မှ ဖုံးကွယ်ထားလို့ မရဘူးဆိုတာ သဘောပေါက်ကြပြီပေါ့နော်။ အားလုံးပဲ ရွှင်လန်းချမ်းမြေ့ကြပါစေ။

❊ ❖ ❊

နန္ဒာမိုးကြယ်



၆

# နလုံးမလှတဲ့ လူမိုက်

ကလေးတို့ရေ…

ဗုဒ္ဓဘာသာမင်္ဂလာတရားတော်ထဲမှာ

'အသေဝနာစ ဗာလာနံ၊ ဧတံ မင်္ဂလ မုတ္တမံ' လို့ ဆိုထားပါတယ်။ သဘောကတော့ 'လူမိုက်တွေကို မှီဝဲဆည်းကပ်ခြင်း မပြုတာဟာ မင်္ဂလာ'ဖြစ်တယ်လို့ ဆိုတာပါပဲ။

အဲဒါနဲ့ ပတ်သက်ပြီး ကလေးတို့ သင်ခန်းစာယူကြ၊ ဆင်ခြင်ကြရလေအောင် ပုံပြင်ကလေးတစ်ပုဒ် ပြောပြချင်ပါတယ်။

ရှေး…လွန်လေပြီးတဲ့ကာလတစ်ခုတုန်းကပေါ့ကွယ်။

အင်မတန်မှ လူနေထူထပ်ပြီး စည်ကားသာယာလှတဲ့ မြို့ကြီးတစ်မြို့မှာ လုပ်ငန်းစပ်တူလုပ်ကြမယ်ဆိုပြီး မိတ်ဆွေဖွဲ့လိုက်ကြတဲ့ ကုန်သည်နှစ်ဦးရှိပါတယ်။

တစ်ဦးရဲ့ နာမည်က 'ခနဲ'တဲ့။

ကျန်တစ်ဦးရဲ့ နာမည်ကလည်း မတိမ်းမယိမ်းပါပဲ။ 'ခနေပါလ'...တဲ့။

သူတို့နှစ်ယောက်ဟာ မိတ်ဆွေမဖွဲ့ဖြစ်ခင်တုန်းကဆိုရင် သီးခြားစီ ကုန်ရောင်းကုန်ဝယ် ကုန်သွယ်လုပ်ငန်း လုပ်ခဲ့ကြတာပါ။ အခုလိုပေါင်းစပ်ကြမယ်လို့ အတွေးဝင်လာမိတာကတော့ ငါတို့နှစ်ဦးဟာ သီးခြားစီမဟုတ်ဘဲ ပေါင်းစပ်လိုက်ကြရင် အရင်းအနှီးတွေ ပိုများလာမယ်။ ဦးခေါင်းတစ်လုံးနဲ့ ဖြေရှင်းမယ့်အစား ဦးခေါင်းနှစ်လုံးနဲ့ ဖြေရှင်းလိုက်ရင် ပိုပြီးတိုးတက်ကြီးပွားနိုင်လိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နှစ်ဦးသား ပေါင်းစည်းဖြစ်သွားခဲ့ကြတာပါ။

သည်လိုမျိုး မိတ်ဆွေဖွဲ့ပြီးတဲ့နောက်မှာတော့ သူတို့နှစ်ဦးသားဟာ ရင်းနှီးငွေကို အချိုးကျထည့်ဝင်ပြီး ကုန်ရောင်းကုန်ဝယ်ပြုကြပါတော့တယ်။ အကျိုးအမြတ်လည်း ရှိတန်သလောက်ရှိခဲ့ပါတယ်။ သည်တော့ ရင်းနှီးငွေလည်း ပိုပြီး ထည့်ဝင်နိုင်ကြတာပေါ့။

သည်လိုနဲ့ နှစ်ဦးသားပေါင်းစပ်ပြီး လှည်းငါးရာပေါ် ကုန်တွေတင်လို့ ကုန်ရောင်းထွက်လာခဲ့ကြတယ်။ သည်တစ်ခါမှာ အံ့ဩဖို့ကောင်းတာက ကုန်စည်တွေဟာ ခါတိုင်းလို အေးအေးဆေးဆေးရောင်းမနေရတော့ဘဲ ခဏကလေးနဲ့ ကုန်သွားတာမို့ သူတို့နှစ်ဦးသားဟာ သိပ်ကို ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြတော့တယ်။

ဒါနဲ့ အမြတ်အစွန်းကို ခွဲဝေယူမယ်လို့ လုပ်တဲ့အခါ ခနပါလဟာ အစုသုံးစုခွဲလိုက်တယ်။ သည်တော့ ခနလည်း မနေသာတော့ဘဲ ခါတိုင်းနှစ်စုခွဲနေကျ၊ အခု ဘာဖြစ်လို့ သုံးစုခွဲရသလဲလို့ မေးလိုက်တယ်။

"ဘာကြောင့် သုံးစုခွဲရသလဲဆိုတော့ ငါ့အနေနဲ့ အမြတ်ဝေစု နှစ်စုရထိုက်လို့ပဲပေါ့"

သည်လိုပြောဆိုပြီးတဲ့နောက် ခနပါလလည်း အစုနှစ်စုကို ကျူးယူမယ်အလုပ် ခနလည်း ဖြုန်းခနဲ ခနပါလရဲ့လက်ကို တားဆီးလိုက်တယ်။

"သည်လို မလုပ်ပါနဲ့ ခနပါလ။ မင်းနဲ့ ငါ နှစ်ယောက် စပ်တူအလုပ်လုပ်ခဲ့ကြတာပဲလေ။ ရလာတဲ့အကျိုးအမြတ်ကိုလည်း နှစ်ပုံခွဲပြီး တစ်ယောက်တစ်ပုံစီယူကြမှ တရားမျှတတော့မှာပေါ့။ အခု သုံးပုံခွဲပြီး မင်းက နှစ်ပုံတောင်မှ ယူမယ်လုပ်တာ မတရားဘူးလို့ ထင်တယ်နော်"

"ဟော့...ခနံ။ ယူသင့်ယူထိုက်လို့ ယူတာကွ။ နားမလည်ဘူးလား"

"ဘာ! ယူသင့်ယူထိုက်လို့ ယူတာ...ဟုတ်လား။ နေစမ်းပါဦး။ မင်းက ဘယ်လိုအကြောင်းပြချက်ရှိလို့ ယူသင့်တယ်လို့ ပြောရတာလဲ"

"ဒီလိုလေ...ဒီလို။ ဘာ့ကြောင့်ဆို ငါ့နာမည်က 'ခနပါလ'။ မင်းနာမည်က 'ခန'လေ။ သည်တော့ ဘာပဲပြောပြော နာမည်မှာကိုက ငါဟာ မင်းထက် နှစ်လုံးပို

နေတယ်။ သည်တော့ ဝေစုခွဲတဲ့အခါမှာ နှစ်စုရမှသဘာဝ ကျမှာပေါ့''

''မဟုတ်သေးဘူးထင်တာယ်နော်…ခနပါလ''

''ဘာလို့ မဟုတ်ရမှာတဲ့တုံး''



"ဘာ့ကြောင့်ဆို အရင်းအနှီးထည့်ဝင်တဲ့အခါ မင်းလည်း သည်လောက်၊ ငါလည်း သည်လောက်ဆိုပြီး အညီအမျှ ထည့်ဝင်ခဲ့ကြတာမဟုတ်ဘူးလား။ ရောင်းရေးဝယ်တာ ဆိုရင်လည်း တစ်ယောက်က မြတ်နိုင်မယ့်ကုန်တွေ ရှာ ဝယ်ရင် ကျန်တစ်ယောက်က အမြတ်မြန်မြန်ရအောင် ကုန်တွေ ထုတ်ရောင်း၊ အဲသည်လိုမျိုး နှစ်ယောက်သား တက်ညီလက်ညီ အားထုတ်ခဲ့ကြတာပဲ။ သည်တော့ အကျိုးအမြတ်ရလာတဲ့အခါ နှစ်ယောက်သား အညီအမျှ တစ်ပုံစီခွဲယူမှ တရားကျပေမပေါ့"

အဲသည်လို ခနက အကျိုးသင်အကြောင်းသင့် ပြောဆို ရှင်းပြနေတုန်းမှာပဲ ခနပါလရဲ့ခေါင်းထဲကို အကြံတစ်ခုက လက် ခနဲဝင်လာခဲ့တယ်။

"ဒါဆို···ခန။ မင်းသည်မှာ ခဏနေဦး။ ငါ ဗိုက်သိပ် မကောင်းလို့ အိမ်ပြန်ဦးမယ်။ ကိစ္စပြီးတာနဲ့ ပြန်လာခဲ့ မယ်။ အဲသည်ကျမှ ဝေစုကိစ္စ စကားပြောကြတာပေါ့"

အဲသည်လို ပြောဆိုပြီး ခနပါလလည်း သူ့အိမ်ကို ပြန် အိမ်ရောက်တော့ သူ့ဖခင်ကိုတွေ့ပြီး အကျိုးအကြောင်းပြောပြ လိုက်တယ်။

"အဲသည်တော့ အဖေက ဘာလုပ်ရမှာတဲ့လဲ"

"မခက်ပါဘူး အဖေရာ။ အဖေ အခုပဲ ရွာထိပ်က သစ် ခေါင်းပေါက်ကြီးရှိတဲ့ ညောင်ပင်ထဲကို သွားပြီး ဝင်နေပါ။ ကျွန်တော်နဲ့ ခနတို့ရောက်လာကြပြီး ကျွန်တော်က အမေး

ပြုလာရင်…'နေပါလ…မင်းဟာ နေထက် အမည်နှစ်လုံးပိုနေတယ်။ ဒါကြောင့် အစုနှစ်စုရသင့်တယ်' …လို့ ဆုံးဖြတ်ပေးပါ အဖေ"

"ကောင်းပြီ…ငါ့ဘက်က သားပြောတဲ့အတိုင်း တာဝန်ကျေစေရမယ်"

တကယ်ဆို သားရဲ့လုပ်ရပ်ဟာ မှားနေတာချည်းပဲ။ ဒါကို ဘားမြစ်ဆုံးမသင့်ပါလျက်နဲ့ ဖခင်ကိုယ်တိုင်က လူမိုက်အားပေးလုပ်လာခဲ့ပြီဆိုတော့ ကောင်းနိုင်ပါတော့မလား။

မကြာခင်မှာပဲ နေပါလလည်း နေစောင့်ဆိုင်းနေတဲ့ နေရာကလေးဆီ ပြန်ရောက်လာခဲ့တယ်။

"သည်မယ်…နေ။ မင်းနဲ့ ငါ သည်လိုပဲ အငြင်းပွားနေလို့ကတော့ ကိစ္စပြတ်မှာမဟုတ်ဘူး။ သည်တော့ တန်ခိုးရှင်တစ်ပါးပါးရဲ့ အဆုံးအဖြတ်ကို နာခံရင် ကောင်းလိမ့်မယ်ထင်တယ်"

"မင်းက ဘယ်ကို သွားမှာတဲ့လဲ"

"ရွာထိပ်က ညောင်ပင်ကြီးဆီကိုလေ။ အဲသည်မှာ တန်ခိုးကြီးတဲ့ ရုက္ခစိုးရှိတယ်။ သားဆုပန်ရင် ပြည့်ဝသလို အမှုအခင်း, အရှုပ်အထွေးတွေကိုလည်းဖြေရှင်းပေးနိုင်တယ်"

"ကောင်းပြီလေ။ ဒါဆိုလည်း သွားကြတာပေါ့"

နေလည်း နေပါလစီစဉ်တာကို သဘောရိုးမှတ်ပြီး နေပါလနဲ့အတူ ရုက္ခစိုးရှိတယ်ဆိုတဲ့ ရွာထိပ်ညောင်ပင်ကြီးဆီ လိုက်ပါခဲ့တော့တယ်။

ရှာထိပ်ညောင်ပင်ကြီးရှိရာ ရောက်ခဲ့ကြပါပြီ။

သည်အခါ နေပါလလည်း သူကြိုတင်စီစဉ်ခဲ့တဲ့အတိုင်း ညောင်ပင်ကြီးကို အမွှေးနံ့သာတွေနဲ့ ပူဇော်ပသရင်း…

"အရှင်ရုက္ခစိုးနတ်မင်းကြီးခင်ဗျား…

ကျွန်တော့်နာမည်ဟာ 'နေပါလ'ဖြစ်ပါတယ်။ ကျွန်တော်နဲ့ပါလာတဲ့သူကတော့ 'ဓနေ'ပါ။ ကျွန်တော်တို့နှစ်ဦးဟာ စပ်တူစပ်မျှ ကုန်သွယ်ခဲ့ကြပါတယ်။ အဲသည်ကနေ အမြတ်အစွန်းတွေရလာတော့ ခွဲဝေယူကြမယ့်ကိစ္စမှာ အချင်းချင်း ဝိဝါဒကွဲပြီး နှစ်ဖက်အငြင်းပွားနေကြရပါတယ်"

လို့ တိုင်တည်လျှောက်ထားလိုက်ပါတယ်။ သည်တော့ ညောင်ခေါင်းထဲက အသံထွက်လာတယ်။

"ဘယ်လို ဝိဝါဒကွဲပြီး အငြင်းပွားကြတာတဲ့လဲ"

"ဒီလိုပါ ရုက္ခစိုးနတ်မင်း…

ကျွန်တော်မျိုး နေပါလက အမြတ်ငွေ သုံးစုပုံပြီး နှစ်ပုံယူမယ်ဆိုတာကို ဓနေက ခါးခါးသီးသီးကန့်ကွက်နေလို့ပါ။ အဲသည်အတွက် ပြဿနာကို ဖြေရှင်းပေးတော်မူပါ"

နေပါလရဲ့စကားဆုံးလို့ မကြာခင်မှာဘဲ သစ်ခေါင်းထဲက နေ အသံထွက်လာခဲ့တယ်။

"သည်ကိစ္စကို ဖြေရှင်းပေးရမယ်ဆိုရင် ဓနေဟာ အမြတ်ဝေစုတစ်စုသာ ရသင့်တယ်။ နေပါလကတော့ နာမည်အရေအတွက်နှစ်လုံးတောင် ပိုနေတဲ့အတွက် ဝေစုနှစ်စု ရသင့်တယ်။ ဒါဟာ ငါ့ရဲ့ ဆုံးဖြတ်ချက်ပဲ"

သစ်ခေါင်းထဲက အသံရပ်သွားတဲ့အခါ ခနေရဲ့စိတ်ထဲ သက်ာမကောင်းဖြစ်လာတယ်။ ရက္ခစိုးရဲ့ ဆုံးဖြတ်ချက်ဟာ ခနေပါလ ပြောခဲ့ဖူးတဲ့စကားနဲ့ အတော်ကလေးတူနေတယ်မဟုတ်လား။ ပြီး တော့ ရက္ခစိုးက စကားပြောတယ်ဆိုတာကို သည်တစ်ခါပဲ ကြား ဖူးတာ။

'မဟုတ်မှ…လွဲရော၊ ခကနှ ညောင်ပင်အခေါင်းထဲကို လူတစ်ယောက်ဝင်ပြီး ပြောတာဖြစ်လိမ့်မယ်။ ရက္ခစိုးအစစ် တော့ ဘယ်နည်းနဲ့မှ မဟုတ်ကို မဟုတ်နိုင်ဘူး'

ခနေလည်း အဲသည်လိုတွေးမိလျှင်တွေးမိချင်း အနီးအပါး မှာရှိတဲ့ ကောက်ရိုးတွေ၊ သစ်ရွက်ခြောက်တွေကို ပိုက်ပွေ့ယူ ဆောင်ပြီး သစ်ခေါင်းထဲကို ထည့်လို့ မီးရှို့လိုက်တယ်။ မီးတောက် မီးလျှံတွေ ထလာတဲ့အခါမှာတော့ သစ်ခေါင်းထဲမှာရှိနေတဲ့ ခနေ ပါလရဲ့ ဖခင်ဟာ ဘယ်လိုမှ မနေနိုင်တော့ဘဲ မီးစွဲတဲ့ဒဏ်ရာ တွေနဲ့ အပြင်ကို ထွက်လာရတော့တယ်။ အပြင်ရောက်တော့ ငိုကြီးချက်မနဲ့ အော်ဟစ်ပါလေရော…။

"အမယ်လေး…လေး။ လူမိုက်ဖြစ်တဲ့ ခနေပါလကို ဆုံးမ သွန်သင်ရမယ့်အစား အလိုတူအလိုပါ အားပေးအား မြှောက် ပြုမိလို့ ဒုက္ခရောက်ရပါပေါ့လား။ ကယ်ကြပါဦး အရပ်ကတို့"

သည်အသံကြောင့် အနီးအပါးက လူတွေ ထွက်လာကြ တယ်။ အကျိုးအကြောင်းသိရတော့ ခနေပါလတို့သားအဖကို ကဲ့ရဲ့ ရှုတ်ချကြတယ်။ သည်တော့မှ ခနေပါလလည်း သူ့အမှား သူသိ

ပြီး ခနကို အမြတ်ငွေဝေစု တစ်ဝက်တိတိပေးလိုက်ပါတော့တယ်။ အဲသည်နေ့ကစလို့ ခနလည်း...

"လူမိုက်ဆိုတာ ပေါင်းဖော်မှီခိုသင့်ဘူး။ ရှောင်မှ ရှားမှ"

ဆိုပြီး သီးခြားခွဲထွက်လို့ ကုန်ရောင်းကုန်ဝယ် ကုန်သွယ်အလုပ်ကိုလုပ်ရင်း ကြီးပွားချမ်းသာသွားပါသတဲ့။

ပုံပြင်ကလေးကတော့ ဒါပါပဲ။ လူမိုက်ရဲ့သဘောသဘာဝကို ရိပ်စားနားလည်ပြီး ကင်းဝေးအောင် ရှောင်နိုင်ကြပါစေ။

❋ ❖ ❋

နန္ဒာမိုးကြယ်



# ငနုံငအ

ဟိုး…တစ်ခါတုန်းက တောရွာဇနပုဒ်ကလေးတစ်ခုမှာ ဖိုးထင်ဆိုတဲ့ လူငယ်ကလေးတစ်ယောက်ရှိတယ်။ သူ့မိသားစုမှာ အဖေ မရှိတော့ပါဘူး။ အမေနဲ့အတူ ဘဝကို ဆင်းဆင်းရဲရဲဖြတ်သန်းနေရတာနဲ့အမျှ ကျောင်းနေသင့်တဲ့အရွယ်ရောက်တာတောင် ကျောင်းမနေခဲ့ရပါဘူး။ စာမတတ် ပေမတတ် ဘဝကိုဖြတ်သန်းရင်း ကာလသားပေါက်အရွယ်ကို ရောက်လာခဲ့တယ်ပေါ့။

ဖိုးထင်ဟာ အမေတစ်ခု သားတစ်ခုဘဝနဲ့ နေထိုင်ရင်း တစ်နေ့မှာတော့ အတွေးတစ်ခုဝင်လာခဲ့တယ်ဆိုပဲ။

"အင်း…သည့်ရွာမှာ သည်လိုပဲ ရရစားစားဘဝနဲ့ နေသွားရင် ဆင်းရဲတွင်းက လွတ်မှာမဟုတ်ဘူး။ လူတွေ

ပြောပြောနေကြတဲ့ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတဲ့ ထုံးကို နှလုံးမိုက်ပြီး မြို့ကိုတက်လို့ အလုပ်လုပ်ရရင် ကောင်းလိမ့်မယ်''

ဒါနဲ့ပဲ အမေဖြစ်သူကို ခွင့်ပန်လို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ရွာငယ်ဇနပုဒ်ကလေးကနေ ထွက်လာခဲ့တယ်။ အမေ လုပ်တဲ့သူက တားပါသေးတယ်။ ဒါပေမဲ့ ဆုံးဖြတ်ပြီးသားဖြစ်နေလေတော့ ခွင့်ပြုရတော့တာပါပဲ။

သည်လိုနဲ့ ဖိုးထင်ဟာ မြို့ကြီးတစ်မြို့ကိုရောက်ခဲ့ပြီး ကံကောင်းထောက်မစွာနဲ့ လုပ်ငန်းရှင်တစ်ဦးရဲ့ ခိုင်းဖတ်အဖြစ် အလုပ်ရခဲ့တယ်။ စာမတတ် ပေမတတ်တာမို့ သေစာရှင်စာလေးတောင် မဖတ်တတ်သူမို့ အလုပ်ရှင်ရဲ့ ဗာဟီရကိစ္စတွေ၊ တောက်တိုမည်ရတွေ၊ ခိုင်းရာသွား စေရာအလုပ်တွေ လုပ်ရတာပဲပေါ့။ ဒါပေမဲ့ ဘာတွေပဲလုပ်ရ လုပ်ရ ရွာမှာထက်တော့ အပုံကြီးသာတယ်ဆိုပြီး ဖိုးထင်ဟာ သူ့ဘဝကို သူကျေနပ်နေခဲ့တယ်။ ဘာပဲ ခိုင်းခိုင်း ခိုင်းသမျှကို မညည်းမညူ တာဝန်ကျေကျေ လုပ်ကိုင်ဆောင်ရွက်ပေးတတ်တာမို့ လုပ်ငန်းရှင်က ကျေနပ်တာပဲပေါ့။

သည်လိုနဲ့ နှစ်တွေကြာညောင်းလာလိုက်တာ ၅ နှစ်ကျော် ၆ နှစ်အတွင်းတောင် ရောက်လာခဲ့ပါရောလား။ သည်အခါမှာတော့ ဖိုးထင်လည်း ရွာမှာကျန်ရစ်ခဲ့တဲ့ အမေကိုလွမ်းလာခဲ့တယ်။ သည်အခါ အလုပ်ရှင်လဲည်း စာနာစိတ်နဲ့ ဖိုးထင်ကို ရွာပြန်ခွင့်ပေးလိုက်ပါတယ်။

"အင်း...မင်းလည်း ငါ့ဆီရောက်လာတာ ငါးနှစ်ကျော် ခြောက်နှစ်ထဲ ရှိပြီဆိုတော့ ရွာနဲ့ အမေကို လွမ်းတာ သဘာဝကျပါတယ်လေ။ မင်းပြန်မယ်ဆိုတာ မတားပါဘူး။ ခွင့်ပြုပါတယ်။ အလွမ်းပြေတဲ့အခါ ပြန်လာချင်စိတ်ရှိရင် ပြန်လာနိုင်ပါတယ်။ အေး...မင်းက အခုပြန်တော့မယ်ဆိုတော့ ငါ့ဆီမှာ အလုပ်လုပ်ခဲ့တဲ့အတွက် တန်ရာတန်ကြေးအဖြစ် ငွေသားစကြီး တစ်စပေးလိုက်မယ်။ အသုံးလိုတဲ့အခါ ဖဲ့ရောင်းပြီး သုံးစွဲပေါ့ မောင်ဖိုးထင်ရယ်"

"ဟုတ်ကဲ့ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျာ"

အလုပ်ရှင်က အင်မတန်ကြီးမားတဲ့ ငွေသားစကြီး ပေးလိုက်တော့ မောင်ဖိုးထင်အဖို့ သိပ်ကို ဝမ်းမြောက်ဝမ်းသာဖြစ်သွားခဲ့တာပေါ့။ ရွာကို ပြန်ရောက်တဲ့အခါ ငွေသားစကြီးကို ထုခွဲရောင်းချလိုက်ရှင် သားအမိနှစ်ယောက်ရဲ့စားဝတ်နေရေးမှာ သိပ်ကို အဆင်ပြေသွားမယ်မဟုတ်လား။ အမေကလည်း ငွေသားစကြီးကို မြင်ရရင် ဝမ်းမြောက်ဝမ်းသာဖြစ်မှာပါပဲလို့ တွေးရင်းပျော်နေမိတော့တယ်။

ဒါနဲ့ပဲ မြို့ကနေ ရွာရှိရာကို ဖိုးထင်လည်း ငွေသားစကြီးထမ်းလို့ ပြန်လာခဲ့တော့တယ်။ တစ်ရွာပြီးတစ်ရွာ ခြေလျင်ခရီးနှင်လာရင်းက ကြာတော့ မောမန်းလာပြီး သစ်ပင်ကြီးတစ်ပင်အောက်ရောက်တဲ့အခါ အပင်ခြေရင်းမှာ အမောဖြေလိုက်ပါတယ်။ အဲသည်အချိန်မှာ လူတစ်ယောက်ဟာ မြင်းညိုကြီးကို ဟန်ကျပန်ကျစီးရင်း သူ့တည့်တည့်ကို လာနေတယ်။

"ဟာ…သည်လူကို ကြည့်ရတာ တယ်လည်း ဟန်ကျ ပန်ကျရှိလှပါကလား။ ခုနေ ငါ့မှာသာ သူလိုမြင်းကြီးရှိရင် အညှောင်းခံလမ်းလျှောက်စရာမလိုဘဲ သူ့လိုဇိမ်ရှိရှိနဲ့ မြင်းကြီးကိုစီးပြီး ရွာကို ပြန်နိုင်တာပေါ့"

အဲသည်လို ဖိုးထင်ရဲ့တောင့်တောင့်တတဲ့အနဲ့ ညည်းတွား လိုက်တဲ့အသံကို ကြားရတော့ မြင်းပိုင်ရှင်ဟာ မြင်းကို တုံ့ခနဲ ရပ်လိုက်ပြီး…

"ဟော့…မင်းက ဘာဖြစ်လို့ စီးနင်းစရာမရှိဘဲနဲ့ ခြေကျင် သွားနေရတာလဲကွ"

လို့ မေးလိုက်တယ်။

"ပြော…မပြောချင်ပါဘူးဗျာ။ ဟောဒီမှာ ငွေသားစ အချောင်းကြီးကိုတွေ့တယ်မဟုတ်လား။ အဲဒါ ကျုပ်မြို့မှာ ခြောက်နှစ်လောက်အလုပ်လုပ်ခဲ့လို့ ရလာတာဗျ။ ဒါကြီး ကို ထမ်းလာရတာ လေးလွန်းလို့ ညည်းနေရတာ။ ကျုပ် မှာက ခင်ဗျားလို မြင်းမှ မရှိဘဲလေ။ သည်တော့ ကိုယ့် ခြေထောက်ပဲ ကိုယ် အားကိုးနေရတာပေါ့"

စကားပြောဆိုကြည့်လိုက်တဲ့အခါ ဖိုးထင်ဟာ နုံနုံအအ မှန်း မြင်းရှင်သိသွားတော့တယ်။ ဒါနဲ့ ဲ…

"ဒါများကွာ အလွယ်ကလေးပါ။ မင်း ငါ့မြင်းကြီးကို မလိုချင်ဘူးလား"

"လိုချင်တာပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားမြင်းကြီးက ဈေး ကြီးမှာပေါ့"

"ဈေးကြီးလည်း ကိစ္စမရှိပါဘူးကွာ။ မင်း ဒုက္ခခံစားနေရတာ သနားလို့ပါ။ သည်တော့ မင်းထမ်းလာတဲ့ ငွေသားစနဲ့ ငါ့မြင်းကြီးကို လဲမယ်လေ"

"ခင်ဗျား တကယ်ပြောတာနော်"

"ဟ…တကယ်ပြောတာပေါ့။ ငါ့မြင်းက အင်မတန်လိမ္မာတာ။ မင်းမြန်မြန်သွက်သွက်စီးချင်ရင် ပါးစပ်ကနေ 'ဟိုင်း…ရား' လို့ အော်လိုက်ရုံပဲ။ အတော်သွက်တဲ့ကောင်"

"ဒါဆို လဲမယ်ဗျာ။ ရော့…ကျုပ်ရဲ့ ငွေသားစရှောင်း"

အပေးအယူတည့်သွားပြီမို့ မြင်းပေါ်ကလူလည်း မြင်းပေါ်က ခုန်ဆင်းလို့ မြင်းနဲ့ ငွေသားစကို လဲယူလိုက်တော့တယ်။

ဖိုးထင်လည်း ကျေနပ်အားရစွာနဲ့ပဲ မြင်းကျောပေါ် တက်ခွလို့ ဖြည်းဖြည်းချင်း စီးသွားတာပဲပေါ့။ စိတ်ထဲမှာလည်း အတော်ကို ဘဝင်ကျလို့ပေါ့။

"ဟာ…မေ့နေလိုက်တာ။ မြင်းရှင်က ခပ်မြန်မြန် ခပ်သွက်သွက်စီးချင်ရင် 'ဟိုင်း…ရား' လို့ အော်ရမတဲ့။ ခပ်သွက်သွက်ကလေး စီးမှ ရွာကို ခပ်မြန်မြန်ရောက်မှာ"

ဒါနဲ့ ဖိုးထင်လည်း ပါးစပ်ကနေ 'ဟိုင်း…ရား'၊ 'ဟိုင်းရား' လို့ အဆက်မပြတ်အော်တော့တယ်။ သည်အခါ မြင်းလည်း ကဆုန်ပေါက်ပြေးပြီးတဲ့နောက် ပဒပ်ရပ်လိုက်တဲ့အခါ ဖိုးထင်ခမျာ မြင်းပေါ်က ပြုတ်ကျပြီး ဒူးတွေပေါင်တွေတောင် ပွန်းပဲ့သွားလေရဲ့။ မြင်းက ဆက်ပြေးမယ်ဖြုပြုနေပါသေးတယ်။ သည်အချိန်မှာ နွားမတစ်ကောင်ကို ဆွဲလာတဲ့လူတစ်ယောက်က မြင်းရဲ့ ဇက်ကြိုးကို ဆွဲထားပေးလို့ လွတ်မသွားတာ။

"ဟော့လူ…ခင်ဗျား မြင်းမစီးတတ်ဘူးလား"

"မစီးတတ် စီးတတ်ပဲဗျာ။ ဒါပေမဲ့ ဒီမြင်းက အသုံးမကျ ဖါဘူး။ သင်းကြောင့် ကျုပ်ရဲ့ တံတောင်ဆစ်နဲ့ ဒူးတွေ ပွန်းပဲ့ကုန်ပြီ"

"ဒါဆိုရင် ဟောဒီ ကျုပ်ရဲ့ နို့စားနွားမနဲ့ လဲမလား။ ကျုပ်နွားမက နို့ထွက်သိပ်ကောင်းတာဗျ"

"ဟုတ်လား။ ဒါဆို လဲတာပေါ့ဗျာ။ ကိုယ်လည်း နွားနို့ သောက်ရ၊ ရောင်းလည်း စားရနဲ့"

ဒါနဲ့ပဲ ဖိုးထင်ဟာ သူ့မြင်းနဲ့ တစ်မက်လူ့ရဲ့ နွားမကို လဲလိုက်ပါတယ်။ နွားရှင်လည်း ဝမ်းသာအားရနဲ့ ဖိုးထင်ကို နွားကြိုးပစ်ပေးလိုက်ပြီး မြင်းပေါ်တက်ခွလို့ ကဆုန်စိုင်း ထွက်သွားပါတော့တယ်။ ဖိုးထင်လည်း နွားကြိုးကိုဆွဲပြီး ခရီးဆက်ခဲ့တာပေါ့။ သည်အချိန်မှာ နေလုံးကြီးလည်း တရိပ်ရိပ်တက်လာပြီး ကျောကော့အောင် အပူဓာတ်တွေ ထုတ်လွှင့်နေပါပြီ။ သည်အပူဒဏ်ကြောင့်ပဲ ဖိုးထင်လည်း ရေဆာလာတယ်။ ဒါပေမဲ့ သောက်စရာရေက မရှိဘူး။

"ဟာ…ငါ့နှယ်နော်။ အ,လိုက်တာ။ နို့စားနွားမ ပါလာတဲ့ ဥစ္စာ။ ရေတော်လည်း ဘာအရေးလဲ။ နို့ညှစ်ပြီး သောက်လိုက်ရင် ရေငတ်ပြေရုံမက အားလည်း ရှိလိုက်မယ့် ဖြစ်ချင်း"

ဒါနဲ့ နွားမကို သစ်ပင်တစ်ပင်မှာ ချည်လိုက်တယ်။ ပြီးတော့ ခေါင်းက ဦးထုပ်ကို ချွတ်လို့ နို့ခံရအောင် နို့အုံမှာ တေ့ရင်း

နို့ညှစ်တော့တယ်။ ဒါပေမဲ့ နို့ချရိန်မဟုတ်သေးတာမို့ တစ်စက်ကလေးမှ နို့ထွက်မလာပါဘူး။ ဒါ့အပြင် နွားမဟာ သခင်မဟုတ်မှန်းသိလို့ နောက်ခြေနဲ့ ကန်လိုက်တဲ့အခါ ဖိုးထင်လည်း ပက်လက်လန်သွားခဲ့တာပေါ့။ အဲသည်အချိန်မှာ ဘဲငန်းကြီးပိုက်လာတဲ့ လူတစ်ယောက် ရောက်လာတယ်။ ပြီးတော့ ဖိုးထင်ရဲ့ အဖြစ်ကို မေးမြန်းစပ်စုတော့တယ်။ ဖိုးထင်လည်း နုံနုံအအဆိုတော့ အဖြစ်မှန်တွေကို မခြွင်းမချန် ပြောပြတော့တာပေါ့။ သည်အခါမှာ ဘဲငန်းပိုင်ရှင်လည်း ဖိုးထင်ကို လှည့်ဖြားလို့ရတဲ့ ငတုံးအေမှန်း သိသွားပါတော့တယ်။ ဒါကြောင့်ပဲ နွားမကို ရယူလိုစိတ်နဲ့ လှည့်ဖြားပါတော့တယ်။

"ဟေ့လူ…ခင်ဗျားတော့ ပြဿနာပဲ"

"ဘာဖြစ်လို့တုံး…ဗျ"

"ဘာဖြစ်ရမလဲ။ ခင်ဗျားဆွဲလာတဲ့ နွားမဟာ ရှာကမပျောက်သွားတဲ့ နွားမဗျ။ ပိုင်ရှင်တွေ လိုက်ရှာနေတယ်။ မိလို့ကတော့ ခင်ဗျားတော့ ရုံးရောက် ဂါတ်ရောက်နဲ့ ထောင်ကျဦးတော့မှာပဲ"

"အလိုလေး…ဒုက္ခပါပဲ။ ကျုပ် တကယ်မခိုးပါဘူးဗျာ။ ကယ်နိုင်ရင် ကယ်ပါဦး"

"ဒါဆို…ဟောဒီ ကျုပ် ဘဲငန်းကြီးနဲ့ လဲပြီး ယူသွားပေတော့။ ကျုပ်က မြန်မြန်ခရီးဆက်မှာဆိုတော့ သူတို့ မမီလောက်ပါဘူး"

"ကျေးဇူးကြီးလှပါပေ့ဗျာ"

ဖိုးထင်လည်း ကံကောင်းထောက်မလို့ဆိုပြီး ကျေကျေနပ်နပ်နဲ့ပဲ ဘဲငန်းကြီးပိုက်ပြီး ခရီးဆက်ခဲ့ပါတော့တယ်။ ရွာကလည်း ရောက်ဖို့ နည်းနည်းလိုသေးတယ်။

အဲသည်အချိန်မှာပဲ ဓားသွေးကျောက်တုံးကြီးထမ်းပြီး သီချင်းကလေးတကြော်ကြော်ဆိုရင်း လျှောက်လာတဲ့သူနဲ့ ဆုံမိတယ်။

"ဟေ့လူ…ကျောက်တုံးကြီး ထမ်းလာရတာတောင် သီချင်းကလေးတကြော်ကြော်နဲ့ အတော့်ကို ပျော်နေပါကလား"

"ပျော်တာပေါ့ဗျာ။ ဒီကျောက်တုံးဟာ ကျုပ်အတွက်တော့ ငွေတုံးငွေခဲပဲ။ ရွာထဲဝင်တာနဲ့ 'ဓားသွေး ကတ်ကြေးသွေး' လို့ အော်လိုက်ရင် လူတွေဟာ ကျုပ်ဆီလာပြီး သူတို့ရဲ့ ဓားတွေ၊ ကတ်ကြေးတွေကို သွေးကြတော့တာပဲ။ သည်အခါ ငွေစကြေးစတွေ ကျုပ်အိတ်ထဲ ဖင်လာကြတော့တာပဲ"

"တယ်ဟုတ်ပါကလားဗျာ။ ခင်ဗျားရဲ့ဓားသွေးကျောက်ကို လိုချင်စမ်းပါဘိ"

"သည်လိုဆို ခင်ဗျားရဲ့ ဘဲငန်းကြီးနဲ့ လဲမလား"

"လဲမယ် လဲမယ် သိပ်ကို လဲမယ်"

ဒါနဲ့ပဲ ဖိုးထင်ဟာ ဘဲငန်းကြီးနဲ့ ကျောက်တုံးကြီးကို လဲလိုက်တယ်။ စိတ်ထဲမှာလည်း ငါလိုလူ ဇမ္ဗူမှာ ရှိသေးပါရဲ့လားလို့ မော်လို့၊ ကြွားလို့ပေါ့။ သည်လိုနဲ့ ခရီးဆက်လာရင်းက ဝါးတံတားလေးထိုးထားတဲ့ ရေကန်တစ်ကန်ကို သွားခနဲတွေ့

လိုက်ရတယ်။ ရေကလည်း ဆာလာတာမို့ ကျောက်တုံးကိုထမ်းရင်း ဝါးတံတားအစွန်းဘက်လျှောက်သွားပြီး ရေကို ငုံ့သောက်လိုက်တယ်။ သည်အခါ ကျောက်တုံးဟာ မမျှော်လင့်ဘဲ ရေထဲကို ဗွမ်းခနဲပြုတ်ကျသွားတော့တယ်။ ရေကလည်း တော်တော်နက်တယ်ထင်ရဲ့။ ခြေထောက်လို့တောင် မမီဘူး။

သည်တော့ ဖိုးထင်ဟာ ကန်စပ်ကိုပြန်တက်ပြီး လက်ခမောင်းခတ်တော့တာပဲ။

"အမယ်လေး...လေး။ ခုမှပဲ လေးပင်ကွဲဝန်တွေ ထမ်းလာရတာ ပေါ့သွားတော့တယ်။ ငါ့လောက် ကံကောင်းတဲ့သူ ဒီဇမ္ဗူမှာ ရှိပါသေးရဲ့လား။ ပျော်လိုက်တာ ပျော်လိုက်တာ"

အဲသည်လိုဟစ်ကြွေးရင်း သူ့ရဲ့ရွာလမ်းအတိုင်း ဝင်သွားပါတော့တယ်။

ပုံပြင်ကလေးကတော့ ဒါပါပဲ။

သည်ပုံပြင်ကလေးကို အနှစ်ချုပ်ကြည့်ရင် အသိပညာချွတ်ယွင်းတဲ့သူဆိုတာ အမှားအမှန်ကို မခွဲခြားတတ်။ ကိုယ့်ပစ္စည်းကို ကိုယ်တန်ဖိုးထားရကောင်းမှန်းမသိ။ နောက်ဆုံး ကိုယ်ပိုင်ဆိုင်တာတွေတောင် လက်လွှတ်ဆုံးရှုံးရတယ်ဆိုတဲ့ သင်ခန်းစာယူဖို့မကောင်းလားကွယ်။

သားတို့ သမီးတို့လည်း ဖိုးထင်လို နုံနုံအအ မဖြစ်စေရအောင် ငယ်စဉ်ကတည်းက ပညာမှန်သမျှ လေ့လာဆည်းပူးနိုင်ကြပါစေကွယ်။

❖ ❖ ❖